# ရပ်ရွာလူထုများနှင့် အရပ်ဖက်အဖွဲ့အစည်းများအတွက် သဘာဝပတ်ဝန်းကျင် စောင့်ကြည့်မှတ်တမ်းတင်ခြင်းလက်စွဲ



EARTHRIGHTS INTERNATIONAL

# ရပ်ရွာလူထုများနှင့်
# အရပ်ဖက်အဖွဲ့အစည်းများအတွက်
# သဘာဝပတ်ဝန်းကျင်
# စောင့်ကြည့်မှတ်တမ်းတင်ခြင်းလက်စွဲ

ဤလက်စွဲစာအုပ်သည် လက်တွေ့ကျသော စာရွက်စာတမ်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံရှိ အခြေအနေပြောင်းလဲမှုများအပေါ် မူတည်၍ အခါအားလျော်စွာ ခေတ်နှင့်အညီ မွမ်းမံပါမည်။ အထူးသဖြင့် သတ္တုတူးဖော်ရေးလုပ်ငန်းများအပေါ် သယံဇာတ ထုတ်ယူမှုကို စောင့်ကြည့်လေ့လာမည့်သူများအတွက် သိသာထင်ရှားသောစိန်ခေါ်မှုများရှိသည့် မြန်မာနိုင်ငံအတွက်သာ ရည်ရွယ်ပြီး၊ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေအရ လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကို များစွာထည့်သွင်းစဉ်းစားဖော်ပြထားပါသည်။

ဤလက်စွဲစာအုပ်ကို EarthRights International မှထုတ်ဝေပါသည်။

ထုတ်ဝေသည့်နေရာ – ထိုင်းနိုင်ငံ

ထုတ်ဝေသည့်ခုနှစ် – ၂၀၂၃

# မာတိကာ


၁။ အတိုကောက်ဝေါဟာရများ.......................................................................၁

၂။ ဤလက်စွဲစာအုပ်၏နောက်ခံအကြောင်း........................................................ ၂

၃။ အကြောင်းအရာ .........................................................................................၄

၄။ အဓိကစောင့်ကြည့်ရေးနည်းလမ်းများ .......................................................၅

၅။ မြန်မာနိုင်ငံတွင် သယံဇာတထုတ်ယူမှု ......................................................၁၀

(၅.၁) ရွှေတူးဖော်ခြင်း ....................................................................................၁၁

(၅.၂) သံဖြူ သတ္တုတူးဖော်ခြင်း ..................................................................၁၂

(၅.၃) မြေရှားသတ္တုတူးဖော်ခြင်း.....................................................................၁၂

(၅.၄) သစ်ထုတ်လုပ်မှု ....................................................................................၁၃

၆။ လုံခြုံရေးဆိုင်ရာထည့်သွင်းစဉ်းစားရမည့်အရာများနှင့် အန္တရာယ်လျှော့ချရေး .........၁၅

(၆.၁) ရပ်ရွာလူထုများအတွက် လုံခြုံရေးဆိုင်ရာ စဉ်းစားချက်များ -
အန္တရာယ်များနှင့်လျှော့ချရေး အစီအမံများ ........................................... ၁၇

(၆.၂) အရပ်ဖက်အဖွဲ့အစည်း (CSOs) များအတွက် လုံခြုံရေးထည့်သွင်း
စဉ်းစားချက်များ- ရပ်ရွာများနှင့်ဆက်သွယ်မှု၊ အချက်အလက်များ
စုစည်း သိမ်းဆည်းခြင်း- အဓိကအန္တရာယ်များ /လျှော့ချရေး အစီမံများ.........၁၉

(၆.၃) တိုက်တွန်းလှုံ့ဆော်ရေးအတွက် လုံခြုံရေးဆိုင်ရာထည့်သွင်း
စဉ်းစားချက်များ- အဓိက အန္တရာယ်များ/ လျှော့ချရေးအစီအမံများ............... ၂၃

၇။ သဘာဝပတ်ဝန်းကျင် စောင့်ကြည့်မှတ်တမ်းတင်ခြင်းအတွက် နည်းလမ်းများ .........၂၅

(၇.၁) စီမံကိန်းထိခိုက်မှုပြအချိန်ဇယား - စီမံကိန်းတစ်ခုအား
ကာလအပိုင်းအခြားအလိုက် မှတ်တမ်းတင်ခြင်း.........................................၂၉

(၇.၂) ရပ်ရွာဦးဆောင်သည့်စဉ်ဆက်မပြတ် ပတ်ဝန်းကျင်စောင့်ကြည့်
မှတ်တမ်းတင်ခြင်း.......................................................................................၃၉

(၇.၃) ပူးပေါင်းပါဝင်မှုဖြင့် မြေပုံရေးဆွဲမှတ်တမ်းတင်ခြင်း
(Participatory Mapping)..........................................................................၅၃

(၇.၄) အဝေးထိန်းစနစ်ဖြင့်ခြေရာခံစောင့်ကြည့်ခြင်း (Remote Sensing) ........... ၅၇
(၇.၅) ရင်းနှီးမြှုပ်နှံမှုစီမံကိန်းနှင့် ပါဝင်ဆက်စပ်သူများ၏ အချက်အလက်များ
သုတေသန (Desktop Stakeholder Research) .......................................၆၃
(၇.၆) ငွေကြေးစီးဆင်းမှုကို နောက်ယောင်ခံခြင်း (Follow the Money) ............... ၆၅
နောက်ဆက်တွဲ (၁) မလိခမြစ်တွင်းမှ ရွှေတူးဖော်ရေးလုပ်ငန်းများကို လေ့လာခြင်း ..... ၇၀
နောက်ဆက်တွဲ (၂) စီမံကိန်းထိခိုက်မှုပြအချိန်ဇယားတစ်ခုပြုစုရန် လိုအပ်သည့်
အချက်အလက်များစာရင်း.......................................................... ၇၆
နောက်ဆက်တွဲ (၃) ဆက်လက်စောင့်ကြည့်မှတ်တမ်းတင်မှုစာရင်း .......................... ၈၇
နောက်ဆက်တွဲ (၄) သတ္တုတူးဖော်ရေးအမျိုးအစားကွဲများ၏
အသေးစိတ်ထိခိုက်မှုများ ......................................................... ၁၀၁

## ၁။ အတိုကောက်ဝေါဟာရများ

| | |
|---|---|
| CBO | ရပ်ရွာအခြေပြုအဖွဲ့အစည်းများ |
| CNRM | ရပ်ရွာသဘာဝသယံဇာတစီမံခန့်ခွဲမှု |
| CSO | အရပ်ဖက်အဖွဲ့အစည်း |
| EIA | ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း |
| EHRDs | သဘာဝပတ်ဝန်းကျင်နှင့်လူ့အခွင့်အရေးကာကွယ်သူများ |
| Environmental defenders | ရပ်ရွာအုပ်စုများ၊အရပ်ဖက်အဖွဲ့အစည်းများ၊ သဘာဝ ပတ်ဝန်းကျင်ကွန်ယက်များ၊ အမျိုးသမီးအခွင့်အရေးကာကွယ်သူများ၊ တက်ကြွလှုပ်ရှားသူများနှင့် မြေယာ၊သစ်တောနှင့် ဂေဟ စနစ်များကိုကာကွယ်ရန် သို့မဟုတ် ထိန်းသိမ်းရန် လုပ်ဆောင်နေ ကြသည့် အခြားသူများနှင့် ထိုသဘာဝစနစ်များ အပေါ်အမှီပြု နေထိုင်နေကြသည့် ရပ်ရွာ အသိုင်းအဝန်းများကိုရည်ညွှန်းပါသည်။ |
| NGO | အန်ဂျီအို (အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ) |
| WHRDs | အမျိုးသမီးအခွင့်အရေးကာကွယ်သူများ |

## ၂။ ဤလက်စွဲစာအုပ်၏နောက်ခံအကြောင်း

ဤလက်စွဲစာအုပ်သည် မြန်မာနိုင်ငံတွင်ဒေသအလိုက်ဖြစ်ပွားနေသည့် သဘာဝပတ်ဝန်းကျင်နှင့် မြေယာအခြေခံပြဿနာများကို မှတ်တမ်းတင်ရန်လွယ်ကူရိုးရှင်းသည့် နည်းလမ်းပုံစံများကို ဖော်ပြပေးထားပါသည်။ ဤစာအုပ်သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများအတွက် သဘာဝပတ်ဝန်းကျင်၊လူမှုရေးနှင့် ဂျန်ဒါအခြေပြုထိခိုက်မှုများအပါအဝင် ရပ်ရွာအသိုင်းအဝန်းများကို ဆိုးဝါးစွာထိခိုက်စေသည့် မြေယာနှင့်သယံဇာတထုတ်ယူမှုများကို စောင့်ကြည့်လေ့လာရန် လမ်းညွှန်မှုများ၊ အမှီအငြမ်းများကို ရှင်းလင်းဖော်ပြပေးထားပါသည်။ ဤစာအုပ်သည် မြန်မာနိုင်ငံအတွင်း လက်ရှိလူမှုရေးနှင့်နိုင်ငံရေး အခြေအနေတွင် လက်တွေ့ကျသော ရပ်ရွာအခြေပြုစောင့်ကြည့်မှုနှင့်မှတ်တမ်းတင်မှုပုံစံ ရွေးချယ်စရာနည်းနာများကို ပေးနိုင်ရန် ရည်ရွယ်ပါသည်။

ဤလက်စွဲစာအုပ်၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားဆိုသည်မှာ ရပ်ရွာအုပ်စုများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ သဘာဝပတ်ဝန်းကျင်ကွန်ရက်များ၊ အမျိုးသမီးအခွင့်အရေး ကာကွယ်သူများ၊ တက်ကြွလှုပ်ရှားသူများနှင့် မြေယာ၊သစ်တောနှင့်ဂေဟစနစ်များကို ကာကွယ်ရန် သို့မဟုတ် ထိန်းသိမ်းရန် လုပ်ဆောင်နေကြသည့် အခြားသူများနှင့် ထိုသဘာဝစနစ်များ အပေါ်အမှီပြုနေထိုင်နေကြသည့် ရပ်ရွာအသိုင်း အဝန်းများကို ရည်ညွှန်းပါသည်။

ဤစာအုပ်သည် ပြီးပြည့်စုံသည့် လက်စွဲစာအုပ်တစ်အုပ်မဟုတ်ပါ။ ဤစာအုပ်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားများအနေဖြင့် ၎င်းတို့တွင်ရှိသော အရင်းအမြစ်များနှင့်အညီ နဂိုရှိနှင့်ပြီးသား မြေယာနှင့်သယံဇာတထုတ်ယူမှုစောင့်ကြည့်ရေး လက်တွေ့နည်းနာများကို ဖြည့်စွက် အသုံးပြုနိုင်ရန် နည်းလမ်းများကို ဖော်ပြထားပါသည်။

ဤစာအုပ်၏ ရည်ရွယ်ချက်များမှာ

- သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများ ဆောင်ရွက်နေသော လက်ရှိ မြေယာနှင့် သယံဇာတ စောင့်ကြည့်ရေးလုပ်ငန်းများကို ပံ့ပိုးကူညီရန်။
- သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများအတွက် သဘာဝပတ်ဝန်းကျင်၊လူမှုရေး၊ ဂျန်ဒါဆိုင်ရာ ထိခိုက်မှုများကို ခြေရာခံ စောင့်ကြည့်နိုင်ရန် နည်းလမ်းများကို ဖော်ထုတ်ရန်။
- စောင့်ကြည့်စစ်ဆေးမှုစာရင်းအပါအဝင် သဘာဝပတ်ဝန်းကျင်စောင့်ကြည့်ခြင်း လုပ်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများ အနေဖြင့် လိုအပ်မည့် အခြေခံအရင်းအမြစ်များကို ရှင်းလင်းဖော်ပြရန်။
- အန္တရာယ်အကဲဖြတ်နည်းများ၊ ပိုမိုလုံခြုံသည့် စောင့်ကြည့်ခြင်းများ လုပ်ဆောင်နိုင်ရန် လမ်းညွှန်ချက်ပေးရန်။
- တိုက်တွန်းလှုံ့ဆော်ရေးနှင့်အနာဂတ်အသွင်ကူပြောင်းရေးကာလတရားမျှတမှုဆိုင်ရာ လုပ်ငန်းစဉ်များအတွက် သက်သေအထောက်အထားအခြေခံ တစ်ခုအဖြစ် မှတ်တမ်းပြုစုထားနိုင်ရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သမားများအား ကူညီပေးရန်။
- ပတ်ဝန်းကျင်စောင့်ကြည့်ရေးလုပ်ငန်းများစီစဉ်ရာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသူများအား စေ့စပ်သေချာသည့် စောင့်ကြည့်စစ်ဆေးမှုစာရင်းများ ထောက်ပံ့ပေးရန်။

## ၃။ အကြောင်းအရာ

ဤလက်စွဲစာအုပ်တွင် အောက်ပါအကြောင်းအရာတို့ကိုဖော်ပြထားပါသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများမှ မိမိတို့ဒေသတွင်းဖြစ်ပေါ်နေသည့် သဘာဝ ပတ်ဝန်းကျင် နှင့် လူမှုထိခိုက်နစ်နာမှုများကို စောင့်ကြည့်၊မှတ်တမ်းတင် နိုင်ရန် နည်းလမ်းပုံစံများ ၎င်းတို့တွင် (လုံခြုံပါက) မြေပြင်ကွင်းဆင်းစောင့်ကြည့် ခြင်းနည်းများအပြင်၊ အဝေးထိန်းစနစ်ဖြင့် ခြေရာခံခြင်းများလည်းပါဝင်သည်။

စီမံကိန်းတွင်ပါဝင်ပတ်သက်သူများကို စီစစ်ဖော်ထုတ်ရန် နည်းလမ်းများအပြင် နောင်ဖြစ်လာမည့် ထိခိုက်မှုများကိုလျှော့ချရန်နှင့် နစ်နာမှုများကိုဖြေရှင်းရန် အသုံးပြု၍ရနိုင်မည့် အဓိကအထောက်အကူပြုနိုင်မည့် အချက်များကိုလည်း ရှာဖွေ ဖော်ထုတ်ဖော်ရန် နည်းလမ်းများပါဝင်ပါသည်။

**စောင့်ကြည့်မှတ်တမ်းတင်ခြင်း**လုပ်ဆောင်စဉ် အန္တရာယ်များကို ချင့်တွက်နိုင်ရန်နှင့် လျှော့ချရန် ဘေးကင်းလုံခြုံရေး အကြံပြုချက်တစ်ခု လည်းပါဝင်ပါသည်။

ဤမတူညီသောနည်းလမ်းများကို အသုံးပြုခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးသမားများ သည် စီမံကိန်းများဆိုင်ရာ အချက်အလက်များကိုပိုမိုရရှိလာနိုင်ပြီး၊ ထိခိုက်မှုများကို စောင့်ကြည့်မှတ်သားကာ တိုက်တွန်းလှုံ့ဆော်ရေးဗျူဟာများကို စဉ်းစားနိုင်ပါသည်။

## ၄။ အဓိကစောင့်ကြည့်ရေးနည်းလမ်းများ

- **ရပ်ရွာစောင့်ကြည့်မှတ်တမ်းတင်ခြင်းနည်း။** ။ရပ်ရွာအဖွဲ့များသည် သဘာဝပတ်ဝန်းကျင်၊ လူမှုရေး၊ ဂျန်ဒါနှင့်ယဉ်ကျေးမှုဆိုင်ရာ ထိခိုက်များပြောင်းလဲလာမှုများကို တိုက်ရိုက်ကြုံတွေ့လေ့လာကြသည်။ ၎င်းတွင် ယခင်ကြုံတွေ့ခဲ့ပြီးသည့်ထိခိုက်မှုများ၊ ယခုနေ့စဉ်ဆက်လက် ဖြစ်ပေါ်နေသည့် အပြောင်းအလဲများပါဝင်ပါသည်။ ရပ်ရွာ စောင့်ကြည့်မှတ်တမ်းတင်ခြင်းနည်းမှာ စုံစမ်းစစ် ဆေးမှုများပြုလုပ်ခြင်းထက် ဒေသဆိုင်ရာ အတွေ့အကြုံများအပေါ် အခြေခံပြီး သိုသိပ်စွာ ပြုလုပ်သင့်ပါသည်။ ရပ်ရွာများအနေဖြင့် တွေ့ကြုံရသည့်အခြေအနေများကို စာဖြင့်ရေးသားထားခြင်း၊ ဓါတ်ပုံမှတ်တမ်းများယူထားခြင်းများ ပြုလုပ်နိုင်သလို ၎င်းတို့အား စုပေါင်းအသိပညာတစ်ခုအနေဖြင့် မှတ်သားထားနိုင်ပါသည်။
- **ရပ်ရွာစောင့်ကြည့်မှတ်တမ်းတင်ခြင်းအားမှတ်တမ်းပြုစုခြင်း။** ။ အရပ်ဖက်အဖွဲ့အစည်းများသည် ရပ်ရွာ စောင့်ကြည့်မှတ်တမ်းတင်ခြင်းတွေ့ရှိချက်များကို ဘေးကင်းလုံခြုံပြီး စနစ်တကျ မှတ်သား ထားရန် ရွာသူရွာသားများအား ကူညီပံ့ပိုးပေးပါသည်။ ဤနည်းဖြင့် ရပ်ရွာတွင်း အသိပညာများကို စုပေါင်းကာ တိုက်တွန်းလှုံ့ဆော်ရေးအတွက် ပိုမိုလွယ်ကူသည့် ပုံစံတစ်ခုအဖြစ် အသုံးပြုနိုင်သည်။ ၎င်းတွင် အတိတ်ကဖြစ်ပြီးသား ထိခိုက်မှုနှင့် ဆက်လက်ဖြစ်ပေါ်နေသည့် ထိခိုက်မှုအား စောင့်ကြည့်သည့် အချက်အလက် နှစ်မျိုးပါဝင်ပါသည်။
- **မြေပုံဆွဲခြင်း။** ။ဘေးကင်းပြီး အလားအလာရှိသောနေရာတွင် မြေပုံဆွဲခြင်းနည်းလမ်းသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားများအတွက် ၎င်းတို့၏မြေယာပိုင်ဆိုင်ခွင့်နှင့် သယံဇာတများ၊ ၎င်းတို့နယ်မြေအတွင်း ကျူးကျော်ဝင်ရောက်လာမှုများ၊ သို့မဟုတ် မြေယာအသုံးပြုခွင့်ပုံစံ ပြောင်းလဲလာသည့် ရာဇဝင်များကို မှတ်တမ်းတင်ရန် အသုံးဝင်သည့် နည်းလမ်းတစ်ခုဖြစ်သည်။ ဤနည်းအား မြေယာပိုင်ဆိုင်မှု၊သဘာဝသယံဇာတသုံးစွဲမှုများ ခိုင်မာလာအောင် အသုံးပြုနိုင်သည့်အပြင် လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင်

အပြောင်းအလဲများကို နားလည်သဘောပေါက်ပြီး မှတ်တမ်းတင်ရန် နည်းလမ်းကောင်းတစ်ခုအဖြစ်လည်း အသုံးပြုနိုင်သည်။

- **အဝေးထိန်းစနစ်ဖြင့်ခြေရာခံစောင့်ကြည့်ခြင်း။** ။ အဝေးထိန်းစနစ်ဖြင့်ခြေရာခံစောင့်ကြည့်ခြင်း (ဥပမာ ဂြိုလ်တုဓါတ်ပုံများစုဆောင်းခြင်း) နည်းအားအင်တာနက် အတော်အသင့်ကောင်းမွန်ပြီး လုံခြုံသောနေရာတစ်ခုမှ လုပ်ဆောင်နိုင်သည်။ ၎င်းအား ရပ်ရွာလူထုများသွားလာ၍ မရသည့်နေရာများအပါအဝင် ရပ်ရွာစောင့်ကြည့်ရေးလုပ်ငန်းစဉ်အား ဖြည့်စွက်ပံ့ပိုးကူညီရန် အရပ်ဖက်အဖွဲ့အစည်းများမှ လုပ်ဆောင်နိုင်သည့် နည်းလမ်းတစ်ခုဖြစ်သည်။ ဤနည်းဖြင့် အချိန်နှင့်အမျှပြောင်းလဲမှုများကို မှတ်တမ်းတင်နိုင်သည့်အပြင် လက်ရှိမြေယာအသုံးပြုမှု ဆိုင်ရာပြောင်းလဲမှုများကို ဖော်ထုတ်ရန် ကူညီပေးနိုင်သည်။
- **ရင်းနှီးမြှုပ်နှံမှုစီမံကိန်းနှင့် ပါဝင်ဆက်စပ်သူများ၏ အချက်အလက်များသုတေသန။** ။ ဤနည်းမှာ စီမံကိန်းတွင်ပါဝင်သည့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းနှင့် ပါဝင်ဆက်စပ်သူများ၏ အချက်အလက်များကို ရှာဖွေသည့် အလုပ်ဖြစ်ပြီး အပေါ်အောက် (upstream and downstream) ကုန်သွယ်မှုကွင်းဆက် အချက်အလက်များနှင့် အခြားသက်ဆိုင်သည့် အချက်အလက်များကိုရှာဖွေသည်။ ဤနည်းဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများသည် ၎င်းတို့လုပ်ဆောင်မည့် စောင့်ကြည့်မှတ်တမ်းတင်ရေး အလုပ်၏အန္တရာယ်များနှင့် တိုက်တွန်းလှုံ့ဆော်ရေး ပစ်မှတ်များကို ဖော်ထုတ်သတ်မှတ်နိုင်သည်။
- **ငွေကြေးစီးဆင်းမှုကို နောက်ယောင်ခံခြင်း။** ။ ဤနည်းလမ်းမှာ အထက်တွင်ဖော်ပြသည့် သုတေသနအလုပ်ထက် ကျော်လွန်ကာ နည်းပညာအဆင့်ဆင့်ဖြင့် ရပ်ရွာလူထုများကို ၎င်းတို့ရင်ဆိုင်နေရသည့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို ခွဲခြမ်းစိတ်ဖြာနိုင်ရန်နှင့် သက်ဆိုင်ရာ ပစ်မှတ်အုပ်စုများကိုရှာဖွေဖော်ထုတ်ရန်ကူညီပေးသည်။


ရပ်ရွာစောင့်ကြည့် မှတ်တမ်းတင်ခြင်း
လေ နှင့် ရေ ညစ်ညမ်းမှုများကို သိပ္ပံနည်းကျ တိုင်းတာခြင်း
သဘာဝပတ်ဝန်းကျင် စောင့်ကြည့် မှတ်တမ်းတင်ခြင်း နည်းလမ်းများ
မြေယာနှင့် သဘာဝ အရင်းအမြစ် မြေပုံ ရေးဆွဲခြင်း
အဝေးထိန်းစနစ် ဖြင့်ခြေရာခံစောင့် ကြည့်ခြင်း
ငွေကြေး စီးဆင်းမှုကို နောက်ယောင်ခံခြင်း

**ဘာကြောင့် ရပ်ရွာအသိုင်းအဝန်းက စောင့်ကြည့်မှတ်တမ်းတင်ခြင်းကို လုပ်ချင်ရတာလဲ။**

သဘာဝပတ်ဝန်းကျင်၊လူမှုရေး၊ဂျန်ဒါထိခိုက်မှုများဖြစ်ပေါ်နေသည် ဆိုသည့် အချက်ကိုကျော်လွန်ကာ ရပ်ရွာတစ်ခုက စောင့်ကြည့်မှတ်တမ်းတင်ခြင်းနှင့် မှတ်တမ်းတင်ခြင်းပြုလုပ်လိုသည့် အကြောင်းအရင်းကို နားလည်ခြင်းသည် အရေးကြီးသည့်ပထမခြေလှမ်းဖြစ်ပါသည်။ စောင့်ကြည့်ခြင်းနှင့်မှတ်တမ်းတင်ခြင်းအလုပ်မှာ အဓိကအားဖြင့် ရပ်ရွာပြည်သူများနှင့် အရပ်ဖက်အဖွဲ့အစည်းများ၏ အချိန်များစွာလိုအပ်ပြီး တစ်ခါတစ်ရံ ငွေကြေးအထောက်အပံ့များလည်း လိုပါသည်။ ၎င်းပြင် ထိုအလုပ်မှာ မတူသည့် အန္တရာယ်အထွေထွေများလည်း တွဲဖက်ပါလာတတ်ပါသည်။

လက်ရှိအခြေအနေတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု စီစစ်စောင့်ကြည့်ခြင်းနှင့် မှတ်တမ်းတင်ခြင်းမှာ ထိခိုက်နစ်နာမှုများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် ပိုမိုကောင်းမွန်သည့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှု ဖြစ်ပေါ်လာရန် တိုက်တွန်းလှုံ့ဆော်ရေးကိစ္စများကို အထောက်အကူဖြစ်စေပါသည်။ စောင့်ကြည့်မှတ်တမ်းတင်ခြင်းသည် နိုင်ငံတကာ စီးပွားရေးနယ်ပယ်မှ ကန်ထရိုက်တာများသို့မဟုတ် ပြည်ပရင်းနှီးမြှုပ်နှံသူများကို တိုက်တွန်းလှုံ့ဆော်ရာတွင်လည်း အထောက်အကူဖြစ်စေပါသည်။ ရရှိလာသည့်အချက်အလက်များမှာ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုလုပ်ငန်းများအပြင် ကျယ်ပြန့်သည့် စည်းရုံးတိုက်တွန်းရေးလုပ်ငန်းများအတွက် အသုံးပြုနိုင်ပြီး ကြီးထွားလာသည့် ပဋိပက္ခနှင့်နိုင်ငံရေးမတည်ငြိမ်မှုပြဿနာကြောင့် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်အပေါ်ထိခိုက်မှုကိုလည်း ပုံဖော်နိုင်ပေမည်။

မည်သည့်အကြောင်းကြောင့်ပင်ဖြစ်စေ ရပ်ရွာလူထုများနှင့် အရပ်ဖက်အဖွဲ့အစည်း (CSOs)များသည် မိမိတို့သုံးရမည့်အချိန်၊ရှိပြီးသား သို့မဟုတ် လိုအပ်မည့်အရင်းအမြစ်နှင့် ရင်ဆိုင်ရမည့်အန္တရာယ်များ အတူတကွအကဲဖြတ်ပြီး ယခု သို့မဟုတ် နောင်ရရှိလာမည့် တာဝန်ယူမှု တာဝန်ခံမှုရလဒ်ကို ချိန်ဆကာ မှုခြေကိုက်အောင်ဆောင်ရွက်ကြရပါမည်။



## ၅။ မြန်မာနိုင်ငံတွင် သယံဇာတထုတ်ယူမှု

မြန်မာနိုင်ငံတွင် အဖိုးတန်သစ်မာသစ်တောများမှသည် ကြီးမားသောရွှေနှင့်သံဖြူ သတ္တုသိုက်များ၊ ရေနံနှင့်သဘာဝဓါတ်ငွေ့သိုက်များ၊ မြေရှားသတ္တုနှင့်အဖိုးတန်တွင်း ထွက်သတ္တုများအထိ သယံဇာတ ကြွယ်ဝသည်။

၂၀၂၁ ခုနှစ်မတိုင်မီ သယံဇာတထုတ်ယူမှုကို စီစစ်စောင့်ကြည့်ရန် ယန္တရားများ၊အရပ် ဖက်အခင်းအကျင်းများ ရှိခဲ့ကြသည်။ တိုက်တွန်းလှုံ့ဆော်ခြင်းဖြင့် တာဝန်ခံမှုနှင့် ဥပဒေပြဋ္ဌာန်းမှုများ ရှိလာစေရန်အတွက် တောင်းဆိုနိုင်သည့် အစိုးရဌာနဆိုင်ရာများ အပါအဝင် နှင့် သက်ဆိုင်သည့်အဖွဲ့များရှိခဲ့ကြသည်။ အချို့သော ကုမ္ပဏီများကို တာဝန်ယူမှုရှိလာစေရန် တရားရုံးစနစ်အားအသုံးပြုနိုင်ကြောင်း အရိပ်လက္ခဏာများ ပင် ရှိခဲ့ပါသည်။ ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲတွင် နိုင်ငံတဝှမ်း ပဋိပက္ခများ ကြီးစိုးလာပြီးနောက် သယံဇာတထုတ်လုပ်မှုကဏ္ဍမှာ စီမံခန့်ခွဲရန် ပိုမိုခက်ခဲလာပြီး၊ စည်းကမ်းမဲ့ သယံဇာတ ထုတ်လုပ်မှုကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးထိခိုက် မှုများ များပြားလာကြောင်း အစီရင်ခံစာများစွာက ဖော်ပြခဲ့ကြသည်။ ထုတ်ဖော် ပြောဆိုသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားများမှာ ပစ်မှတ်ထားခံလာ ရပြီး ရပ်ရွာလူထုများ စုစည်းလုပ်ဆောင်ရန် အခင်းအကျင်းနေရာမှာလည်း ကျဉ်းမြောင်းလာခဲ့သည်။ စည်းကမ်းမဲ့သယံဇာတထုတ်လုပ်မှုများနှင့် သတ္တုတူးဖော် ရေးလုပ်ငန်းများမှာ စည်းကြပ်မှုဟာကွက်များဖြင့် တရားဝင်တူးဖော်ခြင်းနှင့်တရား မဝင်တူးဖော်ခြင်းကြား ခြားနားမှု စိုးစဥ်းမျှသာရှိတော့သည်။ စည်းမဲ့ကမ်းမဲ့ သယံဇာတထုတ်ယူမှုများ တိုးလာခြင်းသည် ကြီးမားသော ပြဿနာရပ်များကိုဖြစ် ပေါ်စေပြီး၊ အားကောင်းသည့် ရပ်ရွာစောင့်ကြည့်မှတ်တမ်းတင်ရေးစနစ်များ လိုအပ်မှုလည်း တိုးလာစေပါသည်။

အောက်တွင်ဖော်ပြထားသည့် သယံဇာတတူးဖော်လုပ်ငန်းများသည် ၂၀၂၁ ခုနှစ် မှစ၍ အလွန်အကျွံဖြစ်လာသည့် လုပ်ငန်းများဖြစ်ပါသည်။ ယင်းတို့သည် သတ္တုတူး ဖော်ခြင်းနှင့် အခြားသယံဇာတထုတ်ယူခြင်းများမှာ သဘာဝပတ်ဝန်းကျင်နှင့်လူမှု

ရပ်ဝန်းကို ပုံစံအမျိုးမျိုးဖြင့် ထိခိုက်စေနိုင်ကြောင်း သာဓကပြနေပါသည်။ ထိခိုက်မှုပြဿနာများမှာ ညစ်ညမ်းမှု၊ အဆိပ်အတောက်ဖြစ်စေသည့်ပစ္စည်းများသုံးစွဲမှု၊ မြေဆီလွှာတိုက်စားမှုနှင့်မြစ်ချောင်းများနုန်းမြေဖို့မှု၊ သစ်တောပြုန်းတီးမှု၊ ရေအရင်းအမြစ်များပျက်စီးမှု၊ လူမှုရေးပြဿနာများ (လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊နှောင့်ယှက်မှုနှင့် ကုန်ဈေးနှုန်းဖောင်းပွမှု စသဖြင့်)၊ ကျန်းမာရေးပြဿနာများ (မျိုးဆက်ပွားကျန်းမာရေးထိခိုက်မှု၊ အသက်ရှူလမ်းကြောင်းပြဿနာ၊ အရေပြားဝေဒနာများ စသဖြင့်) နှင့် အသက်မွေးဝမ်းကျောင်းထိခိုက်မှုများ ပါဝင်ပါသည်။ ရပ်ရွာစောင့်ကြည့်မှတ်တမ်းတင်ရေး လုပ်ငန်းများအနေဖြင့် ရပ်ရွာအတွင်းဖြစ်ပေါ်နေသည့် ပြဿနာရပ်အားလုံးကို မှတ်တမ်းပြုစုထားသင့်ပါသည်။

## (၅.၁) ရွှေတူးဖော်ခြင်း

မြန်မာနိုင်ငံအနှံ့တွင် ရွှေတူးဖော်မှုများကို ကချင်၊ စစ်ကိုင်း၊ ရှမ်း၊ မန္တလေး၊ ကရင်၊ မွန်နှင့် တနင်္သာရီ စသည့် ပြည်နယ်နှင့်တိုင်းများရှိ သတ္တုသိုက်လုပ်ကွက်အများအပြားဖြင့် တွေ့နိုင်ပါသည်။ ၎င်းတို့တွင် အကြီးစားရွှေတွင်းများ၊ ကုမ္ပဏီငယ်များ၏ အသေးစားနှင့်လက်လုပ်လက်စားလုပ်ငန်းများ အများအပြားပါဝင်သည်။ လွန်ခဲ့သည့် နှစ်အနည်းငယ် အတွင်း အထူးသဖြင့်ကချင်ပြည်နယ်တွင် ရွှေတူးဖော်မှုမှာ သိသိသာသာတိုးများလာပြီး မြစ်ချောင်းများ၊ ရေအရင်းမြစ်များနှင့် မြစ်ကမ်းနဖူးများမှာ ဆိုးဝါးစွာ ထိခိုက်ပျက်စီးခဲ့ပါသည်။

ရွှေတူးခြင်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုများစွာရှိနိုင်ပါသည်။ မြစ်ချောင်း ကမ်းဘေးများတွင် တူးဖော်သည့် ရွှေဖောင်များကြောင့် မြစ်ကမ်းပြိုကျခြင်း၊ နုန်းမြေဖို့ခြင်းကြောင့် မြစ်ဝှမ်းဒေသရေခန်းခြောက်ခြင်းနှင့် မြစ်ချောင်းအနီးသစ်တောများနှင့်ဇီဝမျိုးကွဲများ ဆုံးရှုံးခြင်း အစရှိသည့် ဆိုးဝါးသောပြဿနာများကို ဖြစ်စေပါသည်။ ဂေဟာစနစ်ထဲသို့ ပြဒါးများ စွန့်ပစ်ခြင်းမှာလည်း ဆိုးဝါးသည့် အကျိုးဆက်များဖြစ်စေနိုင်ပါသည်။ ရွှေသန့်စင်ရာတွင်အသုံးပြုသည့် ပြဒါးမှာ ထိ

တွေ့ရသူများ အထူးသဖြင့်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ဆိုးဝါးသည့် အာရုံကြောနှင့်ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုများဖြစ်စေသည့် ပြင်းထန်သည့် အာရုံကြောဆိုင်ရာ အဆိပ်တစ်မျိုးဖြစ်သည်။ ပမာဏများသည့်ပြဒါးအဆိပ်သင့်လျှင် သေဆုံးစေနိုင်ပါသည်။

## (၅.၂) သံဖြူ သတ္တုတူးဖော်ခြင်း

မြန်မာနိုင်ငံတွင် ဝဒေသ၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကယားပြည်နယ်နှင့် တနင်္သာရီ တိုင်းအပါအဝင်နိုင်ငံအရှေ့ပိုင်းတောင်ကြောများတွင် ကမ္ဘာ့အကြီးဆုံး သံဖြူသတ္တုသိုက်များ ရှိနေပါသည်။ မြန်မာသတ္တုတွင်းများမှထွက်သည့် သံဖြူအများစုကို တရုတ်နိုင်ငံသို့တင်ပို့ရောင်းချပါသည်။ ထိုင်းနှင့်မလေးရှားနိုင်ငံများမှလည်း အများအပြားဝယ်ယူကြသည်။ မြန်မာနိုင်ငံ၏ အကြီးစား သံဖြူသတ္တုတွင်း အများစုမှာ ဗြိတိသျှကိုလိုနီခေတ်က စတင်ခဲ့ပြီး လွန်ခဲ့သည့်ဆယ်စုနှစ်များ အတွင်းတွင် ထိုင်းနှင့်တရုတ်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများဖြင့် တိုးချဲ့လုပ်ကိုင်လာခဲ့သည်။ သံဖြူတွင်းများသည် ထိခိုက်မှုများစွာဖြစ်စေပါသည်။ အကြီးစားသံဖြူတွင်းများသည် မြေပြိုခြင်း၊ မြစ်များ နုန်းဖို့ခြင်းနှင့်သစ်တောပြုန်းတီးမှုများဖြစ်စေပါသည်။ မြစ်ချောင်းများအတွင်းသို့ မိုးရေနှင့်အတူ မိုင်းစွန့်ပစ်မြေစာများပါလာခြင်း၊ မိုင်းတွင်းမှရေဆိုးများကိုစွန့်ပစ်ခြင်းကြောင့် ထိခိုက်မှုများစွာ ဖြစ်ပေါ်စေပါသည်။ အထူးသဖြင့် ခဲနှင့်အခြားသတ္တုများ မြစ်ထဲရောက်လာပြီး မြစ်ချောင်းများကို အမှီပြုနေသည့်သူများထံ ကျန်းမာရေးဆိုင်ရာ အာရုံကြောထိခိုက်မှုပြဿနာများဖြစ်စေပါသည်။

## (၅.၃) မြေရှားသတ္တုတူးဖော်ခြင်း

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် မြေရှားသတ္တုအများဆုံးတင်ပို့သည့်နိုင်ငံတစ်ခု ဖြစ်လာသည်။ မြေရှားသတ္တုကို ဆိုလာပြားများမှ အိုင်ဖုန်း ထုတ်လုပ်သည်အထိ

လျှပ်စစ်ပစ္စည်းများထုတ်လုပ်ရာအထိတွင် အသုံးပြုပါသည်။ မြန်မာနိုင်ငံရှိ မြေရှား သတ္တုများကို ကချင်ပြည်အရှေ့မြောက်ဘက်ခြမ်းတွင် အများဆုံးထုတ်ယူနေပါသည်။ ထိုဒေသများမှာ ရပ်ရွာပြည်သူများမှာ ရေအရင်းအမြစ်များညစ်ညမ်းလာခြင်း၊ မြေပြိုခြင်းနှင့် စိုက်ပျိုးမြေများ အဆိပ်သင့်ပျက်စီးခြင်းများ အပါအဝင် သဘာဝ ပတ်ဝန်းကျင်ပြဿနာအဖုံဖုံကို ကြုံတွေ့နေကြရသည်။ မြေရှားတူးဖော်မှုကြောင့် ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုများကို Global Witness အဖွဲ့၏ စုံစမ်းဖော်ထုတ် ထားမှုများကို ဤနေရာတွင် ဖတ်ရှုနိုင်ပါသည်။

## (၅.၄) သစ်ထုတ်လုပ်မှု

မြန်မာ့သစ်တောများတွင် ကျွန်းသစ်၊ ပျဉ်းကတိုးနှင့်တမလန်း(ခေါ်)သစ်နှင်းဆီစသည့် နိုင်ငံတကာဈေးကွက်ဝင် အဖိုးတန်သစ်တောများရှိပါသည်။ သစ်ထုတ်ခြင်းကို လယ်ယာစီးပွားရေး စီမံကိန်းများအတွက်အသုံးပြုရန် ခွင့်ပြုပြီးနောက် ကြိုးဝိုင်းတော များ၊ ကာကွယ်တောများထဲတွင် သစ်ထုတ်လုပ်ကြပြီး တရားမဝင်သစ်ထုတ်လုပ်မှု များမှာ ရပ်ရွာလူထုစီမံထိန်းသိမ်းထားသည့် သစ်တောများထဲ တွင်အများစုဖြစ်လေ့ ရှိသည်။ စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းများတွင် သစ်ခုတ် ထုတ်လုပ်မှု အများဆုံး ကြုံတွေ့နေရပါသည်။ သစ်ခုတ်ခြင်း၏ဆိုးကျိုးများမှာ ဂေဟစနစ်များ ယိုယွင်းလာခြင်း၊ မြေဆီလွှာတိုက်စားခြင်းနှင့် မြေပြိုမှုများ ပိုမို ဖြစ်ပွားခြင်းများပါဝင်သည်။ သစ်တောပျက်စီးယိုယွင်းခြင်းသည် ဇီဝမျိုးကွဲများ၊ ဒေသခံသက်မွေးဝမ်းကျောင်းများနှင့် ယဉ်ကျေးမှု အလေ့အထများအပေါ်တွင် ဆိုးဝါး သည့်ကာလရှည် ထိခိုက်သက်ရောက်မှုများရှိသည်။

**အနာဂတ်တွင် ဥပဒေအရ အရေးယူမှုများ**

အကယ်၍ ရပ်ရွာစောင့်ကြည့်မှတ်တမ်းတင်ရေးလုပ်ငန်းစဉ်၏ရည်မှန်းချက်တွင် အနာဂါတ်တွင် တရားစွဲဆိုမှုများ ပြုလုပ်ရန်ရှိပါက အရပ်ဖက်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့ကွန်ရက်များရှိ ရှေ့နေများနှင့် ဆွေးနွေးတိုင်ပင်ထားသင့်ပါသည်။ နောက်နောင်တွင် တရားစွဲနိုင်ခွင့်ဖြစ်နိုင်ချေကို လက်တွေ့ကျကျ သိရှိနားလည် ထားရန်အရေးကြီးပါသည်။ ထည့်သွင်းစဉ်းစားထားသင့်သည့် စိန်ခေါ်မှုနှစ်ရပ်ရှိ ပါသည်။

(၁) ထိခိုက်နစ်နာမှု (ဥပမာ သတ္တုတွင်းရေဆိုးကန်မှ ကြီးမားသည့် အညစ်အကြေး ဖိတ်စင်မှုကြောင့် စပါးခင်းများပျက်စီးခြင်း) ဖြစ်ပေါ်ပြီး နစ်နာသည့်ရွာသား များနေဖြင့် တရားရုံးတွင် သတ်မှတ်ထားသည့် အချိန်ကာလတစ်ခုအတွင်း တရားစွဲဆိုရမည်ဆိုသည့် ကာလစည်းကမ်းသတ်မှတ်ချက်ရှိသည်။ ၎င်းမှာ အချိန်ကာလ တစ်နှစ်အတောအတွင်းဖြစ်သည်။ ရပ်ရွာပြည်သူများ အနေဖြင့် ထိခိုက်မှုမှာ မရပ်နားပဲ ဆက်လက်ဖြစ်ပါက (ဥပမာ သတ္တုတွင်း ရေဆိုးကန်မှ ပုံမှန်ရေဖိတ်ယိုနေခြင်း သို့မဟုတ် မြစ်ချောင်းတစ်ခုတွင် တဖြည်းဖြည်းနုန်းနယ်ထိုင်လာခြင်း) ကိုသက်သေပြနိုင်ပါက ကာလ စည်းကမ်းသတ်ကို ရှောင်ရှားနိုင်ပေလိမ့်မည်။

(၂) မြန်မာနိုင်ငံတရားရုံးများသည် သတ်မှတ်ထားသည့် သက်သေ သို့မဟုတ် သတ်မှတ်သည့်ပုံစံဖြင့် ကောက်ယူလာသည့် သက်သေများကိုသာ တင်သွင်းခွင့်ပြုသည်။

## ၆။ လုံခြုံရေးဆိုင်ရာထည့်သွင်းစဉ်းစားရမည့်အရာများနှင့် အန္တရာယ်လျှော့ချရေး



ပတ်ဝန်းကျင်စောင့်ကြည့်မှတ်တမ်းတင်ရေး လှုပ်ရှားမှုများမှာ ဒေသအခြေအနေနှင့် ပါဝင်ပတ်သက်နေသူများ အပေါ်မူတည်၍ အလွန်အန္တရာယ်များနိုင်ပါသည်။ ထိုအန္တရာယ်များကို လျှော့ချရန်နှင့် လုံခြုံသည့် သယံဇာတစောင့်ကြည့်မှတ်တမ်းတင်ရေး အခြေခံစနစ်တစ်ခု တည်ဆောက်ရန် ဤစာပိုဒ်တွင် အဓိကထည့်သွင်းစဉ်းစားရမည့် လုံခြုံရေးသတိပြုချက်များနှင့် အန္တရာယ်လျှော့ချရေးဗျူဟာများကို ဖေါ်ပြထားပါသည်။ ထို့အပြင် ဤစာအုပ်တွင်ဖော်ပြထားသည့် စောင့်ကြည့်မှတ်တမ်းတင်ရေး အလုပ်များကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများအနေဖြင့် ကျစ်လျစ်သိုသိပ်စွာဖြင့် မိမိတို့ကိုယ်ကို အန္တရာယ်ကျနိုင်သည့်အဆင့်ထိ လူမြင်သာလောက်သည့် အလုပ်များ လုပ်ဆောင်ရန်မလိုအပ်ပေ။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားများသည် ၎င်းတို့အရပ်ဒေသရှိဘေးအန္တရာယ်များကို အခြားသူများထက် ကောင်းစွာနားလည်ထားကြသည့်အတွက် ပတ်ဝန်းကျင်စောင့်ကြည့်မှတ်တမ်းတင်ခြင်းကို မည်သို့ဆောင်ရွက်သင့်သည့်ကို ဆုံးဖြတ်ရာတွင် ဦးဆောင်ကဏ္ဍမှပါဝင်ရပါမည်။ သို့သော် အန္တရာယ်များသည် အမျိုးသားနှင့် အမျိုးသမီးများအတွက် မတူညီသည့်အတွက် အမျိုးသမီးများသည် အန္တရာယ်များကိုအကဲဖြတ်ခြင်း၊လျှော့ချရေးအစီစဉ်များရေးဆွဲခြင်းနှင့်ပတ်ဝန်းကျင်စောင့်ကြည့်မှတ်တမ်းတင်ရေး လုပ်ငန်းစဉ်များတွင် ဦးဆောင်ပါဝင်သင့်ပါသည်။ ကွင်းဆင်းစောင့်ကြည့်မှတ်တမ်းတင်ခြင်းများလုပ်ရန် အလွန်အန္တရာယ်များပါက ပတ်ဝန်းကျင်

ထိန်းသိမ်းရေးသမားများ အနေဖြင့် ဂြိုလ်တုဓါတ်ပုံများ သို့မဟုတ် ကွန်ပျူတာဖြင့် အချက်အလက်စုဆောင်းခြင်းကို အားထားနိုင်ပါသည်။

| **ဒစ်ဂျစ်တယ်လုံခြုံရေးအတွက် ရင်းမြစ်အကိုးအကားများ**<br><br>ဒစ်ဂျစ်တယ်လုံခြုံရေးပိုမိုကောင်းမွန်လာစေရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများ အသုံးပြုနိုင်သည့် ရင်းမြစ်အကိုးအကားများစွာရှိပါသည်။ ၎င်းတွင် အွန်လိုင်းအချက်အလက်များနှင့် ဒစ်ဂျစ်တယ်လုံခြုံရေးသင်တန်းများပံ့ပိုးပေးသည့် အဖွဲ့အစည်းများပါဝင်ပါသည်။ ဤဇယားတွင် ရင်းမြစ်အကိုးအကားအချို့ကို အသေးစိတ်ဖော်ပြပေးထားပါသည်။ | |
|---|---|
| Digital First Aid Myanmar | ဒစ်ဂျစ်တယ်လုံခြုံရေးကောင်းမွန်လာစေရန် နည်းလမ်းများ၊ အသုံးပြုရန်လွယ်ကူသည့် လမ်းညွှန်ချက်များကို မြန်မာဘာသာစကားဖြင့်ဖတ်ရှုနိုင်သည့် ဝဘ်ဆိုဒ်။ |
| MIDO (Myanmar ICT for Development Organization) | အရပ်ဖက်အဖွဲ့အစည်းများနှင့် လူမှုလှုပ်ရှားမှုများအတွက် ဒစ်ဂျစ်တယ်လုံခြုံရေးဆိုင်ရာ သင်တန်းများပို့ချနေသည့် မြန်မာအဖွဲ့အစည်း။ |
| Security in a box | ဒစ်ဂျစ်တယ်လုံခြုံရေးအားကောင်းလာစေရန် နည်းနာများကို မြန်မာဘာသာဖြင့်ဖတ်ရှုနိုင်သည့် အွန်လိုင်း ဝဘ်ဆိုဒ် |
| Phan Dee Yar | မိတ်ဖက်အဖွဲ့များ၏လိုအပ်ချက်နှင့်တောင်းဆိုချက်အပေါ်မူတည်ပြီး ဒစ်ဂျစ်တယ်လုံခြုံရေးအသိပညာပေးသင်တန်းများ ပံ့ပိုးသည့် မြန်မာအဖွဲ့အစည်း။ |

## (၆.၁) ရပ်ရွာလူထုများအတွက် လုံခြုံရေးဆိုင်ရာ စဉ်းစားချက်များ – အန္တရာယ်များနှင့်လျှော့ချရေး အစီအမံများ

ရပ်ရွာပြည်သူများထိခိုက်မှုအချက်အလက်များကို ကွင်းဆင်း မှတ်တမ်းတင်ကောက်ယူရသည့် ရပ်ရွာစောင့်ကြည့်မှတ်တမ်းတင်ရေးလုပ်ငန်းစဉ်သည် ပတ်ဝန်းကျင်စောင့်ကြည့်မှတ်တမ်းတင်ခြင်း၏ အန္တရာယ်အများဆုံးအဆင့် ဖြစ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် သယံဇာတထုတ်ယူသည့် နေရာများတွင် အများအားဖြင့် လုံခြုံရေးအစောင့်အကြပ်များ အများအပြားဖြင့် သတိကြီးစွာစောင့်ကြည့်နေကြချိန်ဖြစ်သည်။ အန္တရာယ်များကိုလျှော့ချနိုင်ရန် ရပ်ရွာသားများ အနေဖြင့် ဒေသဗဟုသုတများ နေ့စဉ်ကြုံတွေ့ရသည့် အဖြစ်ပျက်များ၊ တွေ့ရှိချက်များကိုအခြေခံကာ အချက်အလက်များမှတ်တမ်းတင်ထားနိုင်သည်။ ရပ်ရွာသူသားများသည် မိမိတို့၏ နေ့စဉ်လုပ်ငန်းဆောင်တာများကို လုပ်ဆောင်နေရင်း ပတ်ဝန်းကျင်နှင့် ရပ်ရွာအတွင်း ပြောင်းလဲမှုများကို သတိပြုနိုင်ပါသည်။

| အန္တရာယ် | လျှော့ချရေးအစီအမံ |
|---|---|
| သစ်တော သို့မဟုတ် သယံဇာတထုတ်လုပ်သည့် နေရာအနီးတဝိုက် စောင့်ကြည့်မှတ်တမ်း တင်ခြင်းကွင်းဆင်း ဆောင်ရွက်စဉ် ရွာသူရွာသားများဖမ်းဆီးခံရခြင်း။ | ရွာသူရွာသားများသည် နေ့စဉ်လုပ်နေကျအလုပ်များကိုသာလုပ်ဆောင်သင့်ပြီးမလုံခြုံသည့်နေရာများသို့ သွားခြင်း စုံစမ်းစစ်ဆေးလုပ်ဆောင်ခြင်းများ မလုပ်သင့်ပါ။ မိမိတို့ ရပ်ရွာအတွင်း နေ့စဉ်ပြောင်းလဲ လာမှုများကို သတိပြုမိခြင်းက လုံလောက်သည့် အချက်များကိုပေးနိုင်ပါသည်။ |

| အန္တရာယ် | လျော့ချရေးအစီအမံ |
|---|---|
| ရပ်ရွာအဖွဲ့ဝင် သို့မဟုတ် စေတနာ့ဝန်ထမ်းများ ရိုက်ယူခဲ့သည့် ဓါတ်ပုံများသည် ရပ်ရွာအဖွဲ့ဝင်များ၏ နေရာကို ဖော်ပြနေပြီး ရိုက်ယူသူများနှင့် ရပ်ရွာတစ်ခုလုံးကို အာဏာပိုင်များက အန္တရာယ်ပြုနိုင်ခြင်း။ | ရွာသူရွာသားများ အနေဖြင့် စောင့်ကြည့်ရေး အချက်အလက်များကောက်ယူရန် သတ္တုတွင်းနေရာများ သို့မဟုတ် မလုံခြုံသည့်နေရာများကို သွားရောက်ရန်မလိုပေ။ မိမိတို့ရပ်ရွာအတွင်း ထိခိုက်မှုများကို စောင့်ကြည့်နိုင်ပါသည်။ အကယ်၍ ဓါတ်ပုံများရိုက်ယူထားလျှင် လုံခြုံသည့်နေရာတွင် ရှိသည့် ပြင်ပအဖွဲ့တစ်ခုထံသို့ ပို့ပေးပြီး မိမိတို့၏ စက်ပစ္စည်းအထဲမှ ချက်ခြင်းဖျက်ပစ်သင့်ပါသည်။ |
| အမျိုးသမီးများသည် သဘာဝပတ်ဝန်းကျင်စောင့်ကြည့်မှတ်တမ်းတင်ရေးတွင် ပူးပေါင်းပါဝင်ချိန်တွင် လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှု သို့မဟုတ် စော်ကားခံရနိုင်ခြင်း။ | **စောင့်ကြည့်မှတ်တမ်းတင်ခြင်း**လုပ်ရှားမှုတစ်ခုမပြုလုပ်မီ ပါဝင်လုပ်ဆောင်သူများအနေဖြင့် ရှင်းလင်းသည့် အန္တရာယ်အကဲဖြတ်ခြင်းနှင့်လျော့ချရေးအစီစဉ် တစ်ခုဆွဲထားသင့်သည်။ စောင့်ကြည့်ရေးအလုပ်ကို လူ ၂ ဦး သို့မဟုတ် ထို့ထက်ပိုသော အုပ်စုဖြင့်သာ လုပ်ဆောင်သင့်ပြီး မိမိရပ်ရွာအတွင်းတွင်သာ ဆောင်ရွက်ကာ လက်နက်ကိုင်လုံခြုံရေး ယူထားသည့် နေရာများကို ရှောင်ရှားသင့်ပါသည်။ |
| အိမ်တွင်းဝင်ရောက်ရှာဖွေခြင်းများ သို့မဟုတ် စစ်ဆေးရေးဂိတ်များတွင် စစ်ဆေးခံစဉ် ပတ်ဝန်းကျင်စောင့်ကြည့်မှတ်တမ်းတင်သည့် အချက်အလက်များကို တွေ့ရှိသွားကာ ရွာသူရွာသားများကို ဖမ်းဆီးခြင်း၊အပြစ်ပေးခြင်း။ | စောင့်ကြည့်ရေးအလုပ်တွင်ပါဝင်သည့် ရွာသူရွာသားများမှ အချက်အလက်များကို ချရေးမထားရန်အကြံပြုပါသည်။ ၎င်းအစား ပြောင်းလဲလာသည့်အရာများကို စိတ်တွင်မှတ်သားထားပြီး လုံခြုံသည့်အချိန်တွင် လုံခြုံသည့်ဆက်သွယ်ရေးလမ်းကြောင်းမှတဆင့် အချက်အလက်များကို ပေးပို့မျှဝေသင့်ပါသည်။ |

| အန္တရာယ် | လျော့ချရေးအစီအမံ |
| --- | --- |
| ဆက်သွယ်ရေးများကို ခြေရာခံကာ ရွာသူရွာသားများကို အရပ်ဖက်အဖွဲ့များနှင့် ဆက်သွယ်ခြင်း သဘာဝပတ်ဝန်းကျင် လှုပ်ရှားမှုများ တွင်ပါဝင်ခြင်းကြောင့် အပြစ်ပေးအရေးယူခြင်း။ | တင်းကြပ်သော ဒစ်ဂျစ်တယ်လုံခြုံရေး အကြံပြုချက်များ ကိုလိုက်နာသင့်ပါသည်။ ၎င်းတို့တွင် လုံခြုံစိတ်ချရသည့်သည့် Signal ကဲ့သို့သော အလိုအလျောက် အချက်အလက်များကို ဖျက်ပေးသည့်စနစ်ကို အသုံးပြုဆက်သွယ်ခြင်းနှင့် မိတ်ဖက်အဖွဲ့များနှင့် ဆက်သွယ်ရန် လုံခြုံသည့် နေရာ၊ အချိန်များ သတ်မှတ်ထားခြင်းတို့ပါဝင်သည်။ |

## (၆.၂) အရပ်ဖက်အဖွဲ့အစည်း (CSOs) များအတွက် လုံခြုံရေး ထည့်သွင်းစဉ်းစားချက်များ– ရပ်ရွာများနှင့်ဆက်သွယ်မှု၊ အချက်အလက်များစုစည်း သိမ်းဆည်းခြင်း– အဓိကအန္တရာယ်များ /လျော့ချရေး အစီမံများ

စောင့်ကြည့်ရေးအချက်အလက်များကို မှတ်တမ်းတင်ထားခြင်းသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားကို အန္တရာယ်ဖြစ်စေနိုင်ပါသည်။ မှတ်တမ်းပြုလုပ်ချိန်တွင် အရပ်ဖက် အဖွဲ့အစည်းများသည် ရပ်ရွာအသိုင်းအဝန်းများနှင့် ပြဿနာများကိုဆွေးနွေးပြီး အချက်အလက်များကို စုစည်း၊သိမ်းဆည်းကာ အသုံးပြုရန်လိုအပ်သည်။ အဆင့်တိုင်းတွင် အန္တရာယ်ရှိတတ်သည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ရွာသူရွာသားများအနေဖြင့် ၎င်းတို့ကိုယ်တိုင် အချက်အလက်များ မှတ်တမ်းယူခြင်းကို ရှောင်သင့်ပြီး ထိုအစား အချက်အလက်များစုစည်းရန်နှင့် မှတ်တမ်းတင် သိမ်းဆည်းရန် ယုံကြည်ရသည့် အရပ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်နိုင်ပါသည်။ ထို့နောက် အရပ်ဖက်အဖွဲ့စည်းများသည် ရပ်ရွာလူထုနှင့်ဆက်သွယ်ခြင်း၊ မှတ်တမ်းယူခြင်း၊ အချက်အလက်များသိမ်းဆည်းခြင်းနှင့် တိုက်တွန်းလှုံ့ဆော်ရေးကိစ္စများအတွက် အချက်အလက်များ အသုံးပြုခြင်းကို သတိကြီးစွာဆောင်ရွက်သင့်ပါသည်။

ရပ်ရွာများနှင့်ပူးပေါင်းလုပ်ဆောင်နေသည့် အရပ်ဖက်အဖွဲ့များသည် ဒစ်ဂျစ်တယ်လုံခြုံရေးနှင့်ဂျန်ဒါ အသိပညာပေးသင်တန်းများတက်သင့်ပါသည်။

| | အန္တရာယ် | လျော့ချရေးအစီအမံ |
|---|---|---|
| အချက်အလက် စုဆောင်းခြင်း | သဘာဝပတ်ဝန်းကျင် **စောင့်ကြည့်မှတ်တမ်းတင်ခြင်း** လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ခြင်းသည် ရွာသူရွာသားများအား အာဏာပိုင်များမှ ဖမ်းဆီးခြင်း၊ ပြန်ပေးဆွဲခြင်းများနှင့် အခြားသော ပြစ်ဒါဏ်ချမှတ်ခြင်း စသည့်အန္တရယ်များဖြစ်ပါသည်။ | အရပ်ဖက်အဖွဲ့အစည်းများ (CSOs) အနေဖြင့် ရပ်ရွာလူထုကို စောင့်ကြည့်မှတ်တမ်းတင်ရန် အားပေးအား မြှောက်ပြုသည်ထက် ရပ်ရွာအဖွဲ့အတွက် **စောင့်ကြည့်မှတ်တမ်းတင်ခြင်း**အလုပ်၏ လိုအပ်ချက်များ၊တောင်းဆိုချက်များကို ပံ့ပိုးကူညီသင့်ပါသည်။ CSOs များသည် ရပ်ရွာတစ်ခု၏ စောင့်ကြည့်မှတ်တမ်းတင်ရေး ရည်ရွယ်ချက်များကို နားလည်သင့်ပြီး ဖြစ်လာမည့်အန္တရာယ်များ ကို သေချာဆွေးနွေးသင့်ပါသည်။ |
| | အမျိုးသမီးများသည် သဘာဝပတ်ဝန်းကျင် **စောင့်ကြည့်မှတ်တမ်းတင်ခြင်း**တွင် ပူးပေါင်းပါဝင်ချိန် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု သို့မဟုတ် စော်ကားခံရနိုင်သည်။ | **စောင့်ကြည့်မှတ်တမ်းတင်ခြင်း**လုပ်ရှားမှုတစ်ခုမပြုလုပ်မီ ပါဝင်လုပ်ဆောင်သူများအနေဖြင့် ရှင်းလင်းသည့် အန္တရာယ်အကဲဖြတ်ခြင်းနှင့်လျော့ချရေးအစီစဉ်တစ်ခုဆွဲထားသင့်သည်။ စောင့်ကြည့်ရေးအလုပ်ကို လူ ၂ ဦး သို့မဟုတ် ထို့ထက်ပိုသော အုပ်စုဖြင့်သာ လုပ်ဆောင်သင့်ပြီး မိမိရပ်ရွာအတွင်းတွင်သာ ဆောင်ရွက်ကာ လက်နက်ကိုင်လုံခြုံရေးယူထားသည့် နေရာများကိုရှောင်ရှားသင့်ပါသည်။ |

| | အန္တရာယ် | လျော့ချရေးအစီအမံ |
|---|---|---|
| | မက်ဆေ့များ၊ဖုန်းခေါ်ဆိုမှုများကို ကြားဖြတ်နားထောင်ကာ သို့မဟုတ် ခြေရာခံကာ ရပ်ရွာသူသားများနှင့် CSOs များကို အန္တရာယ်ပြုနိုင်ပါသည်။ | ဖုန်းခေါ်ဆိုမှုနှင့်မက်ဆေ့ပို့ခြင်းအားလုံးကို Signal ကဲ့ သို့ လျှို့ ဝှက် လုံ ခြုံ သ ည့် လ မ်း ကြော င်း မှ တ ဆ င့် ပြု လု ပ် သ င့် ပါ သည်။ |
| | ဖုန်းခေါ်ဆိုမှုများကို သတင်းပေးများ သို့မဟုတ် လုံခြုံရေးဝန်ထမ်းများ ကြားကာ ရပ်ရွာသူသားများနှင့် CSOs များကိုအန္တရာယ်ပြုနိုင်ပါသည်။ | ဖုန်းခေါ်ဆိုမှုများကို အဖွဲ့အားလုံး ဘေးကင်းလုံခြုံသည့်နေရာတွင် ရှိနေသည့် အချိန်တွင်သာ ခေါ်ဆိုရန် သဘောတူထားသင့်ပါသည်။ အကယ်၍ လျှို့ဝှက်လုံခြုံသည့် လိုင်းများမဟုတ်ပဲ ရိုးရိုးဖုန်းလိုင်းများမှ ဖုန်းခေါ်လျှင် သတိထားရမည့် အသုံးအနှုန်းများကိုရှောင်ပါ။ |
| အချက်အလက်သိမ်းဆည်းခြင်း | ဒစ်ဂျစ်တယ်ပစ္စည်းများကို ရှာဖွေပြီး စောင့်ကြည့်မှတ်တမ်းတင်ခြင်းလှုပ်ရှားမှုများ၏ အချက်အလက်များကို တွေ့ရှိပြီး ဖမ်းဆီးခံရနိုင်သည်။ | CSO များသည် ရပ်ရွာသူသားများနှင့် မိမိတို့အဖွဲ့ဝင်များ၏ ဖုန်းများထဲမှ အချက်အလက်များကို ဖျက်ပစ်နိုင်ရန် အချက်အလက်များကို သိမ်းဆည်းနိုင်သည့် လုံခြုံသည့် အွန်လိုင်းဆာဗာ သို့မဟုတ် clouds အကောင့်များ လုပ်ထားသင့်ပါသည်။ ရပ်ရွာသူသားများမှ ဓါတ်ပုံများရိုက်ယူခြင်း၊ မှတ်တမ်းများ လုပ်ထားခြင်း သို့မဟုတ် မက်ဆေ့ပေးပို့သည့်အခါ MEGA ကဲ့သို့ လုံခြုံစွာ အချက်အလက်သိမ်းဆည်းနိုင်သည့် ဆာဗာကို အသုံးပြုနိုင်သည့် CSO များထံပေးပို့ကာ မိမိတို့ဖုန်းမှ အချက်အလက်အားလုံးကို ဖျက်ပစ်သင့်ပါသည်။ |

| | အန္တရာယ် | လျော့ချရေးအစီအမံ |
|---|---|---|
| | | CSO များသည် အချက်အလက်များ သိမ်းဆည်းရန် မြန်မာနိုင်ငံပြင်ပမှ ကွန်ရက်အဖွဲ့များနှင့် ပူးပေါင်းလုပ်ဆောင်နိုင်ပါသည်။ |
| | အချက်အလက်များကို တွေ့ရှိခြင်းကြောင့် ရပ်ရွာနှင့် ရွာသူရွာသားများကို အန္တရာယ် ပြုနိုင်သည်။ **စောင့်ကြည့်မှတ်တမ်းတင်ခြင်း** အလုပ်များတွင် ပါဝင်ခဲ့သည့်အတွက် တစ်ဦးချင်းစီကို လက်တုန့်ပြန်ခြင်းများ လုပ်နိုင်သည်။ | CSO များသည် အချက်အလက်အားလုံးကို အမည်ဝှက်လုပ်ထားသင့်ပြီး၊ ရပ်ရွာများ၊ ရွာသူရွာသားများကို ခွဲခြားနိုင်သည့် အမည်ရင်းများ သို့မဟုတ် အခြားထင်ရှားသည့် လက္ခဏာများကို လုံးဝအသုံးမပြုသင့်ပါ။ လိုအပ်ပါက မှတ်တမ်းများတွင် လူ၊နေရာ များ၏ အမည်များကိုမှတ်မိရန် လျှို့ဝှက်ကုဒ်များ အသုံးပြုနိုင်ပါသည်။ ကိုယ်ရေးကိုယ်တာ အချက်အလက်များကိုလည်း ယုံကြည်ရသည့်အဖွဲ့များ သို့မဟုတ် တစ်ဦးချင်းစီထံသာမျှဝေသင့်ပြီး အများသူငှာထံ မမျှဝေသင့်ပါ။ |




## (၆.၃) တိုက်တွန်းလှုံ့ဆော်ရေးအတွက် လုံခြုံရေးဆိုင်ရာထည့်သွင်းစဉ်းစားချက်များ– အဓိက အန္တရာယ်များ/ လျော့ချရေးအစီအမံများ

စောင့်ကြည့်မှတ်တမ်းတင်ရေးအချက်အလက်များကို တိုက်တွန်းလှုံ့ဆော်ရေး အလုပ်အတွက် အသုံးပြုသည့်အခါ အများသိအောင် ဖော်ထုတ်ရပါသည်။ အချက်အလက်များကို ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သက်ဆိုင်ရာ အုပ်ချုပ်သူများနှင့်လက်တွဲကာ ဒေသဆိုင်ရာ ပြဿနာများဖြေရှင်းရန် အသုံးပြုနိုင်သည့်အပြင် ပြည်တွင်း၊ပြည်ပအဖွဲ့များကို တိုက်တွန်းလှုံ့ဆော်ရာတွင်လည်းအသုံးပြုနိုင်ပါသည်။ အရေးကြီးသည့်အချက်အလက်များကို အသုံးပြုသည့်အခါ ထိုအချက်အလက်မှတ်တမ်းမှတ်ရာထဲတွင် ပါဝင်သူများ အန္တရာယ်နှင့်ရင်ဆိုင်ရနိုင်ပါသည်။ ထိုအန္တရာယ်များကို လျော့ချ

နိုင်ရန် လူပုဂ္ဂိုလ်များကို အသေးစိတ်သိရှိနိုင်သည့် အချက်အလက်များကို ချန်လှပ် ထားသင့်ပြီး၊ အချက်အလက်ကောက်ခံ မှတ်တမ်းတင်သူများနှင့် ဖြန့်ဝေသူများကြား ဆက်နွယ်မှုကို လုံးဝ လျှို့ဝှက်ထားရပါမည်။

| အန္တရာယ် | လျော့ချရေးအစီအမံ |
|---|---|
| တိုက်တွန်းလှုံ့ဆော်ရေး ကမ်ပိန်းများသည် အချက်အလက်ကောက်ခံရတာတွင် ပါဝင်ခဲ့သည့်အဖွဲ့ များကိုထုတ်ဖော်ရသည့်အတွက် ထိုဆက်နွယ်မှု မှတဆင့် ရပ်ရွာလူထုများကို အန္တရာယ်ဖြစ်စေနိုင်သည်။ | တိုက်တွန်းလှုံ့ဆော်ရေးအလုပ်များကို လျှို့ဝှက်ကွန်ရက်အမည်ဖြင့် သို့မဟုတ် မြန်မာနိုင်ငံပြင်ပ အဖွဲ့တစ်ခုမှတစ်ဆင့်သာ ဆောင်ရွက်သင့်ပြီး အချက်အလက်များသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများထံသို့ ပြန်ပြီး ဦးမတည်စေရန် သေချာစွာ လုပ်ဆောင် သင့်ပါသည်။ |
| **စောင့်ကြည့်မှတ်တမ်းတင်ခြင်း** အချက်အလက်များကို အသုံးပြု ကာ တိုက်တွန်းလှုံ့ဆော်ရေးစာစောင်များသည် **စောင့်ကြည့်မှတ်တမ်းတင်ခြင်း** အလုပ်တွင် ပါဝင်ခဲ့သည့် ရပ်ရွာများ လူပုဂ္ဂိုလ်များ၏ အသေးစိတ်အချက်အလက်များကို ဖော်ပြရသည့်အခါ ၎င်းတို့ကို လုံခြုံရေးအဖွဲ့များ မှ လက်တုန့်ပြန်အန္တရာယ်ပြုနိုင်သည်။ | ကျေးရွာများ၏အမည်များ သို့မဟုတ် အခြားထင်ရှားသည့် လက္ခဏာများကို အများသိအောင် ဖော်ပြအသုံးပြုရန်ရှိပါက CSO များသည် ရွာသူရွာသားများနှင့်ဆွေးနွေးတိုင်ပင်ပြီး သဘောတူညီချက်အပြည့်ဝယူပြီးမှသာ တိုက်တွန်းလှုံ့ဆော်ရေးအလုပ်များကို ဆောင်ရွက်သင့်သည်။ ထိုသို့ဆွေးနွေးတိုင်ပင်စဉ် CSO များသည် အမျိုးသမီးများ၏အသံများ ပါဝင်ရန် အလေးထားဆောင်ရွက်သင့်ပါသည်။ |

# ၇။ သဘာဝပတ်ဝန်းကျင် စောင့်ကြည့်မှတ်တမ်းတင်ခြင်း အတွက် နည်းလမ်းများ

ဤစာပိုဒ်တွင် အဓိကနည်းလမ်း (၆)ခု ကိုဖော်ပြထားပါသည်။

၁. စီမံကိန်းထိခိုက်မှုပြ အချိန်ဇယားတစ်ခုပြုလုပ်ခြင်း
၂. ရပ်ရွာဦးဆောင်သည့် စဉ်ဆက်မပြတ်စောင့်ကြည့်မှတ်တမ်းတင်ခြင်း
၃. ပူးပေါင်းပါဝင်မှုဖြင့် မြေပုံဖော်ခြင်း
၄. အဝေးထိန်းစနစ်ဖြင့်ခြေရာခံစောင့်ကြည့်ခြင်း
၅. ရင်းနှီးမြှုပ်နှံမှုစီမံကိန်းနှင့် ပါဝင်ဆက်စပ်သူများ၏ အချက်အလက်များ သုတေသန
၆. ငွေကြေးစီးဆင်းမှုကိုနောက်ယောင်ခံခြင်း




ဤနည်းလမ်းများ၏ဗဟိုချက်မှာ ရပ်ရွာအခြေပြု စောင့်ကြည့်မှတ်တမ်းတင်ခြင်း၏ သဘောတရားဖြစ်ပြီး ၎င်းကို ပူးပေါင်းဆောင်ရွက်သည့်စောင့်ကြည့်မှတ်တမ်းတင်ရေး သို့မဟုတ် ပြည်သူ့သိပ္ပံ (citizen science) ဟုလည်း သိထားကြသည်။ ဤနည်းနာများသည် မိမိတို့ပတ်ဝန်းကျင်အကြောင်း လုံးစုံနားလည်သိရှိထားသည့် ရပ်ရွာသူ/သားများ၏ ကျွမ်းကျင်မှုကို အခြေခံရေးဆွဲထားပါသည်။ ပတ်ဝန်းကျင်ပြဿနာများကို ရှာဖွေဖော်ထုတ်ရာတွင် ရပ်ရွာလူထုများ၏ သိကျွမ်းနားလည်မှုကို အသိအမှတ်ပြုမှုများတိုးလာနေပြီး ၎င်းမှာ သမရိုးကျ သိပ္ပံနည်းထက်ပိုမိုတိကျနိုင်ပါသည်။ ဤနည်းများမှာ မြန်မာနိုင်ငံကဲ့သို့ သိပ္ပံနည်းပညာအရင်းအမြစ်အားနည်း

သည့် ရပ်ရွာဒေသများအတွက် အလွန်ပင်အရေးပါသည်။ အထက်ဖော်ပြပါနည်းလမ်းများမှာ ရပ်ရွာဦးဆောင်သည့် စောင့်ကြည့်မှတ်တမ်းတင်ရေးလုပ်ငန်းစဉ်ကို ပံ့ပိုးကူညီ ပေးပါသည်။

ဒေသဆိုင်ရာ စီစစ်စောင့်ကြည့်ခြင်းသည် အဓိကအားဖြင့် ဒေသခံပြည်သူလူထု၏ နေ့စဉ်လေ့လာစူးစမ်းခြင်းမှတဆင့် လုပ်ဆောင်ပြီး CSO များမှ ထိုလေ့လာချက်များကို ဒေသခံရွာသူ ရွာသားများမှ ဘေးကင်းလုံခြုံစွာ စုစည်းမှတ်တမ်းတင်နိုင်ရန်ကူညီပေးနိုင်ပါသည်။ ၎င်းသည် ပြဿနာအသစ်များကို ဖော်ထုတ်ရန်၊ ရှိပြီးသား လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို စောင့်ကြည့်ရန်နှင့် ဒေသတွင်းအဖွဲ့အစည်းများ နှင့် ထိတွေ့ဆောင်ရွက်ခြင်းဖြင့် ၎င်းတို့အတွက် ဒေသတွင်းသို့မဟုတ် ပူးပေါင်းဆောင်ရွက်သည့် ဖြေရှင်းနည်းများကို ရှာဖွေဖန်တီး နိုင်ရန် ကူညီပေးနိုင်ပါသည်။

အရပ်ဖက်အဖွဲ့အစည်း (CSOs) အများစုတွင် ရပ်ရွာအတွင်းတွင် ဝန်ထမ်းများ/စေတနာ့ဝန်ထမ်းကွန်ရက်များ၊ ရပ်ရွာအဖွဲ့ဝင်များ ခေါ်ဆိုရန် ဖုန်းလိုင်းများ သို့မဟုတ် ပုံမှန်ရပ်ရွာကွင်းဆင်းမှုများစသည့် ရပ်ရွာအဆင့်စောင့်ကြည့်မှတ်တမ်းတင်ခြင်းကို ပံ့ပိုးပေးသည့် ယန္တရားများ ရှိနှင့်ပြီးဖြစ်သည်။ ယခုဖော်ပြထားသည့်နည်းလမ်းများသည် ရှိနှင့်ပြီးနည်းနာများကို အစားထိုးရန်မဟုတ်ပဲ ၎င်းတို့အား ပိုအားကောင်းစေရန် ပံ့ပိုးပေးဖို့ဖြစ်သည်။ ရပ်ရွာစောင့်ကြည့် မှတ်တမ်းတင်ခြင်းဆိုင်ရာ မှတ်တမ်းပြုစုခြင်းကို အဓိက အပိုင်းနှစ်ပိုင်းခွဲနိုင်ပါသည်။

(၁) စီမံကိန်းထိခိုက်မှုပြအချိန်ဇယား– စီမံကိန်းတစ်ခုစတင်ချိန်နှင့်လက်ရှိအချိန်ထိ ထိခိုက်မှုများကို အချိန်ကာလအလိုက်မှတ်တမ်းတင်ခြင်း။

(၂) စဉ်ဆက်မပြတ် ရပ်ရွာအခြေပြု သဘာဝပတ်ဝန်းကျင် စောင့်ကြည့် မှတ်တမ်းတင်ခြင်းကို ပံ့ပိုးကူညီခြင်း။

ဤလက်စွဲစာအုပ်မှာ အထက်ပါနည်းလမ်းနှစ်ခုကို ခွဲထားသော်လည်း ၎င်းတို့မှာ တစ်ခုနှင့်တစ်ခုအလားသဏ္ဍာန်တူပြီး အချင်းချင်းအပြန်လှန်သရုပ်ဖော်ပေးသည့် နည်းလမ်းများဖြစ်သည်။ ကာလအပိုင်းအခြားဇယား (အချိန်ဇယား) တစ်ခုသည် စဉ်ဆက်မပြတ် စောင့်ကြည့်မှတ်တမ်းတင်ရေးကို ပံ့ပိုးလမ်းညွှန်ပေးနိုင်ပြီး ထို **စောင့်ကြည့်မှတ်တမ်းတင်ခြင်း**လုပ်ငန်းစဉ်မှ ပေါ်ထွက်လာသည့် အချက်အလက်များကို သမိုင်းကာလဖြစ်ရပ်များကို ကာလအလိုက်စဉ်ထားသည့်စာရင်းတွင် ထည့်သွင်းဖော်ပြနိုင်သည်။

အချက်အလက်များစုစည်းပြီးသည့်အခါ မြေပြင်အချက်အလက်များသည် ရပ်ရွာလူထုများကြား သို့မဟုတ် အာဏာပိုင်များကြား ဒေသဆိုင်ရာဆုံးဖြတ်ချက်ချမှတ်ရာတွင် ပံ့ပိုးပေးခြင်း၊ သို့မဟုတ် စီးပွားရေးလုပ်ငန်းရှင်များ သို့မဟုတ် ဇီဝမျိုးကွဲနှင့် ရာသီဥတုဖောက်ပြန်ခြင်းဆိုင်ရာကိစ္စများ လုပ်ကိုင်နေသည့် နိုင်ငံတကာယန္တရားများ ထံသို့ တိုက်တွန်းလှုံ့ဆော်ရေးများလုပ်သည့်အခါ အလွန်အရေးပါသည့် အချက်အလက်များအဖြစ် ပံ့ပိုးပေးနိုင်ပါသည်။ အချက်အလက်များကို နောင်အနာဂတ် အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတရေး လုပ်ငန်းများအတွက်လည်း လုံခြုံစွာ သိမ်းဆည်း ထားနိုင် ပါသည်။

ဤလက်စွဲစာအုပ်တွင် နောက်ဆက်တွဲ ၄ ခုပါဝင်ပါသည်။

- နောက်ဆက်တွဲ (၁) – စဉ်ဆက်မပြတ် ရပ်ရွာအခြေပြု သဘာဝပတ်ဝန်းကျင် စောင့်ကြည့်မှတ်တမ်းတင်ရေးကို ပံ့ပိုးကူညီနိုင်သည့် စီမံကိန်းထိခိုက်မှု ကာလပြဇယားနှင့် ညွှန်းကိန်း နမူနာများပါသည့် ဖြစ်ရပ်လေ့လာမှု။
- နောက်ဆက်တွဲ (၂) – စီမံကိန်းထိခိုက်မှုကာလပြဇယားတစ်ခုပြုလုပ်ရာတွင် ထည့်သွင်း စဉ်းစားရမည့် အရာများ စစ်ဆေးမှုစာရင်း။
- နောက်ဆက်တွဲ (၃) – စဉ်ဆက်မပြတ် ဒေသအခြေပြု သဘာဝပတ်ဝန်းကျင် စောင့်ကြည့်မှတ်တမ်းတင်ရေး ဆောင်ရွက်ချိန်တွင် စီစစ်စောင့်ကြည့်ရမည့် စစ်ဆေးမှုစာရင်း။

- နောက်ဆက်တွဲစာစု (၄) – ကျောင်မီးသွေး၊ရွှေနှင့်မြေရှားသတ္တုတူးဖော်ခြင်း ဆိုင်ရာ သီးခြား ထိခိုက်မှုဆိုင်ရာ အချက်အလက်များ။

**ဖြစ်ရပ်လေ့လာမှု – တနင်္သာရီတိုင်းရှိ ဒေသန္တရဗဟုသုတအခြေပြု သုတေသန**

ဤအစီရင်ခံစာတွင် တနင်္သာရီမြစ်ကြောင်းတစ်လျှောက်ရှိ ဌာနေကရင်တိုင်းရင်းသားများ၏ ဒေသန္တရဗဟုတများကို အသေးစိတ်ရေးသားဖော်ပြထားပါသည်။ ဤအစီရင်ခံစာပါ ဒေသန္တရ ဗဟုသုတအချက်အလက်များမှာ ကျွမ်းကျင်ပြီး "သိပ္ပံ"နည်းကျသည်ဟုဆိုနိုင်မည့် ဒေသပြည်သူများ၏ မိမိပတ်ဝန်းကျင် အကြောင်းသိရှိနားလည်သည့် သာဓကတစ်ခုဟုဆိုရပေမည်။ ၎င်းမှာ ဒေသခံ ရွာသူရွာသားများမှ ဒေသသန္တရဗဟုသုတများကိုအသုံးပြုကာ မိမိတို့ဂေဟစနစ်များ ပြောင်းလဲမှုကို လေ့လာမှတ်သားထားခြင်းဖြင့် ဒေသတွင်းသယံဇာတစောင့် ကြည့်ခြင်း အလုပ်ဆောင်ရွက်ခြင်းမှာ အလွန်အားကောင်းသည့် နည်းလမ်းတစ်ခု ဖြစ်ကြောင်း ပြသရာရောက်ပါသည်။

## (၇.၁) စီမံကိန်းထိခိုက်မှုပြအချိန်ဇယား – စီမံကိန်းတစ်ခုအား ကာလ အပိုင်းအခြားအလိုက် မှတ်တမ်းတင်ခြင်း

စီမံကိန်းထိခိုက်မှုပြအချိန်ဇယားသည် စီမံကိန်းတစ်ခု သို့မဟုတ် သယံဇာတ ထုတ်လုပ်မှုများ၏ သမိုင်းကြောင်း သို့မဟုတ် ရပ်ရွာဒေသများအပေါ် ၎င်းတို့တွင်ရှိ သော သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ထိခိုက်မှုများကို မှတ်တမ်းပြုစုထားခြင်းဖြစ်သည်။ ၎င်းမှာ အဘယ်ကြောင့် အသုံးဝင်သနည်းဟု ဆိုရလျှင်

- ရပ်ရွာသူ၊ရွာသားများမြင်တွေ့ရသည့် အသေးစိတ်ဇဟုသုတများမှာ အချိန်ကာလ ကြာလာသည်နှင့်အမျှ မေ့ပျောက်သွားနိုင်သည် သို့မဟုတ် ရောထွေးသွားနိုင်သည် သို့မဟုတ် ရွာသူရွာသားများပြောင်းရွှေ့သွားနိုင်သည်။
- ၎င်းသည် ရပ်ရွာဒေသ တစ်ခု၏ သယံဇာတအသုံးပြုရယူခွင့်ကို ပြောင်းလဲစေခဲ့သည့် အဓိကဖြစ်ရပ်များကို ဖော်ပြပါသည်။ စောင့်ကြည့်မှတ်တမ်းတင်ခြင်းအချက်အလက်များ နှင့် ပေါင်းလိုက်လျှင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများကို ပြနိုင်သည့် ထိရောက်သော သက်သေ အထောက်အထားများ တည်ဆောက်ရာတွင် ကူညီနိုင်သည်။
- ၎င်းသည် သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် ဂျန်ဒါရေးရာအခြေခံ ထိခိုက်သက်ရောက်မှုများနှင့် အပြောင်းအလဲများ၏ အရေးပါသောဇာတ်ကြောင်းကို ဖန်တီးပေးကာ တိုက်တွန်းလှုံ့ဆော်ခြင်းနှင့် အခြားသက်ဆိုင်သူများမှ ပြဿနာများကို နားလည်သဘောပေါက်စေရန်အတွက် အသုံးဝင်နိုင်ပါသည်။
- စီမံကိန်းသမိုင်းတလျှောက်ထိခိုက်မှုများကို စုစည်းခြင်းသည် နောင်အနာဂတ်တွင် လေ့လာစောင့်ကြည့်ရမည့် အရာများကို ညွှန်ပြပေးနိုင်သည်။ အထူးသဖြင့် ရွာသူရွာသားများတွင် အချိန်နှင့် အရင်းအမြစ်အကန့်အသတ်ရှိနေ၍ဖြစ်ပါသည်။ ၎င်းသည် ရပ်ရွာမြေယာ၏သီးခြားအစိတ်အပိုင်းများ (ဥပမာ ချောင်းများ သို့မဟုတ် ရေတွင်းများ သို့မဟုတ် သစ်ခုတ်မှုခံရနိုင်သည့်နေရာများ)၊ ထိခိုက်မှုအမျိုးအစားများ (ဥပမာ ဇီဝမျိုးကွဲများ၊ ကျန်းမာရေး၊ ရေ၊ လူမှုရေးနှင့် ယဉ်ကျေးမှု အလေ့အထများ) သို့မဟုတ် အဓိကညွှန်းချက်များ (ဥပမာ သစ်ထုတ်ခြင်း သို့မဟုတ် မြစ်ထဲ နုန်းအနယ်ထိုင်ခြင်းကြောင့်ထိခိုက်နိုင်သည့် မျိုးစိတ်များ၊ သို့မဟုတ် ရပ်ရွာတစ်ခုခုမှာ သီးနှံတစ်ခုခု စိုက်ပျိုးနိုင်စွမ်း) စသည်တို့ကို အဓိကထား စီစစ်စောင့်ကြည့်ရန်လည်း အထောက်အကူဖြစ်စေပါသည်။

ကာလအပိုင်းအခြားပြဇယား သို့မဟုတ် စီမံကိန်းထိခိုက်မှုအချိန်ဇယားသည် အဓိကဖြစ်ရပ်များကို မှတ်သားထားသည့် ဇယားငယ်တစ်ခုဖြစ်နိုင်သလို အသေးစိတ်

ရေးသားထားသည့် မှတ်တမ်းရှည် တစ်ခုလည်း ဖြစ်နိုင်ပါသည်။ ၎င်းသည် CSO များ သို့မဟုတ် ရပ်ရွာအဖွဲ့ဝင်များထံတွင် အချက်အလက်အားလုံးကို စုစည်းရန် သို့မဟုတ် အသုံးပြုလိုသည့်အချိန်၊ စီမံကိန်း သို့မဟုတ် သယံဇာတထုတ်လုပ်ငန်းများ၏ အတိုင်းအတာနှင့် ကြာချိန် နှင့် ရပ်ရွာက ဆောင်ရွက်လိုသော တိုက်တွန်းလှုံ့ဆော်ရေး အမျိုးအစားပေါ်တွင် မူတည်နိုင်သည်။

*သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများအတွက် မေးခွန်းများ*

**စီမံကိန်းထိခိုက်မှုပြအချိန်ဇယားကို ကျွန်ုပ်တို့ ဘယ်လိုအသုံးပြုမလဲ**

စီမံကိန်းထိခိုက်မှုပြအချိန်ဇယားသည် အန္တရာယ်ရှိသော စီမံကိန်းလုပ်ငန်း လည်ပတ်မှုများကို ဖြေရှင်းရန် အတွက် အရေးကြီးသော အကြောင်းအရာ၊ အချက်အလက်များကို ပံ့ပိုးပေးပါသည်။ ၎င်းသည် စီမံကိန်း လုပ်ငန်းလည်ပတ်မှု တစ်ခုမှ ရပ်ရွာအသိုင်းအဝိုင်းတစ်ခုအပေါ် မည်ကဲ့သို့အကျိုးသက် ရောက်ခဲ့သည် ကို ပြသသည့်အပြင် အနာဂတ်တွင် တိုက်တွန်းလှုံ့ဆော်မှုများအတွက် အရေးကြီး သော ဇာတ်ကြောင်းကို လည်း ပံ့ပိုးပေးပါသည်။

**အဲဒါကိုလုပ်ဖို့ အချိန်ဘယ်လောက်ကြာနိုင်လဲ**

အသေးစိတ်၊အတိမ်အနက်ပေါ် မူတည်ပြီး၊ စီမံကိန်းထိခိုက်မှုပြအချိန်ဇယားတစ် ခုပြုလုပ်ရန် အချိန်အကြာကြီး မယူသင့်ပေ။ CSO များနှင့် ရပ်ရွာလူထုများ အတူတကွ ပူးပေါင်း၍ စီမံကိန်းနှင့် နောက်ဆက်တွဲ ထိခိုက်မှုများအတွက် အချိန် ကာလပြဇယားတစ်ခုကို သတ်မှတ်နိုင်ပြီး၊ ပြုလုပ်ရန် အများဆုံး နာရီအနည်းငယ် သာကြာနိုင်သည်။ အခြားတနည်းလမ်းအားဖြင့် ပိုမိုအသေးစိတ်သုံးသပ်မှု တစ်ခု လုပ်လိုပါက ဆွေးနွေးမှုများစွာပြုလုပ်ရန်လိုပါလိမ့်မည်။

**လုံခြုံရေးအရစိုးရိမ်စရာတွေကဘာတွေလဲ၊ အန္တရာယ်တွေကို ဘယ်လိုလျှော့ချနိုင်လဲ**

စီမံကိန်းထိခိုက်မှုပြအချိန်ဇယားတွင် ရေးမှတ်ထားသည့် သမိုင်းဝင်နှင့် ဆက်စပ်အချက် အလက်များ သည် ရပ်ရွာအသိုင်းအဝိုင်းများ သို့မဟုတ် လူတစ်ဦးချင်းစီကို ထိခိုက်စေနိုင်သော အချက်အလက်များ ပါဝင်နိုင်ပါသည်။ ဖြစ်နိုင်ပါက အမည်များနှင့် နေရာများကို ချန်လှပ်ထားပါ သို့မဟုတ် အမည်လွှဲများဖြင့်သာ မှတ်သားထားပါ။

**အမျိုးသမီးများနှင့်လူနည်းစုအဖွဲ့တွေပါဝင်နိုင်အောင် ဘယ်လိုလုပ်ရမလဲ**

စောင့်ကြည့်မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်များတွင် အမျိုးသမီးများနှင့် လူနည်းစုအဖွဲ့များက မည်သို့ ပါဝင် နေကြသလဲ၊ အထူးသဖြင့် ထိုအုပ်စုများသည် အန္တရာယ်ရှိသော သယံဇာတထုတ်ယူခြင်းမှ ထိခိုက်မှုများကို ပိုခံရသောကြောင့် အမျိုးသမီးများနှင့် လူနည်းစုအုပ်စုများ၏ အမြင်များ ပါဝင်ရန် အရေးကြီးပါသည်။ ထိုကဲ့သို့သော ထည့်သွင်းစဉ်းစားချက်များတွင် သယံဇာတထုတ်ယူမှုသည် အမျိုးသားနှင့် အမျိုးသမီးများကြား ပိုင်ဆိုင်မှု၊ ထိန်းချုပ်မှု၊ ဆုံးဖြတ်ချက်ချခြင်းအပေါ် မည်သို့ အကျိုး သက်ရောက်မှုရှိနေလဲ စသည့် အချက်များပါဝင်နိုင်ပါသည်။ ရပ်ရွာလူထုများအနေဖြင့် ထိုအချက်များကို သတိပြုမှတ်သားသင့်ပြီး CSO များသည် ၎င်းတို့အား မှတ်တမ်းတင်ရာတွင် သတိမူသင့်ပါသည်။




စီမံကိန်းထိခိုက်မှုပြအချိန်ဇယားတစ်ခုသည် အနာဂတ်တွင်ဆက်လက်လုပ်ဆောင်မည့် စောင့်ကြည့် မှတ်တမ်းတင်ရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုနိုင်သော်လည်း မရှိမဖြစ် လိုအပ်သည်ဟု မဆိုလိုပါ။ ထိုအချိန်ဇယားတစ်ခုမပါပဲ CSO များနှင့်ရပ်ရွာပြည်သူများသည် စဉ်ဆက်မပြတ် စောင့်ကြည့်မှတ်တမ်းတင်ရေးအလုပ်ကိုစတင်မှတ်တမ်းတင်နိုင်ပြီး၊ အချို့ရပ်ရွာအတွက် စီမံကိန်း ထိခိုက်မှုပြအချိန်ဇယား အချက်အလက်စုစည်းမှုမှာ ဦးစားပေးလုပ်ဆောင်မည့်အရာ ဟုတ်ချင်မှ ဟုတ်ပေလိမ့်မည်။ ထိုအချိန်ဇယားမှာ အလျဉ်းသင့်သလို အချိန်နှင့်အမျှဖြည့်စွက်ရေးသားနိုင်သည့် မှတ်တမ်းတစ်ခုလည်းဖြစ်ပါသည်။ ရပ်ရွာများကို ပံ့ပိုးပေးနေသည့် CSO များသည် စီမံကိန်းတစ်ခု၏ အသေးစိတ်သမိုင်းကြောင်းနှင့် ရပ်ရွာမှခံစားခဲ့ရသော ထိခိုက်မှုများကို လစဉ်မှတ်သားထားစေရန် ၎င်းအား ပုံမှတ်တာဝန်တစ်ခုသတ်မှတ်ကာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဒိုင်ယာရီမှတ်တမ်းတစ်ခုကို လည်း လုပ်ထားနိုင်သည်။

ပါဝင်နိုင်သော အချက်အလက်အမျိုးအစားများမှာ

- ရပ်ရွာ၏သမိုင်းတွင် အဓိကဖြစ်ရပ်များအပါအဝင် စီမံကိန်းမတိုင်မီ ရပ်ရွာ၏ နေထိုင်မှုဘဝအကြောင်း အချက်အလက်။
- စီမံကိန်းတွင် အဓိကပါဝင်ပတ်သက်သူများ။ ၎င်းကို အောက်တွင်ဖော်ပြထား သော (desktop stakeholder research tool) ကို အသုံးပြု၍ ရေးသားပြုစု နိုင်သည်။
- စီမံကိန်းအတွက် ကုမ္ပဏီ သို့မဟုတ် အာဏာပိုင်များက တောင်းဆိုခဲ့သည့် ညှိနှိုင်းမှု သို့မဟုတ် သဘောတူညီချက်များ။ ရပ်ရွာအတွင်း ဒေသခံ လူကုံထံများနှင့် သဘောတူညီချက်များ ရှိခဲ့သလား။ ဤအချက်ကြောင့် လူ့အသိုင်းအဝိုင်းတွင် ပဋိပက္ခများ ရှိပါသလား။
- သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ (လေထုအရည်အသွေး၊ မြစ်၊ ချောင်းများ နှင့် ရေတွင်းများ၊ မြေဆီလွှာနှင့် လယ်မြေများ)၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများ (အသက်မွေးဝမ်းကျောင်းမှု၊ မြေယာသိမ်းမှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက် မှုများ၊ အထူးသဖြင့် အမျိုးသမီးများနှင့် လူနည်းစုအုပ်စုများအပေါ် ထိခိုက် မှုများ) အပါအဝင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများ၊ အပြောင်းအလဲ များဖြစ်စေခဲ့သည့် ထင်ရှားသည့်အဖြစ်အပျက်များ၊ရက်စွဲများ။
- သိမ်းဆည်းခံရသည့် မြေကွက်များ၊ ကျန်းမာရေးပြဿနာများနှင့် ကြုံတွေ့နေ ရသော အိမ်ထောင်စုအရေအတွက် စသည်တို့ကဲ့သို့သော ထိခိုက်မှုများကို တွက်ချက်သည့် ကိန်းဂဏန်းများ။
- ရပ်ရွာလူထု၊ CSO များ နှင့် ဒေသဆိုင်ရာအာဏာပိုင်များ၊ စီမံကိန်းအော်ပရေတာ များကဲ့သို့သော သက်ဆိုင်သူများ နှင့် တွေ့ဆုံသည့်စည်းဝေးရက်စွဲများ၊ မှတ်တမ်းအသေးစိတ်များ သို့မဟုတ် ဆက်သွယ်ပေးပို့သည့်အချက်အလက် အသေးစိတ်များ၊ရက်စွဲများ။
- ရပ်ရွာလူထုများ ထိခိုက်မှုကိုပြသည့် လူတစ်ဦးချင်း၏ ဖြစ်ရပ်ဇာတ်လမ်းများ သို့မဟုတ် သာဓကဖြစ်ရပ်များ။

ထို့အပြင် ရှိပြီးသား ဓာတ်ပုံများနှင့် ဗီဒီယိုများကို စုဆောင်းထားရန်လည်း အရေးကြီးပါသည်။ ၎င်းတို့ကို အွန်လိုင်းတွင် လုံခြုံစွာ သိမ်းဆည်းပြီးသည်နှင့် ရပ်ရွာအဖွဲ့ဝင်များသည် ၎င်းတို့၏ လုံခြုံရေး အန္တရာယ်များကို လျှော့ချရန် မိမိတို့၏ ဖုန်းနှင့်စက်များထဲမှ ပုံများ၊ဗွီဒီယိုများကို ဖျက်ပစ်သင့်ပါသည်။ ပိုမိုသေချာစေရန် ဓာတ်ပုံနှင့် ဗီဒီယိုများကို မည်သည့်အချိန် သို့မဟုတ် မည်သည့်နေရာတွင် ရိုက်ကူးခဲ့သည်ကိုလည်း မှတ်သားထားသင့်ပါသည်။

အောက်ဖော်ပြပါဇယားသည် ဖြစ်ရပ်များကိုကာလအလိုက် စဉ်ထားသည့်စာရင်း သို့မဟုတ် စီမံကိန်းထိခိုက်မှုပြအချိန်ဇယားတစ်ခုကို ပြုစုရေးသားရန် ကူညီပံ့ပိုးနိုင်သည့် သာဓကမေးခွန်းများဖြစ်ပါသည်။ ထိခိုက်မှုများကို မှတ်တမ်းပြုစုရာတွင် ကူညီပေးသော CSO များက ၎င်းကို အသုံးပြုနိုင်ပါသည်။ အကြီးစားစီမံကိန်းတစ်ခုမှမရှိသော်လည်း သစ်ထုတ်လုပ်ခြင်းနှင့် အသေးစားသတ္တုတူးဖော်ခြင်းများ ယေဘုယျတိုးမြင့်လာသည့်အခြေအနေတွင် စီမံကိန်း၏ အကျိုးသက်ရောက်မှုနှင့် အသေးစိတ်အချက်အလက်များနှင့်အညီ မေးခွန်းများကို ပြောင်းလဲနိုင်ပါသည်။ နောက်ဆက်တွဲ (၁) တွင်ဖော်ပြထားသည့် ဖြစ်ရပ်လေ့လာမှုတစ်ခုသည် စီမံကိန်းထိခိုက်မှုပြအချိန်ဇယား၏ ဥပမာတစ်ခုဖြစ်ပါသည်။ နောက်ဆက်တွဲ (၂) တွင် သက်ဆိုင်နိုင်သည့် အသေးစိတ်အချက်အလက်များနှင့် ထိခိုက်မှုများကို စီစစ်နိုင်သည့် စာရင်းတစ်ခု ဖော်ပြထားသည်။

| မေးခွန်း | ရက်စွဲ (ခုနှစ်) | မှတ်စုများ/ရှင်းလင်းဖော်ပြချက်များ |
|---|---|---|
| စီမံကိန်းအကြောင်းကို သင်ဘယ်အချိန်မှာသိလာရလဲ၊ ကျေးဇူးပြု၍ အသေးစိတ်ရှင်းပြပေးပါ။ | | |
| ကုမ္ပဏီက ညှိနှိုင်းဆွေးနွေးတာတွေ လုပ်ခဲ့ပါသလား။ လုပ်ခဲ့ရင် ဘယ်သူတွေနဲ့လုပ်ခဲ့ပါသလဲ။ | | |
| ရပ်ရွာဒေသခံ သို့မဟုတ် အနီးအနားပတ်ဝန်းကျင်ကလူတွေ စီမံကိန်းကို သဘောတူခဲ့တာရှိလား။ ဘယ်သူတွေ တူခဲ့လဲ။ | | |
| ရပ်ရွာဒေသတွင်း အုပ်ချုပ်ရေးနဲ့ ပဋိပက္ခ သမိုင်းကြောင်းတွေကဘယ်လိုရှိလဲ။ ပြောင်းလဲလာတာတွေရှိပါသလား။ | | |
| စီမံကိန်းနဲ့ဆက်စပ်ပြီး ရပ်ရွာတွင်း လူမှုရေးပြဿနာတွေဖြစ်လာတာရှိလား။ | | |
| စီမံကိန်းကြောင့် သင် ဘာဆိုးကျိုးထိခိုက်မှုတွေ အဓိကကြုံတွေ့ရလဲ။ ဘယ်အချိန်ကစပြီး ကြုံလာရတာလဲ။ | | |
| ရပ်ရွာအတွင်းဆိုးကျိုးထိခိုက်မှုတွေ ဘယ်အချိန်ကနေစဖြစ်လာခဲ့တာလဲ။ | | |
| သင် ဘယ်အချိန်မှာ ကုမ္ပဏီ/အာဏာပိုင် ကိုယ်စားလှယ်တွေ တွေ့ဆုံခဲ့ပါသလဲ။ | | |

*ပုံ ၁ - စောင့်ကြည့်မှတ်တမ်းတင်ခြင်းအချိန်ဇယား ဥပမာ*

### ဖြစ်ရပ်လေ့လာမှု

ဤအစီရင်ခံစာတွင် တနင်္သာရီတိုင်းအတွင်း ဆီအုန်းစီမံကိန်းတစ်ခုမှ ရပ်ရွာဒေသတစ်ခုအပေါ် ဆိုးကျိုးထိခိုက်မှုများဖြစ်စေခဲ့သည့် အန္တရာယ်ဖြစ်ရပ်များကို အချိန်ကာလပြဇယားတစ်ခု ဖြင့် ဖော်ပြ ထားသည့် ဥပမာကောင်းတစ်ခု ပါရှိပါသည်။

### ပတ်ဝန်းကျင်စီစစ်စောင့်ကြည့်လေ့လာရေးတွင် အမျိုးသမီးနှင့်လူနည်းစုအုပ်စုများ၏ အသံကို ဗဟိုပြုခြင်း



အမျိုးသမီးများသည် သာတူညီမျှသော သဘာဝအရင်းအမြစ် စီမံအုပ်ချုပ်ရေးကို အကျိုးသက်ရောက်စေသည့် ခေတ်စနစ်ကြောင့် ဖြစ်သော လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် တရားရေးဆိုင်ရာ ခက်ခဲတားဆီးမှုများကို ရင်ဆိုင်ရပြီး ၎င်းတို့၏ ပြောဆိုခွင့်အသံများ မကြာခဏ ဆုံးရှုံးနေခဲ့ရသည်။ ရလဒ်အနေဖြင့် မြေယာမဲ့နှင့် လူနည်းစုများကဲ့သို့သော အမျိုးသမီးများနှင့် ဖယ်ကျဉ်ခံအုပ်စုများသည် သယံဇာတ တူးဖော်ရေး လုပ်ငန်းများ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုများကို အချိုးမညီမျှစွာ ခံကြရပါသည်။ အမျိုးသမီးများနှင့် ဖယ်ကျဉ်ခံလူနည်းစုများသည် သယံဇာတရင်းမြစ်များ ရယူခွင့် ဆုံးရှုံးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းစဉ်များမှ ဖယ်ထုတ်ခံရခြင်း နှင့် သတ္တုတွင်းကဏ္ဍများတွင် စီးပွားရေး အခွင့်အလမ်းများ ရရှိမှုနည်းပါးခြင်းတို့ကြောင့် အချိုး မညီမျှစွာ ထိခိုက်နိုင်ပါသည်။ ၎င်းတို့သည် သယံဇာတ တူးဖော်ရေးကဏ္ဍတွင် သတင်းအချက် အလက်ရနိုင်မှုလည်း နည်းပါးကြသည်။

ထို့အပြင် သတ္တုတွင်းစွန့်ပစ်ပစ္စည်းများမှ ညစ်ညမ်း သက်ရောက်မှုများကို အမျိုးသမီးများ၊ ကလေးငယ်များနှင့်ဖယ်ကျဉ်ခံလူနည်းစုများက ပိုမိုခံစားရ

နိုင်သည်။ ပထမအကြောင်းရင်းတစ်ခုမှာ ဓါတ်သတ္တုအဆိပ်အတောက်များသည် ကလေးငယ်များ၏ခန္ဓာကိုယ်နှင့်သန္ဓေသားဖွံ့ဖြိုးမှုကို ပိုမိုထိခိုက်နိုင်ပြီး ဒုတိယတစ်ခုမှာ ဖယ်ကျဉ်ခံ လူနည်းစုအုပ်စုများမှာ အခြားရွေးချယ်စရာ ရေအရင်းအမြစ်ရရှိနိုင်မှု မရှိကြ၍ဖြစ်သည်။ ထိုအချက်သည်အမျိုးသမီးများ၏ မိသားစုအပေါ် အစားအစာနှင့် သန့်ရှင်းသည့်ရေ ပံ့ပိုးနိုင်သည့် စွမ်းရည်ကို ထိခိုက်စေနိုင်ပြီး။ နောက်ပိုင်းတွင် အမျိုးသမီးများ ဝန်ထုပ်ဝန်ပိုးပိုပိုလာသည့်ပြဿနာနှင့်ရင်ဆိုင်လာရနိုင်သည်။ အကြောင်းမှာ အမျိုးသမီးများသည် ရေ၊ အစားအစာ၊ သစ်တောထွက်ပစ္စည်းများနှင့်လောင်စာထင်း ရရှိရန် အိမ်နှင့် ဝေးလံစွာသွားရခြင်း၊ ပိုမိုခက်ခဲစွာရှာဖွေကြရခြင်းတို့ကြောင့်ဖြစ်သည်။ အမျိုးသမီးများ၏ယခင် အသက်မွေးဝမ်းကျောင်းများ မရှိတော့သည်အခါ သို့မဟုတ် လုပ်ကိုင်၍မရနိုင်တော့သည့်အခါတွင် အမျိုးသမီးများသည် လိင်လုပ်ငန်းကဲ့သို့သော အနိုင်ကျင့်ခေါင်းပုံဖြတ်ခံရနိုင်သည့် အလုပ်များကို မှီခိုလာရနိုင်သည်။

သယံဇာတထုတ်ယူခြင်း လုပ်ငန်းများသည် အမျိုးသမီးများနှင့်ဖယ်ကျဉ်ခံလူနည်းစုများအပေါ် များပြားလှသည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ သက်ရောက်သောကြောင့် ၎င်းအုပ်စုများ၏ ပါဝင်မှုနှင့်အသံများကို မည်သည့်စောင့်ကြည့်မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်တွင်မဆို အလေးထား ထည့်သွင်းရန် လွန်စွာပင်အရေးကြီးပါသည်။

## (၇.၂) ရပ်ရွာဦးဆောင်သည့်စဉ်ဆက်မပြတ် ပတ်ဝန်းကျင်စောင့်ကြည့် မှတ်တမ်းတင်ခြင်း

### ဘာကြောင့် ပတ်ဝန်းကျင် စောင့်ကြည့်မှတ်တမ်းတင်ခြင်းလုပ်ရသလဲ။

သယံဇာတတူးဖော်ခြင်းလုပ်ငန်းမှ ရပ်ရွာလူထုများ ခံစားခဲ့ရသည့် အကျိုးသက်ရောက်မှုများ၏ အသေးစိတ်အချက်အလက်များနှင့် အချိန်ဇယားကို မှတ်တမ်းတင်ခြင်းအပြင်၊ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများကို ကာလအလိုက် ပုံမှန်စောင့်ကြည့်ရန် အရေးကြီးပါသည်။ ၎င်းသည် (၁) စီမံကိန်းတစ်ခုအား အသိုင်းအဝိုင်းတစ်ခုအပေါ် မည်သို့သက်ရောက်မှုရှိသည်ကို ပိုမိုကောင်းမွန်စွာ နားလည်စေသည်၊ (၂) ၎င်းတို့အား ဖြေရှင်းရန်နည်းလမ်းများကို အလေးထားရမည့် ကိစ္စရပ်များကို မီးမောင်းထိုးပြနိုင်ပြီး (၃) ဖြစ်နိုင်ချေရှိသော တိုက်တွန်းလှုံ့ဆော်ရေးအလုပ်များအတွက် တိကျရှင်းလင်းသည့် သက်သေအထောက်အထားများ တည်ဆောက်ပေးသည်။

ဤစာပိုဒ်တွင် ရပ်ရွာလူထုအခြေပြု ပတ်ဝန်းကျင်စောင့်ကြည့်မှတ်တမ်းတင်ခြင်းခြင်းဟူသည် အဘယ်အရာဖြစ်သည်၊ ၎င်းကို မည်သူဆောင်ရွက်သည်၊ မည်သည့်အချိန်နှင့်မည်သို့လုပ်ဆောင်သည်ကို ရှင်းပြထားပါသည်။ ထို့နောက် ထိုလုပ်ငန်းစဉ်ကို CSO များသည် မည်ကဲ့သို့ ပံ့ပိုးနိုင်ပြီး အချက်အလက်များကို ကောက်ယူစုစည်းနိုင်သည်ကိုလည်း ရှင်းလင်းထားပါသည်။

ရပ်ရွာလူထုအခြေပြု ပတ်ဝန်းကျင် စောင့်ကြည့်မှတ်တမ်းတင်ခြင်းသည် ပြည်သူ့သိပ္ပံသို့မဟုတ် ပူးပေါင်းပါဝင်စောင့်ကြည့်ခြင်းဟုလည်း လူသိများသော ဒေသန္တရအသိပညာ၊ အတွေ့အကြုံနှင့် လေ့လာတွေ့ရှိချက်များကို အသုံးပြု၍ အချက်အလက်စုဆောင်းခြင်း အလေ့အထတစ်ခုဖြစ်ပြီး၊ သက်သေအထောက်အထားများ တည်ဆောက်ခြင်း သို့မဟုတ် ဒေသတွင်း ပတ်ဝန်းကျင် ပြောင်းလဲမှုများကို ပိုမိုရှင်းလင်းစွာ နားလည်သဘောပေါက်စေရန်အတွက် အသုံးပြုသည့် နည်းနာ ဖြစ်သည်။

ထိုဒေသန္တရ အသိပညာ၊ ဒေသခံ ဗဟုသုတနှင့် အသိပညာများသည် အလွန်အစွမ်းထက်ပါသည်။

ရပ်ရွာအခြေပြု စောင့်ကြည့်မှတ်တမ်းတင်ခြင်းဆိုသည်မှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို စုံစမ်းစစ်ဆေးမှုများပြုလုပ်ခြင်းများကို မဆိုလိုပါ၊ သို့သော် ပတ်ဝန်းကျင်ဆိုင်ရာပြောင်းလဲမှုများနှင့် သယံဇာတထုတ်ယူသည့်စီမံကိန်းများကြောင့် ထိခိုက်သက်ရောက်မှုများအကြောင်းကို ပြည့်ပြည့်စုံစုံ ပြောပြနိုင်မည့် နေ့စဉ်လေ့လာတွေ့ရှိချက်များနှင့် အတွေ့အကြုံများကို စုဆောင်းခြင်း အလုပ်တစ်ခုဟု ပို၍ဆိုရပေမည်။

## ဘာတွေကို စောင့်ကြည့်မှတ်တမ်းတင် သင့်သလဲ။

- ရပ်ရွာဒေသအခြေပြု စောင့်ကြည့်မှတ်တမ်းတင်ခြင်းသည် စီမံကိန်းတစ်ခုကြောင့် ၎င်းတို့၏ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြောင်းလဲမှုများနှင့်ပတ်သက်၍ ရပ်ရွာမှ စောင့်ကြည့်လေ့လာမှုများကို စနစ်တကျမှတ်တမ်းတင်ခြင်းဖြစ်သည်။
- အရေးကြီးဆုံးအချက်မှာ ထိုအလုပ်သည် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခြင်းဟု မဆိုလိုဘဲ၊ နေ့စဉ် လုပ်ငန်းဆောင်တာများမှတစ်ဆင့် လေ့လာတွေ့ရှိချက်များကို CSO များ၏ ပံ့ပိုးကူညီမှုဖြင့် ပုံမှန်အချိန်ကာလများတွင် မှတ်တမ်းပြုစုထားခြင်းဖြစ်ပါသည်။
- စီမံကိန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်မှု နှင့် တွေ့ကြုံရသည့် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုအမျိုးအစားများ အပေါ် မူတည် စောင့်ကြည့်မှတ်တမ်းတင်ရန်အတွက် အညွှန်းများကို ရပ်ရွာလူထုက ဆုံးဖြတ် သင့်ပါသည်။ ဥပမာအားဖြင့် အကယ်၍ရပ်ရွာတစ်ခုသည် သတ္တုတွင်းမှ ရေချောင်းထဲသို့ စွန့်ပစ် အညစ်ကြေးများ စိမ့်ဝင်နေခြင်းကို စောင့်ကြည့်နေပါက၊ ချောင်းထဲသို့ အညစ်အကြေး အကြိမ်ရေမည်မျှ စွန့်ပစ်သည်၊ ရေ၏ အရောင် သို့မဟုတ် ရပ်ရွာလူထုများ ကြုံတွေ့ခဲ့ရသည့် ကျန်းမာရေးဆိုင်ရာ

ထိခိုက်မှုများ စသည်တို့ကို စီစစ်စောင့်ကြည့်နိုင်ပါသည်။
- စီမံကိန်းထိခိုက်မှုပြ အချိန်ဇယားသည် စောင့်ကြည့်မှတ်တမ်းတင်ရမည့် အညွှန်းများကို ဆုံးဖြတ်ရာတွင် ကူညီပေးနိုင်ပါသည်။

## ဘယ်သူတွေက စောင့်ကြည့်မှတ်တမ်းတင်ရမလဲ

- ဒေသခံအသိုင်းအဝန်းများ၊ နေထိုင်သူများ၊ အမျိုးသမီးအခွင့်အရေးကာကွယ်သူများ၊ သို့မဟုတ် ထိခိုက်ခံစားရသော ရပ်ရွာများနှင့် ထိုအနီးတဝိုက်တွင် နေထိုင်သည့် ရပ်ရွာအခြေပြု အဖွဲ့အစည်းများ။
- စီစစ်စောင့်ကြည့်လေ့လာရာတွင် ရပ်ရွာအတွင်း အမျိုးသမီးများနှင့် ဖယ်ကျဉ်ခံအုပ်စုများ ပါဝင်ကြောင်း သေချာစေရန် အရေးကြီးပါသည်။
- စီစစ်စောင့်ကြည့်လေ့လာခြင်းကို သီးခြားစိုးရိမ်မှုများရှိသူများမှ မိမိဆန္ဒဖြင့် အလွတ်သဘောနည်းဖြင့်လည်း လုပ်ဆောင်နိုင်သည်၊ သို့မဟုတ် ရပ်ရွာအခြေပြု အဖွဲ့အစည်းများမှတဆင့် ပိုမိုနည်းလမ်းကျစွာဖြင့်လည်း ဆောင်ရွက်နိုင်သည်။

## ရပ်ရွာပြည်သူများ လေ့လာစောင့်ကြည့်ခြင်းကို ဘယ်နှစ်ကြိမ်လုပ်ဆောင်သင့်သလဲ။

- ဤကဲ့သို့သော ပတ်ဝန်းကျင်စီစစ်စောင့်ကြည့်ခြင်းကို လူမှုအသိုင်းအဝိုင်းများတွင် ဆိုးဝါးသည့် ထိခိုက်နစ်နာမှုများ ကြုံတွေ့နေချိန်တွင်သာ လုပ်ဆောင်ရန် လိုအပ်ပါသည်။
- ရှင်းလင်းသည့် ပုံစံနမူနာများနှင့် အထောက်အထားအခြေခံကို ချမှတ်နိုင်စေရန်အတွက် စောင့်ကြည့်မှတ်တမ်းတင်ခြင်းကို ပုံမှန်ပြုလုပ်သင့်ပါသည်။ ၎င်းသည် စောင့်ကြည့် နေသည့်ကိစ္စရပ်များ ပေါ် မူတည်၍ နေ့စဉ်၊ အပတ်စဉ် သို့မဟုတ် လစဉ် အချိန်ကာလများအလိုက် ဖြစ်နိုင်သည်။ ဥပမာအားဖြင့် ညစ်ညမ်းသောရေကြောင့် ရွာသူရွာသားများသည် အဖုများ သို့မဟုတ် နေထိုင်မကောင်းဖြစ်မှု ကြုံတွေ့ရသည့် အကြိမ်အရေအတွက်ကို လစဉ်စီစစ်

စောင့်ကြည့်ခြင်းဖြင့် လုပ်ဆောင်နိုင်သည်။ ရပ်ရွာဧရိယာဖြတ်ကျော်ဖြတ်သွားလာနေသည့် သစ်ခုတ်ကား အရေအတွက်ကိုမူ နေ့စဉ်စောင့်ကြည့်မှတ်သားရန် လိုအပ်ပါသည်။

## ရပ်ရွာလူထုများ စောင့်ကြည့်မှတ်တမ်းတင်ခြင်းကို ဘယ်လိုစလုပ်သင့်သလဲ။

- **စောင့်ကြည့်မှတ်တမ်းတင်မည့် အညွှန်းများကို ရွေးချယ်ပါ** – ၎င်းတို့သည် (၁) အလွယ်တကူ ခွဲခြားနိုင်၊ အလွယ်တကူ မြင်နိုင်ရနိုင်သည့်အရာများ (၂) ရပ်ရွာလူထုများ မြင်တွေ့လေ့လာနေသည့် နေ့စဉ်လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများနှင့် (၃) နေ့စဉ်ရှုဝ အလုပ်လုပ်နေသည့်အတောအတွင်း အလွယ်တကူ ကောက်ယူနိုင်သည့် အရာများဖြစ်သင့်သည်။ နောက်ဆက်တွဲ (၃) တွင် စီစစ်စောင့်ကြည့်နိုင်သည့် ထိခိုက်မှုအမျိုးအစားအများစုကို ဖော်ပြပေးထားပါသည်။ CSO များသည် ရပ်ရွာများကို ၎င်းတို့နှင့် သက်ဆိုင်မည့် အသင့်တော်ဆုံးအချက်များကို ရွေးချယ်ရန် ကူညီနိုင်သည် (စီမံကိန်းထိခိုက်မှုပြအချိန်ဇယားကိုလည်း ကိုးကား အသုံးပြုနိုင်သည်)။

**ပတ်ဝန်းကျင်ထိခိုက်မှု စောင့်ကြည့်မှတ်တမ်းတင်ခြင်းအဆင့်များ**

(၁) ပတ်ဝန်းကျင် နှင့် လူမှုရေး ထိခိုက်ရေးဆိုင်ရာ ထိခိုက်မှုများကို စောင့်ကြည့်မှတ်တမ်းတင်ရန် အညွှန်းကိန်းများကို ရွေးချယ်ပါ။

(၂) ရွာသူရွာသားများ ပုံမှန်လေ့လာစစ်ဆေးနိုင်ရန် အစီစဉ်တစ်ခုရေးဆွဲပါ။ (နေ့စဉ်/အပတ်စဉ်/လစဉ် စသဖြင့်)

(၃) ရွာသူရွာသားများအနေဖြင့် ကူညီပံ့ပိုးပေးနေသည့် CSO များထံ စီစစ်တွေ့ရှိချက်များကို မျှဝေပေးပို့ရန် နည်းလမ်းတစ်ခုကို သဘောတူထားပါ။

(၄) လေ့လာတွေ့ရှိချက်များကို စုဆောင်းမှတ်တမ်းတင်ပါ၊ ပြီးလျှင် လုပ်ငန်းစဉ်အား ပုံမှန် အကဲဖြတ်သုံးသပ်ပါ။

- **အချက်အလက်စုဆောင်းခြင်း** – စောင့်ကြည့်မှတ်သားမည့်စာရင်းတွင် အချက်အလက် စုဆောင်းသည့် နည်းလမ်းများစွာ ဖော်ပြထားပြီး CSO များ နှင့် ရွာသူရွာသားများ ရွေးချယ်သောနည်းလမ်းမှာ လုံခြုံရေးအခက်အခဲ၊ ဒေသအာဏာပိုင်များရှိနေမှု၊ အင်တာနက်အဆက်အသွယ် စသည့်အချက် များပေါ် မူတည်နိုင်ပါသည်။
- အကယ်၍ မလုံခြုံပါက ရွာသူရွာသားများအနေဖြင့် ရှာဖွေတွေ့ရှိချက်များ ကို ရေးသားမှတ်တမ်းတင်ထားရန် မလိုပါ။ ၎င်းတို့အနေဖြင့် လေ့လာစောင့် ကြည့်ကာ အချက်အလက်များကို CSOများထံသို့ ပုံမှန်အချိန်တိုင်း ပေးပို့ ထားနိုင်ပါသည်။ ဆိုလိုသည်မှာ လုံခြုံသည့်နေရာတွင်ရှိနေသည့် CSO များသည် ထိခိုက်ခံပတ်ဝန်းကျင်မှ ရွာသူရွာသားများနှင့် ပုံမှန်ဆက်သွယ် ကာ ၎င်းတို့၏ လေ့လာတွေ့ရှိချက်များကို မှတ်သားထားရန်လိုပါသည်။
- အောက်ပါတို့မှာ ရပ်ရွာအသိုင်းအဝန်းများ၏ လိုအပ်ချက်နှင့်ကိုက်ညီစေရန် CSO များညှိယူနိုင်သည့် ဥပမာများဖြစ်ပါသည်။
    - ရွာသူရွာသားများသည် Signal ကဲ့သို့ လုံခြုံသည့် အပလီကေးရှင်းကို သုံး ကာ CSO များနှင့် ဖုန်းဖြင့်ဆက်သွယ်ခြင်းပေးပို့ခြင်းဖြင့် တွေ့ရှိချက်များ ကို ရေးသားမှတ်သား ထားခြင်းအား ရှောင်ရှားနိုင်ပါသည်။ ထို့နောက် CSO များမှ ရွာသူရွာသားများ၏ လေ့လာတွေ့ရှိချက်များကို မှတ်သား ထားပြီး စောင့်ကြည့်ရေးစာရင်းနှင့်တိုက်ကာ မေးခွန်းများမေးမြန်း နိုင်သည်။
    - ရွာသူရွာသားများသည် လုံခြုံသည်ဟု ယူဆလျှင် မိမိတို့အိမ်တွင် ပုံမှန် ဖြည့်သွင်းနိုင် သည့် စောင့်ကြည့်ရေး စာရင်းတစ်ခုအား စာရွက်တွင်ဖြစ် စေ မိမိတို့အသုံးပြုသည့် စက်ထဲတွင်ဖြစ်စေ သိမ်းဆည်းထားနိုင်သည်။ ထိုစာရင်းကို စဉ်ဆက်မပြတ်ဖြည့်သွင်း နိုင်သလို တစ်လတစ်ခါသာဖြည့် သွင်းမည်ဟုလဲ သတ်မှတ်ထားနိုင်သည်။ ထိုသို့မှတ်တမ်းမှတ်ရာများကို သိမ်းဆည်းထားခြင်းမှာ အန္တရာယ်ဖြစ်စေနိုင်ပါသည်။ အန္တရာယ်ကို လျော့ချနိုင်ရန် စောင့်ကြည့်ရေးစာရင်းကို လျှို့ဝှတ်စကားလုံးများဖြင့် မှတ်သားပြီး လစဉ်မှတ်တမ်းကိုဖြည့်ကာ CSO များထံပေးပို့ပြီး မက်ဆေ့

နှင့် မှတ်တမ်းများကို မိမိတို့စက်ထဲမှ ချက်ချင်းဖျက်ပစ်ရန်လိုပါသည်။

- ရွာသူရွာသားများသည် လေ့လာတွေ့ရှိချက်များကို Signal ဖြင့် CSO များထံသို့ ပေးပို့နိုင်ပြီး ပေးပို့ပြီးနောက် မက်ဆေ့များကို ဖျက်ပစ်ပါ။
- CSO များသည် အချက်အလက်များကို လုံခြုံသည့် အွန်လိုင်းဆာဗာတစ်ခုတွင် သိမ်းဆည်းထားရန် ရွေးချယ်နိုင်ပြီး မိမိတို့၏စက်အတွင်းမှ အချက်အလက်များကို ပုံမှန်ဖျက်ပစ်ဖို့လိုပါသည်။ ရွာသူရွာသားများမှလည်း အချက်အလက်များအား လုံခြုံသည့် အွန်လိုင်းဆာဗာတွင် သိမ်းဆည်းထားရန် CSO များထံသို့ ပေးပို့နိုင်သည်။
- ရွာသူရွာသားများ သို့မဟုတ် CSO များသည် MAPEO app ကဲ့သို့ အချက်အလက်များကို အွန်လိုင်းတွင်တိုက်ရိုက်သိမ်းထားနိုင်သည့် mobile app ကိုအသုံးပြု နိုင်သည်။ (အောက်ဇယားကွက်တွင် ဖတ်ပါ)။
- ရပ်ရွာဒေသအတွင်းအခြေပြုသည့် CSO များသည် အန္တရာယ်ကျရောက်နိုင်ခြေများပါသည်။ ထိုအဖွဲ့များအနေဖြင့် အရေးကြီးသည့် အချက်အလက်များကို လုံခြုံစွာသိမ်းထားရန် မြန်မာနိုင်ငံပြင်ပတွင်ရှိသည့် CSO များနှင့် INGO များ၏ အကူအညီကို ရယူနိုင်ပါသည်။

- CSO များသည် ရပ်ရွာသူ၊သားများကို ရှာဖွေတွေ့ရှိချက်များအား ပုံမှန်အချိန်ဖြင့် (ဥပမာ တစ်လတစ်ကြိမ် သို့မဟုတ် နှစ်လတစ်ကြိမ်) အကဲဖြတ်သုံးသပ်ရန် ကူညီပံ့ပိုးသင့်ပါသည်။



**ရပ်ရွာစောင့်ကြည့်မှတ်တမ်းတင်ခြင်း– စောင့်ကြည့်မှတ်သားရမည့် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ ထိခိုက်မှုများ ( မှတ်ချက်။ ။ နောက်ဆက်တွဲ (၃)၏ စောင့်ကြည့်မှတ်သားရန်စာရင်းတွင် ပိုပြီး စောင့်ကြည့်မှတ်တမ်းတင်မည့် အရာများနှင့်အညွှန်းများကို ဖော်ပြထားပါသည်)။**

**ရေ** ။ ။ ရေက ဘာအရောင်လဲ။ ရပ်ရွာလူထုက သောက်သုံးနိုင်ပါသလား။ ရေရဲ့ စီးဆင်းပုံနဲ့ ရေပမာဏက ဘယ်လိုရှိပါသလဲ။ သိသာမြင်သာသောပြောင်းလဲမှုများ ရှိပါသလား။ ရေချိုးလို့ အဆင်ပြေသေးလား။ ငါးအရေအတွက်ရော ဘယ်လိုရှိသလဲ။ ဘယ်သူတွေ ရေသုံးစွဲခွင့် ဆုံးရှုံးသွားလဲ။

**သစ်တော၊ ဇီဝမျိုးစုံမျိုးကွဲနှင့် တောရိုင်းတိရစ္ဆာန်များ။** ။ သစ်တောအခြေအနေ ဘယ်လိုရှိလဲ။ သစ်တောပြုန်းတီးမှုကို သတိပြုမိပါသလား။ တိရိစ္ဆာန်များ အရေအတွက် လျော့နည်းကျဆင်းလာသည်ကို သတိပြုမိပါသလား။ တောမီးလောင်ဖူးလား။ ရွာသူရွာသားများ သစ်တောသို့ ဝင်ရောက်ခွင့်၊အသုံးပြုခွင့် ဆုံးရှုံးဖူးပါသလား။

**မြေယာ။** ။ မြေဆီလွှာ အရည်အသွေး ပြောင်းလဲမှုများကို သတိပြုမိပါသလား။ အချို့အပင်များ ကြီးထွားမှုနည်းလာသလား သို့မဟုတ် ပေါက်ရောက်မှုကွဲပြားသလား။ မြေများ ကွဲအက်ခြင်း သို့မဟုတ် ခြောက်သွေ့ခြင်းကို သတိပြုမိပါသလား။ ရွာသူရွာသားများ မြေယာအသုံးပြုခွင့် ဆုံးရှုံးဖူးပါသလား။ မြေယာပိုင်ဆိုင်ခွင့်နှင့် သုံးစွဲခွင့်များ မည်သို့ပြောင်းလဲလာပါသလဲ။ ၎င်းသည် ဂျန်ဒါ အပေါ် သက်ရောက်မှုရှိပါသလား။

**လေ။** ။ ရွာသူရွာသားများ လေထုညစ်ညမ်းမှု တွေ့ကြုံရပါသလား။ အနံ့ဆိုးတွေ ရှိလား။ မီးလောင်မှု ကြုံဖူးလား။ ရပ်ရွာတွင် တစ်ပတ်လျှင် ဘယ်နှစ်ကြိမ်မျှ အနံ့ဆိုးများ တွေ့ကြုံရတတ်လဲ။ ဖုန်မှုန့်အကြွင်း အကျန်များကျန်ခဲ့ ရှိပါသလား။ ရပ်ရွာအဖွဲ့ဝင်များ အသက်ရှုလမ်းကြောင်းဆိုင်ရာ ပြဿနာများ သို့မဟုတ် အသက်ရှုရန်ခဲမှုပြဿနာများ ကြုံတွေ့ဖူးပါသလား။

**ကျန်းမာရေး ။** ။ ရွာသူရွာသားများသည် ပုံမှန်မဟုတ်သော ဝေဒနာများ (ဥပမာ –ယားယံသည့်အဖုများ၊ ကျောက်ကပ်နာကျင်ခြင်း၊ ခေါင်းကိုက်ခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာဝေဒနာများ) ကို ခံစားနေရပါသလား။ ဒီပြဿနာတွေကို ရပ်ရွာထဲမှာ လူဘယ်နှစ်ယောက်လောက် ခံစားနေရလဲ။ ကိုယ်ဝန်ဆောင်မိခင်တွေနဲ့ ကလေးတွေမှာ မတူညီတဲ့ ကျန်းမာရေးပြဿနာတွေ ရှိပါသလား။ ရပ်ရွာမှာရှိတဲ့ အမျိုးသမီးတွေရဲ့ မိခင်ကျန်းမာရေးက ဘယ်လိုလဲ။ ယခုကဲ့သို့ နေထိုင်မကောင်းဖြစ်မှုများ ဖြစ်ပေါ်လာရခြင်းအပေါ် ရပ်ရွာလူထုက ဘယ်လိုထင်မြင်ယူဆပါသလဲ။

## အရပ်ဖက်အဖွဲ့အစည်း (CSO) များနှင့်ရပ်ရွာလူထု စွမ်းရည်မြှင့်တင်ရေး

စောင့်ကြည့်မှတ်တမ်းတင်ခြင်းအလုပ်များသည် တစ်ခါတစ်ရံတွင် စောင့်ကြည့်မှတ်သားနေသည့် ရပ်ရွာအဖွဲ့ဝင်များက စီမံကိန်းနှင့်ပတ်သက်သည့် အချက်အလက်များ ပိုမိုရရှိလာသောအခါတွင် ပိုထိရောက်မှုရှိနိုင်ပါသည်။ အကယ်၍ သတ္တုတူးဖော်ရေးလုပ်ငန်းစဉ်များ သို့မဟုတ် ဆက်စပ်သက် ရောက်မှုများကို ရွာသားများ သိရှိပါက ၎င်းတို့၏ ပုံမှန်အလုပ်များကို လုပ်ဆောင်နေရင်း အခြားဆက်စပ်နေသည့် ပြဿနာလက္ခဏာများကို ရှာဖွေနိုင်ပါသည်။ ဥပမာ ရွာသားတစ်ဦးမှ အက်စစ်မိုင်းရေနုတ်မြောင်းကို အန္တရာယ်တစ်ခုအဖြစ်ခွဲခြားနိုင်ပြီး တည်နေရာကို သိရှိပါက ရွာသားများမှ သတိထားကာ ပိုမိုထိရောက်စွာ မှတ်တမ်းတင်ထားနိုင်ပါသည်။ သို့တည်းမဟုတ် ရွာသားများမှ သတ္တုတွင်းတစ်ခု၏ စနစ်တကျအညစ်အကြေးစွန့်ပစ်မြေစာပုံသဏ္ဌာန်ကို သိရှိနားလည်ထားပါက ၎င်းတို့အနေဖြင့် ပိုမိုတိကျယုံကြည်ရသည့် လေ့လာမှတ်သားချက်များ ပြုလုပ်နိုင်ပါလိမ့်မည်။ ဥပမာ မြေစာပုံသည် မက်စောက်သည့်အဆင့်များ မရှိခြင်း၊ အပင်များစိုက်ထားခြင်း သို့မဟုတ် မြေသားထိန်းအကာ (Geotextile) ဖြင့်ဖုံးထားခြင်းနှင့် မြေဆီမြေနှစ်များပါဝင်သည့် ရေများ (မြေစာပုံမှကျသည့်ရေ) စသည့် မိုးရေနှင့်ရောပါမှုကို စနစ်တစ်ကျ နုန်းကန်များထံသို့မြောင်းလွှဲ ပို့လွှတ်ခြင်း ပုံစံများရှိရမည်။

ရွာသူရွာသားများမှာ ယခင်ကပင် သတ္တုတွင်းဆိုင်ရာ နည်းပညာဗဟုသုတများရှိကောင်းရှိနေပါလိမ့်မည်။ ဥပမာ ၎င်းတို့သည် လက်လုပ်လက်စား နှင့် သတ္တုတွင်းတွင် အလုပ်လုပ်သူများလည်းဖြစ်နိုင်ပါသည်။

အခြားသာဓကတစ်ခုမှာ ကျန်းမာရေးထိခိုက်မှုများဖြစ်သည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း သတ္တုအဆိပ်များမှာ သိသာသည့်ကျန်းမာရေးထိခိုက်မှုများရှိသည်။ မွေးရာပါချို့ယွင်းခြင်း၊ ဉာဏ်ရည် လျော့နည်းခြင်း၊ မူးဝေခြင်း၊ အာရုံမစိုက်နိုင်ခြင်း စသည့် ကလေးသူငယ်များတွင် အဖြစ်များတတ်သည့် အာရုံကြောနှင့် ဆိုင်သည့် ထိခိုက်မှုများ ဖြစ်တတ်ပါသည်။ အမျိုးသမီးများတွင် ကိုယ်ဝန်ပျက်ကျခြင်းနှင့် အခြားကျန်းမာရေးပြဿနာများ ပိုမိုများပြားနိုင်ပါသည်။ အကယ်၍ ရွာသူရွာသားများမှာ ထိုပြဿနာများကို သိရှိနားလည်ထားပါက ထိုထိခိုက်မှုများကို ချန်လှန်မထားခဲ့ပဲ မှတ်တမ်းတင် ထားနိုင်မည်ဖြစ်သည်။

စောင့်ကြည့်မှတ်တမ်းတင်ခြင်းလုပ်ဆောင်နေသည့် ရွာသူရွာသားများ သို့မဟုတ် ၎င်းတို့ကို ကူညီပံ့ပိုးပေးနေသည့် CSO များသည် စီမံကိန်းတစ်ခုချင်းအလိုက် ဆက်စပ်ပြီး နည်းပညာ ဗဟုသုတများတိုးလာစေရန် သင်တန်းများတတ်ရောက်နိုင်ပါသည်။


## ပတ်ဝန်းကျင် စောင့်ကြည့်မှတ်တမ်းတင်ရေး အတွက် အဓိက ထည့်သွင်းစဉ်းစားစရာများ

- **ဘေးကင်းရေးကို ဦးစားပေးပါ** – CSO များနှင့် ရပ်ရွာခေါင်းဆောင်များသည် စောင့်ကြည့်မှတ်တမ်းတင်ရေး အလုပ်တစ်ခုမလုပ်ခင် အပိုဒ် ( ၆ ) ရေးထားသည့် ဘေးအန္တရာယ်ဆိုင်ရာ သတိပေးချက်များကို အတူတကွဖတ်ရှု သုံးသပ်သင့်ပါသည်။ ရွာသူများအနေဖြင့် အန္တရာယ်များကို အကဲဖြတ်ပြီး လုံခြုံသည်ဟု မခံစားရပါက အချက်အလက်များစုဆောင်းခြင်း၊ မိမိတို့၏မိုဘိုင်းဖုန်း

များတွင် သိမ်းထားခြင်းများ မလုပ်သင့်ပါ။ အချက်အလက်များပျက်သွားပါက ပြန်လည်ကောက်ယူနိုင်ပါသည်။ သံသယရှိပါက အချက်အလက်များကို ဖျက်လိုက်ပါ။

- **အန္တရာယ်များသည့်နေရာများကို ရှောင်ပါ** – ရွာသူရွာသားများအနေဖြင့် အန္တရာယ်များသော နေရာများတွင် စောင့်ကြည့်မှတ်တမ်းတင်ခြင်းကိုမလုပ်သင့်ပါ။ ဥပမာ လတ်တလော တိုက်ပွဲဖြစ်ပွားနေသည့် နေရာများပါဝင်သည်။
- **အမျိုးသမီးများနှင့်လူနည်းစုအုပ်စုများကို ပါဝင်စေပါ** – CSO များသည် ရပ်ရွာစောင့်ကြည့် မှတ်တမ်းတင်ရေးကို ပံ့ပိုးကူညီသည့်အခါ အမျိုးသမီးများနှင့် လူနည်းစု အုပ်စုများ၏ အသံကို လုပ်ငန်းစဉ်အတွင်းပါဝင်အောင် သေချာစွာ လုပ်ဆောင်ရပါမည်။ ၎င်းတို့သည် အချက်အလက်ကောက်ခံချိန်တွင် ပူးပေါင်းပါဝင်ရန်နှင့် ၎င်းတို့အပေါ် သီးခြားသက်ရောက် နိုင်သည့် ထိခိုက်မှုများကို မှတ်တမ်းတင်ရန် သေချာစေရပါမည်။
- **စောင့်ကြည့်မှတ်တမ်းတင်ရေး စည်းမျဉ်းများအား သဘောတူချမှတ်ပါ** – စောင့်ကြည့်မှတ်တမ်းတင်ခြင်းသည် နေ့စဉ်လုပ်ငန်းဆောင်တာများ၏ တစ်စိတ်တစ်ပိုင်း ဖြစ်သင့်ပြီး ရွာသူရွာသားများသည် ၎င်းတို့၏ လုပ်နေကျပုံစံများကို သိသိသာသာ ပြောင်းလိုက်ခြင်း သို့မဟုတ် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများကို မလုပ်သင့်ပါ။ ဆိုလိုသည်မှာ ရွာသူရွာသားများအနေဖြင့် မိမိတို့ ပုံမှန်သွားနေကျမဟုတ်သည့် နေရာများကို မသွားသင့်ပါ သို့မဟုတ် အန္တရာယ်များသည့်နေရာများ ရှောင်ပါ။ တစ်ယောက်ယောက်မှ စည်းမျဉ်းများကိုကျော်လွန်၍ အန္တရာယ်ကျရောက်နိုင်သည့် အလုပ်ကိုလုပ်လျှင် အခြားသူများ ကိုလည်း အန္တရာယ်ဖြစ်စေနိုင်ကြောင်း သတိထားမှတ်သားရန် အရေးကြီးပါသည်။

### *ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများအတွက် အကိုးအကားများ – MAPEO*



MAPEO သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများ မိမိတို့ဒေသတွင် ပတ်ဝန်းကျင်နှင့် လူ့အခွင့်ရေး အချက်အလက်များကို မှတ်တမ်းတင်နိုင်သည့် မိုဘိုင်းဖုန်း app တစ်ခုဖြစ်သည်။ ထို app သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားကို အရေးကြီးသည့် သဘာဝသယံဇာတရှိသည့် နေရာများကို မှတ်သားထားရန်နှင့် ပြောင်းလဲလာမှုများကို မှတ်တမ်းတင်ရန် အထောက်အကူပေးပါသည်။ ထို app ကို အင်တာနက်မရှိသည့်နေရာတွင်လည်း ကောင်းစွာအသုံးပြုနိုင်ပြီး အဖွဲ့ဝင်များ အချင်းချင်းကြားတွင် အချက်အလက်များမျှဝေရန် အသုံးပြုနိုင်ပါသည်။ ထို App သည် ဌာနေတိုင်းရင်းသားများနှင့်အတူတကွ တည်ဆောက်ထားကာ မြန်မာဘာသာဖြင့်လည်း အသုံးပြုနိုင်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများအား ဤ app ကို အချက်အလက်များ မှတ်တမ်းတင်ခြင်း သိမ်းဆည်းခြင်းများအတွက် အသုံးပြုရန် တိုက်တွန်းလိုပါသည်။

https://www.earthdefenderstoolkit.com/toolkit/mapeo-monitor-and-document-the-world-around-you/

## ရပ်ရွာအခြေပြု စောင့်ကြည့်မှတ်တမ်းတင်ခြင်းကို သိပ္ပံနည်းကျစောင့်ကြည့် မှတ်တမ်းတင်ခြင်းဖြင့် ဖြည့်စွက်ခြင်း

ရပ်ရွာအခြေပြုစောင့်ကြည့်မှတ်တမ်းတင်ရေးသည် ရွာသူရွာသားများ၏ ပုံမှန်လုပ်ရိုးလုပ်စဉ်မှ ကျော်လွန်ကာ စုံစမ်းစစ်ဆေးမှုများလုပ်ရန်မလိုအပ်ပါ။ နည်းပညာကျွမ်းကျင်မှု၊ စက်ကိရိယာများ သို့မဟုတ် သင်တန်းတက်ထားရန်လည်း မလိုအပ်ပါ။ သို့သော် အချို့ကိစ္စများတွင် ရပ်ရွာစောင့်ကြည့် မှတ်တမ်းတင်ခြင်းကို သိပ္ပံနည်းကျစောင့်ကြည့်မှတ်တမ်းတင်မှုဖြင့် ထောက်ကူဖြည့်စွက်ရန် လုပ်ဆောင်နိုင်ပါသည်။ ၎င်းတွင် အဝေးထိန်းစနစ်ဖြင့်ခြေရာခံစောင့်ကြည့်ခြင်း (remote sensing) နည်းစနစ်လည်း ပါဝင်သည်၊ ၎င်းသည် ရွာသူရွာသားများအတွက် အန္တရာယ်မရှိကြောင်း အောက်တွင်ရှင်းလင်းဖော်ပြထားသည်။ အခြားဥပမာများ အနေဖြင့် ရေ၊ မြေ၊ ငါး၊ စိုက်ပျိုးရေးထွက်ကုန်များနှင့် လေနမူနာများကို ယူကာ စမ်းသပ်စစ်ဆေးခြင်းတို့ ပါဝင်ပါသည်။ သွေးနှင့်ဆံပင်နမူနာများ ယူကာ ရွာသူရွာသားများ၏ကျန်းမာရေးကို စမ်းသပ်စစ်ဆေးခြင်းသည်လည်း အလွန်အားကောင်းသည့် ပြည့်စုံသည့်အချက်အလက်များ ရရှိနိုင်ပါသည်။

ရေ နှင့် မြေဆီလွှာနမူနာယူစစ်ဆေးခြင်းကို ရွာသူရွာသားများအနေဖြင့် အန္တရာယ်မရှိဘဲ လယ်ယာမြေနှင့် ရေချောင်းများကို သွားရောက်ကာ လုပ်ဆောင်နိုင်သည်။ (ဥပမာ– ကျေးရွာများ သို့မဟုတ် ၎င်းတို့၏ လယ်မြေများကို ဖြတ်သန်းစီးဆင်းနေသော ချောင်းများ)။ CSO များသည် နမူနာများကို စုဆောင်းသိမ်းဆည်းသည့် နည်းနာများကို ရွာသူရွာသားများကို သင်တန်းပေး (အွန်လိုင်းဖြင့်လည်းလုပ်နိုင်သည်) လေ့ကျင့်ရန်လိုအပ်ပါသည်။ သို့သော် မြန်မာနိုင်ငံတွင် ထိုနမူနာများကို ဓါတ်ခွဲစမ်းသပ်ရန် အခက်အခဲရှိနိုင်ပါသည်။ ရန်ကုန်ကဲ့သို့နေရာတွင်ရှိသည့် ဓာတ်ခွဲခန်းများထံသို့ နမူနာများ စုဆောင်းပြီး ပေးပို့ခြင်းသည် လုံခြုံရေးအတွက် အန္တရာယ်များ ဖြစ်စေနိုင်သည်။ အခြားရွေးချယ်စရာတစ်ခုမှာ အိမ်နီးချင်းနိုင်ငံများ၊ အထူးသဖြင့် ထိုင်းနှင့် အိန္ဒိယတို့ရှိ CSO လုပ်ဖော်ကိုင်ဖက်များထံသို့ နမူနာများကို ပေးပို့ရန် ဖြစ်နိုင်သည်။ ထိုသို့စမ်းသပ်မှုမျိုးသည် တိုက်တွန်းလှုံ့ဆော်ခြင်း

အတွက်သာ အသုံးဝင်သည်မဟုတ်ပါ။ ၎င်းသည် ရေအရင်းအမြစ်များတွင် သတ္တုအဆိပ်များကဲ့သို့သော ရွာသူရွာသားများကြုံတွေ့ရသည့် ကျန်းမာရေးအန္တရာယ်များကို ဖော်ထုတ်ရန် ကူညီပေးနိုင်ပါသည်။ ၎င်းသည် ရပ်ရွာလူထုများကို အန္တရာယ်များ လျော့ပါးစေရန် ကူညီပေးနိုင်ပြီး၊ ဒေသဆိုင်ရာအာဏာပိုင်များကို စည်းရုံးလှုံ့ဆော်ရာတွင် ရွာသူရွာသားများက စွန့်စားလိုသည့်အတိုင်းအတာကိုလည်း သက်ရောက်မှုရှိနိုင်သည်။ ရေချောင်းအချို့မှရေကိုသောက်သုံး ပြီးနောက် ရွာသူရွာသားများ သို့မဟုတ် အိမ်မွေးတိရိစ္ဆာန်များ နေမကောင်းဖြစ်လာသည် သို့မဟုတ် ရေသည် မသန့်ရှင်းဟု ရပ်ရွာမှတွေ့ရှိပါက ထိုကိစ္စကို ရပ်ရွာစောင့်ကြည့်မှတ်တမ်းတင်မှုမှတစ်ဆင့် အတိုင်းအတာတစ်ခုအထိ ဖြေရှင်းပြီးကောင်းလည်း ပြီးနေပါလိမ့်မည်။

လေနမူနာယူစစ်ဆေးခြင်းမှာ စက်ကိရိယာများ ပိုမိုလိုအပ်ပြီး အချိန်ကြာမြင့်စွာ အချက် အလက်များ စုဆောင်းခြင်းကြောင့် ပိုမိုခက်ခဲပါသည်။ ယခုအချိန်တွင် မြန်မာနိုင်ငံရှိ ရပ်ရွာပြည်သူများ လုပ်ဆောင်နိုင်ရန် ဖြစ်နိုင်ခြေအလွန်နည်းပါသည်။

သွေးနမူနာစစ်ဆေးခြင်းသည် အထူးစက်ကရိယာများ၊ကျွမ်းကျင်မှု၊ဓါတ်ခွဲခန်းများနှင့် နမူနာများကို အအေးခန်းတွင်ထားရန် စသည့်လိုအပ်ချက်များကြောင့် ၎င်းမှာ မြန်မာနိုင်ငံအခြေအနေနှင့်လက်တွေ့ မကျပါ။ သတ္တုအဆိပ်သင့်ခြင်းကို ပြနိုင်သည့် ဆံပင်နမူနာစမ်းသပ်ခြင်းမှာ နမူနာများကို အအေးခန်းတွင် သိမ်းထားရန်မလိုအပ်သည့်အတွက် ပို၍လက်တွေ့ကျသည်ဟုဆိုရပါမည်။ ကိုယ်ရေးကိုယ်တာ ကျန်းမာရေးအချက်အလက်များကိုယူသည့် မည်သည့် နမူနာစမ်းသပ်မှုအတွက် မဆို CSO များသည် ထိုအချက်အလက်များကို မည်သို့ကိုင်တွယ်အသုံးပြုမည်ကို ရွာသူရွာသားများနှင့် အလေးထား ဆွေးနွေး တိုင်ပင်ရန်လိုပါသည်။ ဥပမာ ဓါတ်ခွဲခန်းအဖြေများကို အမည်ဝှက်ဖြင့်ထား မည်လား သို့မဟုတ် ထိုအချက်အလက်များကို CSO များထံ ပေးလို့ရနိုင်လား၊ ပေးလို့ရနိုင်ပါက ရွာသူရွာသားများကို ဘယ်လိုပြန်ပြီး ဆက်သွယ်မလဲ စသည့်အချက်များကို ဆွေးနွေးသင့်ပါသည်။

ထိုသို့ သိပ္ပံနည်းကျ စမ်းသပ်မှုများအတွက် CSO များသည် စမ်းသပ်မည့်နည်းများရှာဖွေခြင်း၊ နမူနာကောက်ယူသည့် နည်းပညာသင်တန်းနှင့်စက် ကိရိယာများနှင့် ကုန်ကျစရိတ်များကို အခြား မိတ်ဖက်ကွန်ယက်များထံတွင် အကူညီတောင်းခံနိုင်သည်။ စမ်းသပ်မှုလုပ်ရန်ဖြစ်နိုင်သည့်အခါတွင် CSO များသည် ဤသို့သိပ္ပံနည်းကျ စမ်းသပ်မှုသည် ရပ်ရွာအခြေပြုစောင့်ကြည့်မှတ်တမ်းတင်ခြင်း၏ ပန်းတိုင်နှင့် တွေ့ရှိချက်များကို မည်သို့မည်ပုံ ဖြည့်စွက်ပံ့ပိုးနိုင်မလဲဆိုသည့် အချက်ကို စိတ်ထဲမှတ်သားထားကာ ကြုံတွေ့ရနိုင်သည့်အန္တရာယ်များကို ရွာသားများနှင့် ဆွေးနွေးရှာဖွေနိုင်ပါ သည်။ ဤကဲ့သို့ စမ်းသပ်မှုများသည် မြန်မာနိုင်ငံ နယ်စပ်အနီးတဝိုက်တွင်ရှိသည့် စီမံကိန်းများအတွက် ပို၍လက်တွေ့ကျနိုင်ပါသည်။

## (၇.၃) ပူးပေါင်းပါဝင်မှုဖြင့် မြေပုံရေးဆွဲမှတ်တမ်းတင်ခြင်း (Participatory Mapping)

ပူးပေါင်းပါဝင်မှုဖြင့် မြေပုံရေးဆွဲမှတ်တမ်းတင်ခြင်း နည်းသည် ရွာသူရွာသားများကို မိမိတို့ပိုင်ဆိုင်သည့် သယံဇာတနှင့် မြေယာများကို ဖော်ထုတ်ရန်၊ မိမိတို့နယ်မြေထဲကို ကျူးကျော်မှုများနှင့် ပြဿနာများကို ဖော်ထုတ်ရန် နှင့် ထိုပြဿနာများကို မိမိတို့ကိုယ်တိုင်အဖြေရှာနိုင်ရန် ထိရောက်စွာ ပံ့ပိုးကူညီနိုင်သည့်နည်းနာတစ်ခု ဖြစ်ပါသည်။ မြေပုံများတွင် မတူကွဲပြားသည့်အချက်အလက်များစွာ ပါနိုင်ပါသည်။ ၎င်းတို့တွင် မြေပြင်နေအထားလက္ခဏာများ၊ အခြေခံအဆောက်အအုံနှင့် အဆောက်အဦးများ၊ မြေယာနှင့် သယံဇာတအသုံးပြုမှု ဇရိယာ၊ နိုင်ငံရေးနှင့်အုပ်ချုပ်ရေးနယ်မြေ စသည့်အရာများ ပါဝင်နိုင်သည်။ ထို့အပြင် သယံဇာတရယူအသုံးပြုခွင့်ရှိသူများ၊ မြေယာနှင့်သယံဇာတများ ပြောင်းလဲလာမှုပုံစံများနှင့် သတ္တုတူးဖော်လုပ်ငန်းကဲ့သို့ ကျူးကျော်ဝင်ရောက်လာသည့် ခြိမ်းခြောက်မှုများ စသည့် အချက်များ လည်းပါဝင်နိုင်ပါသည်။

ပူးပေါင်းပါဝင်မှုဖြင့် မြေပုံရေးဆွဲခြင်း တွင် ပုံမှန်အားဖြင့် ရပ်ရွာဒေသတစ်ခု၏ နယ်နမိတ်များကို သတ်မှတ်ပုံဖော်ရေးဆွဲခြင်း၊ အဓိကအသံဇာတများနှင့်မြေအသုံးချမှု နယ်နမိတ်များကို ဖော်ထုတ်ခြင်း စသည်တို့ကို အတူတကွ ပူးပေါင်းလုပ်ဆောင်ကြခြင်းတို့ပါဝင်ပါသည်။ CSO များသည် ရွာသားရွာသားများမှ မိမိတို့ဒေသ၏ နယ်နမိတ်တွင်းရှိ ရေမြေသဘာဝသယံဇာတများနှင့်အခြား ထင်ရှားသည့်အရာများကို ပုံတူထပ်ဆွဲသည့်ဆီစိမ်စာရွက်ပေါ်တွင် မြေပုံရေးဆွဲရန် ကူညီပံ့ပိုးနိုင်သည်။ အကယ်၍ လက်ဖြင့်ဆွဲထားသောမြေပုံများသည် ရိုက်နှိပ်ထုတ်ဝေထားသည့် မြေမျက်နှာပြင်မြေပုံ (cadastral maps) များမှ ပုံကြမ်းကောက်ယူထားပါက ၎င်းတို့ကို ပထဝီအကိုးအကားများဖြင့် ဒစ်ဂျစ်ပုံသွင်းကာ ရွာသူရွာသားများကို သစ်တောပြုန်းတီးလာသည့် ဧရိယာများ သို့မဟုတ် အခြားမြေအသုံးချမှုပုံစံများနှင့် ထပ်နေခြင်းတို့ကို ပြန်ကြည့်နိုင်ရန် ကူညီနိုင်သည်။ အခြားအကိုးအကားများကို အောက်တွင် ဖော်ပြပေးထားပါသည်။

မြေယာနှင့်သယံဇာတအသုံးချမှုကို မြေပုံရေးဆွဲသည့်အခါ အမျိုးသမီးများနှင့် လူနည်းစုအုပ်စုများ၏ အသံကို အလေးထားရန် အလွန်အရေးကြီးပါသည်။ ယေဘုယျအားဖြင့် ၎င်းတို့၏ မြေယာလုပ်ပိုင်ခွင့်များမှာ အငြင်းပွားခံရခြင်း သို့မဟုတ် ခြိမ်းခြောက်ခံရခြင်းတို့နှင့်ရင်ဆိုင်နေရပါသည်။ CSO များသည် မတူကွဲပြားသည့် အဖွဲ့များတွင် မတူသည့် လုပ်ဆောင်ပုံများသုံးခြင်း သို့မဟုတ် မတူညီသည့် အုပ်စုများကြား ကွဲပြားမှုများကို ဆွေးနွေးတိုင်ပင်ခြင်းတို့ကို လုပ်ဆောင်သင့်ပြီး မတူကွဲပြားသည့် အမြင်များကို မှတ်တမ်းတင်ထားရန် လိုအပ်ပါသည်။

**မြေပုံရေးဆွဲခြင်းကို ရွာသူရွာသားတွေ ဘာကြောင့်နှင့်ဘယ်အချိန်မှာ အသုံးပြုကြမလဲ။**

မြေပုံရေးဆွဲခြင်းမှာ ရပ်ရွာအသိုင်းဝန်းများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများအတွက် အရေးပါထိရောက်သည့် နည်းလမ်းတစ်ခုဖြစ်ရသည့် အဓိကအကြောင်းရင်းအချို့ရှိပါသည်။

- မြေပုံဆွဲခြင်းသည် ရပ်ရွာလူထုအား ၎င်းတို့၏ မြေယာနှင့် သယံဇာတ ပိုင်ဆိုင်မှု၊ လက်လှမ်းမီမှုနှင့် အသုံးပြုပိုင်ခွင့်များကို မှတ်တမ်းတင်ရန် ကူညီ ပေးနိုင်သည်။ ၎င်းသည် ရပ်ရွာလူထုအား ၎င်းတို့၏ မြေယာပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်တို့ကို သက်သေပြရန်နှင့် ၎င်းတို့၏ နယ်မြေအတွင်းသို့ ကျူးကျော် ဝင်ရောက်ခြင်းကို တွန်းလှန်ရန် ကူညီပေးနိုင်ပါသည်။
- မြေပုံဆွဲခြင်းသည် ရပ်ရွာ၏နယ်မြေအတွင်း ခြိမ်းခြောက်မှုများနှင့် မြေယာ ကျူးကျော်မှုများကို ပြသရန် ကူညီပေးနိုင်ပြီး၊ သယံဇာတထုတ်ယူသည့် စီမံကိန်းတစ်ခုသည် ရပ်ရွာတစ်ခုအား မည်ကဲ့သို့ ထိခိုက်သက်ရောက် နိုင်သည် (ဥပမာ ရေထုညစ်ညမ်းစေခြင်း)၊ နှင့် ထိုပြဿနာကို ဖြေရှင်းနိုင် မည့် ဖြစ်နိုင်ခြေများကို ရှင်းရှင်းလင်းလင်းပြသပေးနိုင်ပါသည်။
- မြေပုံဆွဲခြင်းသည် ရပ်ရွာလူထုအား ၎င်းတို့၏ နယ်မြေများအတွင်း ရေရှည် တည်တံ့သော သယံဇာတ စီမံခန့်ခွဲမှုအတွက် အစီအစဉ်ရေးဆွဲရန် ကူညီပေး နိုင်ပြီး၊ ရပ်ရွာလူထုအား သယံဇာတအသုံးပြုမှုပြဿနာများရှိသည့်နေရာများ ကို စုပေါင်းကြည့်ရှုနိုင်စေရန်နှင့် ထိုပြဿနာများအား ဖြေရှင်းရန် နည်း လမ်းများကို ရှာဖွေရန် ကူညီနိုင်ပါသည်။


ပူးပေါင်းပါဝင်မှုဖြင့်မြေယာအသုံးချမှုမြေပုံဆွဲခြင်းသည် အများအားဖြင့် ပေါ်ပေါ်ထင် ထင်ပြုလုပ်ရသည့် လုပ်ငန်းစဉ်ဖြစ်ပြီး ရွာသူရွာသားများမှ အတူတကွတွေ့ဆုံကာ ၎င်းတို့၏မြေယာနှင့် သယံဇာတအသုံးပြုမှုဆိုင်ရာ အလေ့အထများကို မှတ်တမ်း တင်ရန် လိုအပ်ပါသည်။ အကယ်၍ ထိုသို့ပြုလုပ်ရန် မလုံခြုံပါက သို့မဟုတ် မြေပုံ ရေးဆွဲရန်မဖြစ်နိုင်ပါက CSO များသည် မြေပြင်တွင် ရွာသူရွာသားများ ကွင်းဆင်း လုပ်ဆောင်စရာများ လုပ်ဆောင်ရန်မလိုဘဲ အလားတူ အချက်အလက်အချို့ကို မှတ်တမ်းတင်ရန်အတွက် အောက်တွင်ဖော်ပြထားသည့် အဝေးထိန်းစနစ်ဖြင့်ခြေရာ ခံစောင့်ကြည့်ခြင်း (remote sensing) နည်းဖြင့် လုပ်ဆောင်ရန် ရပ်ရွာလူထုအား ကူညီနိုင်ပါသည်။

## ကိုးကားရန်အရင်းအမြစ်များ

| | |
|---|---|
| *MRLG.* (2017). မြန်မာနိုင်ငံ၏ မိရိုးဖလာမြေယာလုပ်ပိုင်ခွင့်ကို မှတ်တမ်းတင်ခြင်း လမ်းညွှန်စာအုပ် | မြန်မာဘာသာဖြင့်ရေးထားသည့် မိရိုးဖလာမြေယာလုပ်ပိုင်ခွင့် မှတ်တမ်းတင်ခြင်းဆိုင်ရာ လမ်းညွှန်စာအုပ်။ ဤစာအုပ်တွင် GIS ပုံဆွဲနည်းများမလိုပဲ မြေယာလုပ်ပိုင်ခွင့်ကို ပူးပေါင်းမှတ်တမ်းတင် နိုင်သည့် နည်းလမ်းများကို ပြည့်ပြည့်စုံစုံ ဖော်ပြထားပါသည်။ |
| Mapping for Rights | Mapping For Rights တွင် အသုံးပြုသူများအတွက် GIS မြေပုံထုတ်ယူသည့် နည်းသင်ခန်းစာများကို ဗွီဒီယို /PDF ဖိုင်များဖြင့် ဖော်ပြထားပါသည်။ |
| MAPEO | မြေယာနှင့်သယံဇာတများကို မြေပုံဖြင့်မှတ်တမ်းတင်နိုင်ရန် ဌာနေတိုင်းရင်းသားပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများမှ တီထွင်တည်ဆောက်ထားသည့် မိုဘိုင်းဖုန်းအပလီကေးရှင်း တစ်ခု ဖြစ်သည်။ |
| Map Builder | Map Builder သည် အသုံးပြုသူများကို Global Forest Watch၏ remote sensing နည်းဖြင့် အသုံးပြုသူများ၏အချက်အလက်ကို ပေါင်းပေးသည့် သုံးရလွယ်ကူသည့် နည်းတစ်ခုဖြစ်သည်။ |
| FAO rapid appraisal for land and forest tenure | မြေယာနှင့် သစ်တော အသုံးပြုခွင့်ဆိုင်ရာ သုတေသနလုပ်ငန်းများ လုပ်ဆောင်ရန် လက်တွေ့အသုံးပြုသူများအတွက် FAO မှ ပြုစုရေးသားထားသည့် လမ်းညွှန်ချက်စာအုပ်။ |
| Terrastories | Terrastories သည် ရပ်ရွာလူထုများမှ ၎င်းတို့၏မြေအကြောင်းကို မြေပုံဆွဲရန်၊ ကာကွယ်ရန်နှင့် သတင်းများကို မျှဝေရန်အတွက် ဝဘ်အပလီကေးရှင်းတစ်ခုဖြစ်သည်။ အသံဖိုင် သို့မဟုတ် ဗီဒီယိုဖိုင် များကို မြေပုံပေါ်ရှိ နေရာများနှင့် ချိတ်ဆက်လိုသော တစ်ဦးချင်းသို့မဟုတ် ရပ်ရွာအလိုက် ၎င်းဝဘ်ဆိုဒ်ကို အသုံးပြုနိုင်သည်။ |

## (၇.၄) အဝေးထိန်းစနစ်ဖြင့်ခြေရာခံစောင့်ကြည့်ခြင်း (Remote Sensing)

**အဝေးထိန်းစနစ်ဖြင့်ခြေရာခံစောင့်ကြည့်ခြင်း (Remote Sensing) ဆိုတာ ဘာလဲ။**



Remote Sensing ဆိုသည်မှာ ဂြိုလ်တု သို့မဟုတ် လေယာဉ်များမှ စုဆောင်းထားသော ပုံများကို အသုံးပြု၍ ဧရိယာ သို့မဟုတ် ရှုခင်းများကို စောင့်ကြည့်မှတ်သားခြင်း လုပ်ငန်းစဉ်ဖြစ်သည်။ ဂြိုလ်တုများသည် ကမ္ဘာမြေမျက်နှာပြင်တစ်လျှောက် ပုံရိပ်များကို ပုံမှန်ရိုက်ကူးထားကာ ကျွန်ုပ်တို့အား နေရာရှုခင်းများ၏ နောက်ဆုံးပေါ်ပုံများ (၂ မှ ၃ ရက်အတွင်းရိုက်ထားသည့်) ထုတ်ပေးနိုင်ပါသည်။ ဂြိုလ်တုပုံများကို ပုံမှန်အားဖြင့် အခမဲ့ ရယူနိုင်ပြီး၊ ၃-၄ မီတာ ပြတ်သားမှု (ရုပ်ပုံ၏ ရှင်းလင်းပြတ်သားမှု) ဖြင့် ကုန်းမြေ၊ သစ်တောများနှင့် သမုဒ္ဒရာများ၏ အပြောင်းအလဲများကို မြင်နိုင်ပြီး ခြေရာခံနိုင်ရန် ကျွန်ုပ်တို့အား ကူညီပေးပါသည်။ Remote Sensing ကို လက်ရှိအသုံးချနေသည့်အရာများတွင် တောမီးများကို ခြေရာခံခြင်းနှင့် သစ်တောပြုန်းတီးမှုဧရိယာ သို့မဟုတ် သတ္တုတူးဖော်ခြင်းလုပ်ငန်း ဧရိယာများ၊ ရာသီဥတုပြောင်းလဲမှုများကို ကြိုတင်ခန့်မှန်းခြင်း သို့မဟုတ် အချိန်ပိုကြာလာသည်နှင့်အမျှ မြေယာရှုခင်းများပြောင်းလဲမှုများကို စောင့်ကြည့်ခြင်းတို့ ပါဝင်သည်။

## ပတ်ဝန်းကျင် စောင့်ကြည့်မှတ်တမ်းတင်ခြင်းအတွက် အဝေးထိန်းစနစ်ဖြင့်ခြေရာခံ စောင့်ကြည့်ခြင်း (Remote Sensing) နည်းကို ဘာကြောင့် အသုံးပြုရလဲ။

ပတ်ဝန်းကျင် စောင့်ကြည့်မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်အတွက် ရပ်ရွာများနှင့် CSO များဝင်ရောက်ခွင့်မရသော နေရာများကိုကြည့်ရှုခြင်း (ဥပမာ ပဋိပက္ခဖြစ်နေသည့် နေရာများ သို့မဟုတ် လုံခြုံရေးအပြည့် ချထားသည့် သတ္တုတွင်းများ) နှင့် အချိန်ကြာလာသည်နှင့်အမျှ ပြောင်းလဲလာသည့် မြေယာပုံသဏ္ဌာန်များ (ဥပမာ ရွှေတူးဖော်ရေး လုပ်ငန်းများ တိုးချဲ့လာခြင်းကို ကြည့်ရန်) ကို ခြေရာခံရန် ရှာဖွေရန်အတွက် remote sensing နည်းမှာ အသုံးဝင်နိုင်သည်။ ၎င်းသည် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများ၏ ခိုင်မာသော သက်သေအထောက်အထားများကို ပေးစွမ်းနိုင်ပြီး ဒေသဆိုင်ရာလုပ်ငန်း အစီအစဉ်များဆွဲခြင်း နှင့် တိုက်တွန်းလှုံ့ဆော်ရေးလုပ်ငန်းစဉ်များကို အထောက်အကူ ဖြစ်စေနိုင်ပါသည်။

Example of tracking mine expansions over time (Tanintharyi Township):




*Figure 1: December 2019 Figure 2: February 2021 Figure 2: April 2022*

## Remote Sensing ကို ဘယ်လိုသုံးမလဲ၊ ဘယ်နေရာတွေကရနိုင်သလဲ၊ ဘာအခက်အခဲတွေရှိနိုင်လဲ။

- Remote sensing သည် အတော်အတန်ကောင်းမွန်သော အင်တာနက်ချိတ်ဆက်မှု လိုအပ်သောကြောင့် မြန်ဆန်သောအင်တာနက်အသုံးပြုနိုင်သည့် နေရာမှ လုပ်ဆောင် သင့်ပါသည်။ မြန်မာနိုင်ငံ၏ ပြင်ပတွင်သာ လုပ်ဆောင်


ရန် ဖြစ်နိုင်ပေလိမ့်မည်။ လျှို့ဝှက်ဆာဗာ သို့မဟုတ် VPN ကို အသုံးပြု၍ ဘေးကင်းလုံခြုံသော နေရာများမှသာ ပြုလုပ်သင့်ပါသည်။

- အချို့သော နေရာများမှာ အလွယ်တကူရယူအသုံးပြုနိုင်သော်လည်း နေရာအများစုမှာ အသုံးပြုရန် နည်းပညာဗဟုသုတရှိရန်လိုပါသည်။ remote sensing နည်းပညာများကို လေ့လာရန်အတွက် ရပ်ရွာအသိုင်းအဝန်းများနှင့် CSO များကို ပံ့ပိုးကူညီနိုင်သည့် ကိုးကားမှီငြမ်းစရာ (အောက်တွင်အသေးစိတ်ဖော်ပြထားသည်) အချို့ရှိပါသည်။ နည်းပညာ ကျွမ်းကျင်သည့်သူများ မရှိသည့်နေရာတွင် CSO များသည် နည်းပညာကျွမ်းကျင်သူများထံမှ အကူအညီတောင်းခံနိုင်ပါသည်။
- Remote Sensing လုပ်ရန်အတွက် Global Forest Watch (GFW) သည် အသုံးပြုရန် အလွယ်ကူဆုံး နေရာဖြစ်ပြီး ၎င်းတွင် သစ်တောနှင့် မြေယာအသုံးချမှု အပြောင်းအလဲများကို လစဉ်ပုံမှန် ခြေရာခံရိုက်ကူးထားသည့် ဂြိုလ်တုဓါတ်ပုံများရှိပါသည်။ ထိုဝဘ်ဆိုဒ်တွင် လွန်ခဲ့သည့် ၄-၅နှစ် ကာလတလျှောက် ပြောင်းလဲလာသည့် မြေပြင်ပုံသဏ္ဍာန်များကို ခြေရာခံရှာဖွေနိုင်ပါသည်။
- GWF သည် သစ်တောပြုန်းတီးမှုများကို အချိန် ၁၀ နှစ်ကြာကြာအထိမှတ်တမ်းယူထားခါ သိသာထင်ရှားသည့် သစ်တောပျက်စီးမှုနေရာများကို ဖော်ပြထားပါသည်။ ထိုဝဘ်ဆိုဒ် တွင် မြန်မာနိုင်ငံ၏ ပြည်နယ်၊ခရိုင်နှင့်မြို့နယ်အလိုက် သစ်တောပျက်စီးမှုများကို ကိန်းဂဏန်းများဖြင့် ခွဲခြမ်းစိတ်ဖြာကာ ဖော်ပြပေးထားပါသည်။
- GWF သည် သစ်တောပြုန်းတီးမှုနေရာတစ်ခုကို ခြေရာခံလျှင် အသိပေးချက်များပေးပို့ပါသည်။ ဥပမာအားဖြင့် ဤနေရာတွင် မြန်မာနိုင်ငံရှိ သစ်တောပြုန်းတီးရာ နေရာများကို တွေ့မြင်နိုင်ပါသည်။
- GWF ဝဘ်ဆိုဒ်တွင် အသုံးပြုသူများအတွက် ဝဘ်ဆိုဒ်အား အသုံးပြုရန် နည်းနာများ ကိုလဲ ထည့်ပေးထားပါသည်။
- မြန်မာစာတမ်းထိုးဖြင့်ပြထားသည့် အသုံးပြုနည်းနာကို ဤနေရာတွင် ကြည့်ရှုနိုင်ပါသည်။


➲




*ပုံ (၃) Remote sensing with Planet/GFW*




*ပုံ (၄) GFW allows us to look at satellite imagery over 4-5 years*




ပုံ (၅) *Global Forest Watch deforestation analysis*

## Remote Sensing အတွက် ကိုးကားရန်အရင်းအမြစ်များ

GIS မြေပုံများထုတ်ပေးသည့် အခြား ဝဘ်ဆိုဒ်များလဲ ရှိပါသည်။ ၎င်းတို့တွင် အောက်ပါ ဝဘ်ဆိုဒ်များပါ ပါသည်။

| | |
|---|---|
| Global Land Analysis and Discover (GLAD) (အခမဲ့အသုံးပြုနိုင်သည်) | GLAD သည် Hansen ဒေတာအချက်အလက်များကို အသုံးပြု၍ သစ်တောဆုံးရှုံးခြင်းဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုကို ကောင်းစွာပြုလုပ် ထားပြီး လွန်ခဲ့သည့် ဆယ်နှစ်တာကာလအတွင်း သစ်တောပျက်စီးမှုနှင့် ဆုံးရှုံးမှုများကို တွက်ချက်နိုင်သည်။ GLAD သည် မြေယာအသုံးပြုမှုနှင့် ရေပြောင်းလဲမှုများကို ခွဲခြမ်းစိတ်ဖြာပြီး သစ်တောပြုန်းတီးမှု သတိပေးချက်များကိုလည်း ပေးပါသည်။ |
| Map Hubs (အသုံးပြုကြေးပေးရသည်) | Map Hubs သည် ဆီအုန်းစိုက်ခင်းများနှင့် စီးပွားဖြစ်စိုက်ပျိုးရေး စီမံကိန်းများ ချဲ့ထွင်လာခြင်းနှင့် ကုန်စည်စီးဆင်းမှုသုံးသပ်ခြင်း (ရင်းနှီးမြှုပ်နှံသူ၊ ဝယ်ယူသုံးစွဲသူ) စသည်တို့ကို အခကြေးငွေယူကာ မြေပုံအချက်အလက်များ ထုတ်ပေးသည့် ဝဘ်ဆိုဒ်တစ်ခုဖြစ်သည်။ ၎င်းတွင် သစ်တော အချက်ပေးစနစ် တစ်ခုလဲပါဝင်ပါသည်။ Map Hubs သည် ကမ္ဘာတစ်လွှားမှ တက်ကြွလှုပ်ရှားသူများ၊ CSO များနှင့် ပူးပေါင်း ဆောင်ရွက်သည်။ |

## (၇.၅) ရင်းနှီးမြှုပ်နှံမှုစီမံကိန်းနှင့် ပါဝင်ဆက်စပ်သူများ၏ အချက်အလက်များ သုတေသန (Desktop Stakeholder Research)

မိမိတို့၏ နယ်မြေတွင် ဘယ်သူတွေက စီးပွားရေးလုပ်နေလဲ၊ ပုဂ္ဂလိကပိုင်ကုမ္ပဏီတွေလား၊ ကုမ္ပဏီကို ဘယ်သူတွေ စီမံခန့်ခွဲလဲ၊ ဘယ်သူပိုင်တာလဲ၊ သူတို့ဆီမှာ နိုင်ငံခြားက ရင်းနှီးမြှုပ်နှံတဲ့သူတွေရှိလား၊ ထုတ်ယူတဲ့သယံဇာတတွေကို သူတို့ ဘယ်ကို ပို့လဲ၊ ကုမ္ပဏီ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူတွေမှာ အကာအကွယ်ပေးသည့်/ အရည်အချင်းသတ်မှတ်ချက် စံနှုန်းတွေရှိလား။

ထိုမေးခွန်းများမှာ စီမံကိန်းလုပ်ငန်းအကြောင်း၊ လုပ်ငန်းလည်ပတ်ပုံ၊ ရပ်ရွာများ ကြုံတွေ့နိုင်သည့် အန္တရာယ်များနှင့် ပြဿနာဖြေရှင်းရေးနည်းလမ်း စသည်တို့ကို ရပ်ရွာလူထုမှ နားလည်ထားရန် အရေးကြီးသည့် မေးခွန်းများဖြစ်သည်။ ကွန်ပျူတာပေါ်မှ အချက်အလက်ရှာဖွေခြင်းသည် ရပ်ရွာလူထုမှ ကုမ္ပဏီတစ်ခု သို့မဟုတ် လုပ်ငန်းစီမံကိန်းတစ်ခုအပေါ် ပိုမိုသြဇာလွှမ်းမိုးနိုင်ရန် လိုအပ်သည့် အချက်အလက်များကို ထုတ်ဖော်ပေးနိုင်သည်။ ရပ်ရွာအသိုင်းအဝန်းများနှင့် CSO များ သတင်းအချက်အလက်ပိုမိုရရှိရန် ကိုးကားမှီငြမ်းနိုင်သည့် နေရာအချို့ရှိပါသည်။


| | |
|---|---|
| • Google အသုံးပြုရှာဖွေခြင်း | စီမံကိန်းတစ်ခုနှင့်၎င်း၏ လုပ်ငန်းရှင်များအကြောင်းကို ရှာဖွေမည်ဆိုလျှင် ထိုလုပ်ငန်းအကြောင်း ရှာသူရှာသားများ သိထားသည့် အချက်အလက်များမှ စတင်ရှာဖွေနိုင်သည်။ |
| • ဂျာနယ်များ နှင့် သတင်းစာများ | ဂျာနယ်နှင့်သတင်းစာစောင်များ ဖတ်ရှုခြင်းဖြင့် လုပ်ငန်းစီမံကိန်း သို့မဟုတ် ကုမ္ပဏီများ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူများ၏ အချက်အလက်များကို ရရှိနိုင်ပါသည်။ |

| | |
|---|---|
| • ကုမ္ပဏီ ဝက်ဘ်ဆိုဒ်များ | ကုမ္ပဏီဝက်ဘ်ဆိုဒ်များသည် ကုမ္ပဏီတစ်ခု၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ၎င်းကို စီမံခန့်ခွဲသူများနှင့် ၎င်း၏ ပိုင်ဆိုင်မှု ဖွဲ့စည်းပုံဆိုင်ရာ အချက်အလက်များကို ပိုမိုရှာဖွေရန် နည်းလမ်းကောင်း တစ်ခုဖြစ်သည်။ ၎င်းတို့ဝက်ဘ်ဆိုဒ်တွင် မိတ်ဖက်များကုမ္ပဏီများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် အခြားလုပ်ငန်း ဆောင်ရွက်မှုများအကြောင်း အချက်အလက်များ ရှိနိုင်ပါသည်။ ကုမ္ပဏီတစ်ခုသည် ၎င်း၏ ဝက်ဘ်ဆိုဒ်များကို ဖြုတ်ချထားပါက ၎င်းအား အွန်လိုင်းမှတဆင့် wayback machine ကိုအသုံးပြု၍ ဝင်ရောက်ကြည့်ရှုနိုင်ပါသေးသည်။ |
| • DICA registration | မြန်မာနိုင်ငံတွင် ကုမ္ပဏီတစ်ခု မှတ်ပုံတင်ပါက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) ဝက်ဘ်ဆိုဒ်တွင် ကုမ္ပဏီ၏ အချက်အလက်များကို မှတ်တမ်းတင်ထားပါသည်။ ၎င်းတွင် ကုမ္ပဏီ၏ ဒါရိုက်တာများနှင့်အစုရှယ်ယာရှင် အချက်အလက်များ လဲရှိသည်။ နိုင်ငံခြားကုမ္ပဏီများ၏ အသေးစိတ်အချက်အလက်များ ကို ၎င်းတို့မိခင်နိုင်ငံရှိ အလားတူ ဝက်ဘ်ဆိုဒ်များတွင် ရှာဖွေတွေ့ရှိနိုင်ပါသည်။ |
| • Social Media (Linked In, facebook ect.) | ဆိုရှယ်မီဒီယာ၊ အထူးသဖြင့် Linked In သည် ကုမ္ပဏီနှင့်ပတ်သက်သည့် အခြားလုပ်ငန်းအမျိုးအစားများအပါအဝင် ကုမ္ပဏီ ဝန်ထမ်းများအကြောင်း အချက်အလက်ပိုမိုရှာဖွေရန် ကိုးကားနိုင် သည့် နေရာကောင်းများဖြစ်သည်။ |
| • Open Data Sites | Open data sites and resources including:<br>• Open Development Mekong<br>• Open Corporates<br>• Myanmar EITI reports<br>• UNCOMTRADE |

| | |
|---|---|
| • စတော့အိပ်ချိန်း (Stock Exchange) | နိုင်ငံခြားကုမ္ပဏီတစ်ခု ပါဝင်နေပါက ၎င်းကုမ္ပဏီသည် စတော့အိပ်ချိန်းတစ်ခုတွင်အများပိုင်တစ်ခုအဖြစ် မှတ်တမ်းတင်ထားနိုင်ပါသည်။ ကုမ္ပဏီဘဏ္ဍာရေး၊ ရင်းနှီး မြှုပ်နှံမှုနှင့် အရောင်း အဝယ်လုပ်ငန်း စသည့်အချက်အလက်များကို စတော့အိပ်ချိန်းတွင် ရနိုင်ပါသည်။ |

## (၇.၆) ငွေကြေးစီးဆင်းမှုကို နောက်ယောင်ခံခြင်း (Follow the Money)

ရင်းနှီးမြှုပ်နှံမှုစီမံကိန်းနှင့် ပါဝင်ဆက်စပ်သူများ၏ အချက် အလက်များ သုတေသနကို ငွေကြေးစီးဆင်းမှုကို နောက်ယောင်ခံခြင်း (follow the money) နည်းနိဿယများဖြင့် ပို၍ ချဲ့ကားလုပ်ဆောင်နိုင် ပါသည်။ Follow the Money သည် ရပ်ရွာလူထုများအား ၎င်းတို့အပေါ်ထိခိုက်နေသည့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကို ခွဲခြမ်းစိတ်ဖြာရန်နှင့် ပါဝင်ပတ်သတ်သူများကို ရှာဖွေရန်နှင့် ပစ်မှတ်ထား လုပ်ဆောင်နိုင်ရန် ပံ့ပိုးကူညီပေးနိုင်သည့် နည်းနာများဖြစ်သည်။ စီမံကိန်းလုပ်ငန်းများတွင် ယေဘုယျ အားဖြင့် ရောင်းသူနှင့်ဝယ်သူ စသည့် ကွဲပြားသော ရှယ်ယာရှင်များရှိပါသည်။ ၎င်းတို့ထဲတွင် အချို့သော ရှယ်ယာရှင်များတွင် ရပ်ရွာလူထုများအတွက် ကောင်းမွန်သည့် အပြောင်းအလဲကို ဖော်ဆောင်လုပ်ကိုင်စေရန် ဖိအားပေးတောင်းဆိုနိုင်သည့် အချက်များကို ရှာဖွေတွေ့ရှိနိုင်ပြီး ယင်းတို့ကို အသုံးချကာ ထိခိုက်မှုများလျော့ချရေး နှင့် ထိခိုက်ခံရပ်ရွာအသိုင်းအဝန်းများအတွက် နစ်နာမှုလျော်ကြေး ရရှိရေးတို့အထိ ဆောင်ရွက်နိုင်ပါသည်။ ၎င်းတို့ထဲတွင် ရင်းနှီးမြှုပ်နှံသူ၊ ဝယ်ယူသူနှင့် ကန်ထရိုက်တာများ ပါဝင်ပြီး နိုင်ငံခြားမှဖြစ်ပါက ဖိအားပေးနိုင်သည့်ပျော့ကွက် ရှာရန် ပိုမိုလွယ်ကူ ပါသည်။





*ပုံ (၆) ကုမ္ပဏီတစ်ခု၏ ထောက်ပံ့ရေးကွင်းဆက် (supply chain) ပြပုံ၊ အကိုးအကား IDI*

Follow the Money သည် ရွာအသိုင်းအဝန်းများကို စီမံကိန်းတစ်ခု၏ ရင်းနှီးမြှုပ်နှံသူများ၊ ချေးငွေထုတ်ပေးသူများ၊ ကုန်ဝယ်သူ၊ တဆင့်ကန်ထရိုက်ယူသူများနှင့် မိခင်ကုမ္ပဏီများစသည့် စီးပွားရေးလုပ်ငန်းကွင်းဆက်တစ်ခုလုံးကို ဖော်ထုတ် ကြည့်ရှုနိုင်ရန် ကူညီပေးပါသည်။ ဤအချက်အလက်များကို အခြေခံကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများသည် စီမံကိန်းများတွင် အဓိကပတ်သက်သူများကို ကိုင်တွယ်ဖြေရှင်းမည့် တိကျသည့်စည်းရုံးလှုံ့ဆော်ရေးဗျူဟာများကို ချမှတ်နိုင်သည်။ နောက်ဆုံးတွင် စည်းရုံးလှုံ့ဆော်ရေးကမ်ပိန်းလုပ်ဆောင်ခြင်း၊ နစ်နာမှုတိုင်ကြားစာများပို့ခြင်း သို့မဟုတ် ပါဝင်ပတ်သက်သူများကို အခြားနိုင်ငံတွင်တရားစွဲဆိုခြင်း များလုပ်ဆောင်ရန် ဖြစ်နိုင်

ပါသည်။ Follow the Money/ ရင်းနှီးမြှုပ်နှံမှုကွင်းဆက်ကို ပုံဖော်ခြင်း နည်းလမ်းတစ်ခုကို ဤနေရာတွင် ဖတ်ရှုနိုင်ပြီး၊ ဤနည်းလမ်းကိုဖော်ပြထားသည့် အခြားအစီရင်ခံစာတစ်စောင်ကိုလဲ ဤနေရာတွင် ဖတ်ရှုနိုင်ပါသည်။ တိုက်တွန်းလှုံ့ဆော်ရေး ပစ်မှတ်များကို ဖော်ထုတ်ထားသည့် Follow the Money သုံးသပ်ချက် တစ်ခုသည် ရပ်ရွာအသိုင်းအဝန်းတစ်ခုမှ စောင့်ကြည့်မှတ်တမ်းတင်ရေးလုပ်ဆောင်ရန် ဆုံးဖြတ်ရာတွင် အချက်အလက်များဖြင့် ပံ့ပိုး ကူညီနိုင်ပါသည်။



## ဖြစ်ရပ်လေ့လာမှု – ဘန်းချောင်းကျောက်မီးသွေးမိုင်း




ယာဖက်တွင်ပြထားသည့် ပုံတွင် ထားဝယ်ခရိုင်တွင်တည်ရှိသည့် ဧက ၂၁၀၀ ကျယ်ဝန်းသည့် ဘန်းချောင်းကျောက်မီးသွေးမိုင်းစီမံကိန်းတွင် ပါဝင်သည့် အုပ်စုများဆက်နွယ်ပုံကို ပြထားပါသည်။ Follow the Money နည်းဖြင့်အချက်အလက်ရှာဖွေရာတွင် ထိုကျောက်မီးသွေးစီမံကိန်းမှာ မြန်မာနိုင်ငံ တိုင်းဒေသအစိုးရ၊ ဗဟိုအစိုးရနှင့် ကရင်အမျိုးသားအစည်း အရုံး (KNU) တို့မှ ခွင့်ပြုမိန့်ပေးကာ ထိုင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီ ၂ ခုနှင့် တဆင့်ခံကန်ထရိုက်ယူထားသည့် ကုမ္ပဏီများ ပါဝင်ကြောင်းတွေ့ရှိခဲ့ရပါသည်။ ဒေသခံရွာသူရွာသားများသည် ငွေပေးချေမှုများရပ်တန့်ထားရန် ထိုင်းနိုင်ငံအခြေစိုက် ရင်းနှီးမြှုပ်နှံသူများနှင့်ညှိနှိုင်းနိုင်ခဲ့ပါသည်။ ထို့နောက်တွင် စီမံကိန်းမှာ ဆိုင်းငံ့ခံရပြီး၊ ကနဦးရင်းနှီးလုပ်ကိုင်သည့် ကုမ္ပဏီလည်း ဖျက်သိမ်းခဲ့ရပါသည်။

## *တရုတ်ကုမ္ပဏီများ၏ အချက်အလက်ကိုရှာဖွေခြင်း*

တရုတ်ကုမ္ပဏီများသည် အနောက်နိုင်ငံကုမ္ပဏီများနှင့် လုပ်ကိုင်လည်ပတ်ပုံကွဲပြားပါသည်။ ထို့ကြောင့် ၎င်းတို့၏အချက်အလက်များရှာဖွေရန် ပိုမိုခက်ခဲနိုင်ပါသည်။ သို့သော်ငြားလည်း အချက်အလက် ရှာဖွေရန်နှင့် ကုမ္ပဏီများနှင့်အစိုးအဖွဲ့မှဖက်စပ်လုပ်ကိုင်နေသူများနှင့် ထိတွေ့ဆက်ဆံရန် နည်းဗျူဟာများရှိပါသေးသည်။ ဤအစီရင်ခံစာတွင် တရုတ်ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံသူ ကွင်းဆက်ရှာခြင်းလုပ်ဆောင်ရန် အချက်အလက်များပါဝင်ပြီး၊ တိုက်တွန်းလှုံ့ဆော်သူများမှ တရုတ်ကုမ္ပဏီများနှင့် ထိတွေ့ဆက်ဆံနိုင်မည့် နည်းနာအချို့ကိုလည်း ပေးထားပါသည်။

# နောက်ဆက်တွဲ (၁) မလိခမြစ်တွင်းမှ ရွှေတူးဖော်ရေးလုပ်ငန်းများကို လေ့လာခြင်း

*အောက်ဖော်ပြပါ ဖြစ်ရပ်လေ့လာမှုသည် ဤလက်စွဲစာအုပ်၏ရည်ရွယ်ချက်အတွက် တီထွင်ရေးသားထားခြင်းသာဖြစ်ပြီး ကျေးရွာအမည်မှန်များ၊ဖြစ်ရပ်မှန်များကို ကိုယ်စားမပြုပါ။ ဤဖြစ်ရပ်လေ့လာမှုသည် ရိုးရှင်းသည့် စီမံကိန်းထိခိုက်မှုပြအချိန်ဇယားတစ်ခုကို ပုံဖော်ပြန်ရန်နှင့် ရွာသူရွာသားများမှ ကောက်ယူသင့်သည့် အချက်အလက်အမျိုးအစားများကို ဖော်ပြရန်ရည်ရွယ် ပါသည်။ ရွာသူရွာသားများနှင့် CSO များ ကောက်ယူရန်ဆုံးဖြတ်သည့် အချက်အလက်များသည် စီမံကိန်းတစ်ခုချင်းစီ၏ အသေးစိတ်အချက်အလက်များပေါ်တွင် မူတည်နိုင်ပါသည်။*

### နောက်ခံအကြောင်းရာ

ရွာသစ်သည် မလိခမြစ်ဘေးတွင်တည်ရှိသည့် ရွာလေးဖြစ်သည်။ ဒေသခံရွာသူရွာသားများမှာ မြစ်နှင့်၎င်း၏မြစ်လတက်ငယ်များကို အဓိကရေအရင်းအမြစ်အသုံးပြုကြပြီး ဆန်စပါးနှင့်သီးနှံများကို လည်း မြစ်ကမ်းဘေးတွေ စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ရွာတဝိုက်ပတ်ဝန်းကျင်တွင် နွေရာသီ ရောက်လျှင်ရွာသားများကိုယ်တိုင်ရွှေတူးဖော်ခြင်း အပါအဝင် နှစ်ပေါင်းများစွာ ရွှေတူးဖော် လုပ်ကိုင်ကြသည့် သမိုင်းကြောင်းရှိခဲ့သော်လည်း ၂၀၂၁ ခုနှစ်မှစတင်ကာ ရွာပတ်ဝန်းကျင်တွင် ရွှေတူးဖော်မှုများ သိသိသာသာတိုးများလာခဲ့ပါသည်။ ထိုဒေသမှ လုပ်ကိုင်ခွင့်ပေးထားသော ရွှေတွင်းများမှာ စက်ယန္တရားကြီးများနှင့် စက်ပစ္စည်းများအတွက် ကုမ္ပဏီကြီးများမှ အရင်းအနှီးပေးထားကြသည်။

ရွာအနီး မြစ်ကမ်းဘေးတွင်ရှိသည့် ရွှေတွင်းတစ်ခုသည် မီးစက်အသုံးပြုကာ ရေပိုက်ဖြင့် နုန်းနယ်များကို မြစ်ကမ်းနဘေးတွင်ဆေးပြီး ရွှေတူးပါသည်။ ရွှေလုပ်ကွက်တွင် လုပ်သား ၂၀ ဝန်းကျင်ခန့်ရှိပြီး ရွာသူရွာသားများမှာ ဆိုးကျိုးထိခိုက်မှုများ ခံစားလာခဲ့ရပါသည်။ ရွာသူရွာသားများသည် ၎င်းတို့၏ စိုက်ပျိုးမြေများတွင် မြေဆီလွှာ

တိုက်စားမှုပြဿနာများလာခြင်း၊ ပြဒါးသုံးစွဲမှုကြောင့် မြစ်ရေညစ်ညမ်းလာခြင်းနှင့် ရပ်ရွာအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် လူမှုရေးပြဿနာများ များလာသည်ကို သိရှိလာခဲ့ရပါသည်။

ရွာသူရွာသားများသည် နည်းပညာအထောက်အပံ့များပေးသည့် CSO တစ်ဖွဲ့၏ အကူအညီကိုယူကာ ရွှေတွင်း၏ ထိခိုက်မှုများကို စီစစ်စောင့်ကြည့်ရန်နှင့် ပြောင်းလဲမှုများကို မှတ်တမ်းတင်ရန် ဆုံးဖြတ်လိုက်ကြသည်။

**စီမံကိန်းအချိန်ဇယား**

| | |
|---|---|
| နိုဝင်ဘာလ ၂၀၂၁ | ကုမ္ပဏီဒါရိုက်တာများ၊ ကိုယ်စားလှယ်များသည် အဆိုပါနေရာသို့ သွားရောက်ကြည့်ရှုကြသည်။ လာမည့်ရက်သတ္တပတ် အနည်းငယ်အတွင်း သတ္တုမိုင်းတစ်ခုလုပ်ငန်း စတင်တူးဖော်တော့မည်ဟူသော သတင်းကို ကျေးရွာအုပ်ချုပ်ရေးမှူးက ရရှိသည်။ |
| ဒီဇင်ဘာလ ၂၀၂၁ | လုပ်ငန်းခွင်တွင် လုပ်ငန်းစတင်ဆောင်ရွက်သည်။ အလုပ်သမား ၁၅ ယောက်ရောက်လာကာ ယာယီစခန်းများဆောက်သည်။ လုပ်ငန်းတွင် ဘတ်ဟိုးတစ်စီးနှင့် အကြီးစားရေထိုးပိုက် ၅ခု၊ ၆ခု ခန့်နှင့် အခြားစက်ကြီးလည်းပါပါသည်။ |
| ဇန်နဝါရီ ၂၀၂၂ | သတ္တုမိုင်း၏ ဆိုးကျိုးထိခိုက်မှုများကို ရပ်ရွာလူထုများစတင်ခံစားလာရသည်။ ၎င်းတို့အသုံးပြုနေသည့် မြစ်ချောင်းမှာ ရေမကြည်တော့ပဲ သစ်တောအချို့လဲ ခုတ်လဲခံရပြီး ညဖက်ဆိုလျှင် လုပ်ငန်းထဲမှ စက်သံဆူညံသံများလဲ ကြားလာရပါသည်။ |
| မတ်လ ၂၀၂၂ | သတ္တုမိုင်းချဲ့ထွင်လာသည်နှင့်အမျှ ရွာသားများသည် ၎င်းတို့ စိုက်ပျိုးမြေများမှာ မြေဆီလွှာများ တိုက်စားလာသည်ကို သတိပြုမိလာသည်။ စိုက်ပျိုးမြေများမှာ ခြောက်သွေ့ ကွဲအပ်လာကာ သီးနှံများပျက်စီးလာကြသည်။ ငါးအရေအတွက်လဲ လျော့နည်းလာသည်ကို ရွာသူရွာသားများတွေ့လာရပါသည်။ ငါးဖမ်း အသက်မွေး သူများ ပိုမိုခက်ခဲလာကြသည်။ |

| | |
|---|---|
| ဧပြီလ ၂၀၂၂ | သတ္တုမိုင်းအနီးတစ်ဝိုက် စစ်ဆေးရေးဂိတ်များချထားသည်။ ဂိတ်တစ်ခုမှာ ရွာအဝင်လမ်းကို ဖြတ်ကာ ချထားသောကြောင့် ရွာသူရွာသားများ သွားလာရန်နှင့် ကုန်ပစ္စည်းများသွားရောက် ရောင်းချရန် ပိုမိုခက်ခဲလာပြီး ရွာသားအများစုမှာလည်း ကြောက်ရွံ့လာကြပါသည်။ |
| ဇွန်လ ၂၀၂၂ | မြေပြိုမှုဖြစ်ကာ ရွာ၏ စိုက်ပျိုးမြေ ၁၀ ဧက ပျက်စီးသွားသည်။ နစ်နာကြေး မပေးသည့် အပြင် မိုးတွင်းမှာ ပို၍ကြီးလာပါသည်။ |
| ဩဂုတ်လ ၂၀၂၂ | မိုးရာသီတွင် မြေပြိုမှုများကို၍ဖြစ်လာသည်။ ရေဆိုးကန်များပေါက်ထွက်ကာ စပါးခင်းများနှင့်သီးနှံစိုက်ခင်းများ ရေလွှမ်းမိုးခံရသည်။ ရေလွှမ်းမှုကြောင့် စိုက်ပျိုးခင်းများ ပျက်စီးခဲ့ရပြီး၊ နစ်နာမှုအတွက် လျော်ကြေးတစ်စုံတစ်ရာမှမရရှိကြပေ။ |
| အောက်တိုဘာ ၂၀၂၂ | ရွာမှ ကလေးငယ် ၄ ဦး မကြာခဏ ခေါင်းကိုက်မူးဝေသည့် ဝေဒနာခံစားလာရသည်။ ၎င်းသည် ရွှေတွင်းမှ ပြဒါးများ မြစ်ရေနှင့် ငါးများတွင်ပါရှိနေသောကြောင့်ဟု ရပ်ရွာမှ သံသယရှိလာကြသည်။ |
| နိုဝင်ဘာ ၂၀၂၂ | ဆိုးဝါးသည့်ခေါင်းကိုက်ဝေဒနာကြောင့် ကလေးငယ်တစ်ဦး ဆေးရုံတင်လိုက်ရသည်။ |
| ဒီဇင်ဘာ ၂၀၂၂ | ရွာ၏အခြားတစ်ဖက်တွင် ရွှေမိုင်းအသစ်တစ်ခု စတင်တူးဖော်လာသည်။ သီးနှံအထွက်နှုန်းမှာ အရင်နှစ်များထက် လျော့နည်းလာသည်ကို ရွာသားများ သတိပြုမိလာသည်။ |

**စဉ်ဆက်မပြတ်စောင့်ကြည့်မှတ်တမ်းတင်ခြင်းမေးခွန်းများ**

| **လစဉ် ရပ်ရွာစောင့်ကြည့်မှတ်တမ်းတင်ခြင်း လေ့လာချက်မှတ်တမ်း။ ကောက်ယူသည့်ရက်စွဲ ( ................ )** | | |
|---|---|---|
| **ပြဿနာ** | **အညွှန်းကိန်း** | **လေ့လာတွေ့ရှိချက်များ (သက်ဆိုင်ရာ အချက်အလက်အသေးစိတ် များကိုထည့်ရေးပါ)** |
| မြေဆီလွှာတိုက်စားခြင်းနှင့် မြေယာပြဿနာများ | ထိခိုက်ပျက်စီးသွားသည့် မြေဧရိယာ စတုရန်းပေ (ခြောက်သွေ့ကွဲအက်လာသည့်မြေ) | |
| | မြေပြိုမှုအသစ်ဖြစ်ပွားသည့်အကြိမ်ရေ | |
| | မြေပြိုမှုများကြောင့် ဆုံးရှုံးသွားသည့် မြေဧရိယာစတုရန်းပေ | |
| | စပါးနှင့်သီးနှံအထွက်နှုန်းလျော့လာသည်ဟု ပြောလာသည့် အိမ်ထောင်စု အရေအတွက် | |
| | မိုင်းလုပ်ငန်း ချဲ့ထွင် လာခြင်းကြောင့် ဆုံးရှုံးသွားသည့် မြေဧရိယာနှင့် အိမ်ထောင်စု အရေအတွက် | |

| | | |
|---|---|---|
| ရေ၏အရည်အသွေး/ ပမာဏ | ရေ၏အရောင် | |
| | ရေအတိမ်အနက် (ခန့်မှန်းပေ) | |
| | ရပ်ရွာမှ ရေကို သောက်ရန်၊ ချက်ပြုတ်ရန်၊လျှော်ဖွတ်ရန် အသုံးပြု၍ရသေးသည်ဟု သတ်မှတ်ပါသလား။ | |
| | လစဉ် ရေကြီး ရေလွှမ်းသည့် အကြိမ်အရေအတွက် | |
| | ငါးရေအရေအတွက် လျော့နည်းလာသည်ဟု ပြောဆိုလာသည့် ငါးဖမ်းသမားအရေအတွက် | |
| | မိုင်းတွင်းမှ ရေဆိုးများ မြစ်ထဲကို ဘယ်နှစ်ကြိမ်စွန့်ပစ်ပြီးပြီလဲ။ | |
| ကျန်းမာရေး ပြဿနာများ | အသက်ရှုလမ်းကြောင်းဝေဒနာကို အကြောင်းကြား လာသည့် လူအရေအတွက် | |
| | ခေါင်းကိုက်ဝေဒနာကို အကြောင်းကြားလာသည့် လူအရေအတွက် | |
| | မူးဝေသည့် ဝေဒနာကို အကြောင်းကြား လာသည့် လူအရေအတွက် | |
| | ယားယံခြင်းနှင့်အရေပြား ဝေဒနာကို အကြောင်းကြား လာသည့် လူအရေအတွက် | |
| | ရပ်ရွာအတွင်း သားဖွားကျန်းမာရေး ပြဿနာများနှင့် ကိုယ်ဝန်ပျက်ကျသည့် အမျိုးသမီး အရေအတွက် | |

| | | |
|---|---|---|
| သယံဇာတ ထုတ်ယူမှု | စစ်ဆေးရေး (သို့) အခွန်ကောက်ခံသည့်ဂိတ်အရေအတွက် | |
| | ရွှေသတ္တုရိုင်းများတင်ဆောင်သွားသည့် ထရပ်ကား အရေအတွက် | |
| | သစ်လုံးများတင်ဆောင်ကာ ရွာကိုဖြတ်သွားသည့် ထရပ်ကား အရေအတွက် | |
| လူမှုရေး ပြဿနာများ | ရပ်ရွာအတွင်း မူးယစ်ဆေးများသုံးစွဲရနိုင်သည့် အခြေအနေ/ သိရှိထားသည့်ကိစ္စ အရေအတွက် | |

## Remote sensing images (GFW)




***FIGURE 1: FEB 2021***




***FIGURE 2: FEB 2022***



***FIGURE 3: JAN 2023***

# နောက်ဆက်တွဲ (၂) စီမံကိန်းထိခိုက်မှုပြအချိန်ဇယားတစ်ခုပြုစုရန် လိုအပ်သည့် အချက်အလက်များစာရင်း

ဤစာရင်းသည် အထက်တွင် ဖော်ပြခဲ့သည့် အခန်း (၇.၂)၏ စီမံကိန်းထိခိုက်မှုပြအချိန်ဇယား တစ်ခု ဖန်တီးရန် ပံ့ပိုးပေးနိုင်ပါသည်။




CSO များသည် အချက်အလက်ကောက်ခံရန် ရွာသူရွာသားများနှင့် တွေ့ဆုံမေးမြန်းမည်ဆိုလျှင် ရွာသူရွာသားများကို စီမံကိန်းနှင့်၎င်း၏ ထိခိုက်မှုအချက်အလက်များကို ကြားဖြတ်မမေးဘဲ မျှဝေစေခြင်းဖြင့် စတင်သင့်ပါသည်။ ရွာသူ ရွာသားများမှ ခြုံငုံသုံးသပ်ပြောဆိုပြီးမှ CSO များမှ ဤစာရင်းကိုအသုံးပြုကာ အသေးစိတ်မေးခွန်းများကို ထပ်မံမေးမြန်းနိုင်ပါသည်။ ထိုသို့လုပ်ဆောင်ရန် တွေ့ဆုံမှုအချို့ပြုလုပ်ရန်လိုပါမည်၊ သို့မဟုတ် ပိုလုံခြုံလျှင် လုံခြုံသည့်အပလီကေးရှင်းတစ်ခုသုံးကာ ဖုန်းခေါ်ဆိုမှုများလုပ်နိုင်ပါမည်။ အခြားတစ်နည်းမှာ လုံခြုံမည်ဆိုပါက ရပ်ရွာခေါင်းဆောင်များ ကိုယ်တိုင် ဤစာရင်းကို အသုံးပြုမှတ်သားနိုင်ပါသည်။

ဤစာရင်းကိုအသုံးပြုကာ အချက်အလက်များ ကောက်ယူမှတ်သားခြင်း သို့မဟုတ် CSO များနှင့် အချက်အလက်များမျှဝေပေးပို့ခြင်းများ လုပ်ဆောင်နေသည့် ရွာသူရွာသားများအနေဖြင့် အချက်အလက်များကို ရနိုင်သမျှအသေးစိတ် ထည့်ရေးသင့်ပါသည်။ ဥပမာအားဖြင့် မေးခွန်းသည် “ရေအရည်အသွေးပြောင်းလာတာရှိလား” ဟုဆိုလျှင် ယခင်ကရေအရည်အသွေးက ဘယ်လိုလဲ၊ ဘယ်အချိန်စပြောင်းလာလဲ၊ အချိန်ကြာလာတာနဲ့အမျှဘယ်လိုပြောင်းလဲသွားလဲ၊ ဘယ်နေရာတွေမှာ အဆိုးဆုံးထိခိုက်လဲ၊ စသည့် အသေးစိတ်အချက်အလက်များကို ထည့်သွင်းမေးမြန်းပါ။ ထိုအထဲတွင် ရေ၏အရောင်၊ အနံ့၊ အရသာနှင့် အနည်အနှစ်ပမာဏ စသည့် အသေးစိတ်ချက်များလဲ ပါဝင်နိုင်ပါသည်။

CSO များသည် နောက်ဆက်တွဲမေးခွန်းများမေးခြင်းဖြင့် ဤလုပ်ငန်းစဉ်ကို ပံ့ပိုးနိုင်ပါသည်။ အကယ်၍စာရင်းတွင်ပါသည့်မေးခွန်းတစ်ခုက "ဟုတ်တယ်"၊ "မဟုတ်ဘူး" အဖြေသာရသည့် မေးခွန်းဆိုပါက CSO များမှ ဘယ်အချိန်လဲ၊ ဘယ်လိုဖြစ်တာလဲ၊ ဘယ်သူလဲ၊ ဘာတွေဖြစ်တာလဲ၊ ဘယ်နေရာမှာဖြစ်တာလဲ စသည့် နောက်ဆက်တွဲမေးခွန်းများမေးမြန်းနိုင်ပါသည်။ ၎င်းတို့မှာ အဖွင့်မေးခွန်းဖြစ်ပြီး အချက်အလက်များပိုမိုရရှိရန် ကူညီပေးနိုင်ပါသည်။

ဤစာရင်းတွင်ပါဝင်သည့် အချက်အလက်အားလုံးကို ထိခိုက်ခံရပ်ရွာများထံမှ မေးမြန်း ကောက်ယူနိုင်ပြီး၊ ထိုသို့ကောက်ယူရန် ရွာသူရွာသားများသည် သတ္တုမိုင်းလုပ်ငန်းခွင်သို့သွားရောက်ရန် သို့မဟုတ် မလုံခြုံသည့် နေရာများသို့သွားရောက်မလိုအပ်ပေ။ (အခန်း ၆ တွင် ကြည့်ပါ)

**စီမံအုပ်ချုပ်ရေး**

- စီမံကိန်းတည်ရှိရာနေရာကို ဘယ်သူတွေက စီမံအုပ်ချုပ်နေလဲ။
- အဲ့ဒီစီမံကိန်းကို ဘယ်သူတွေက ခွင့်ပြုထားပါသလဲ။ ဘယ်လိုခွင့်ပြုမိန့်အမျိုးအစားဆိုတာ သင်သိပါသလား။ ကုမ္ပဏီမှာ လုပ်ပိုင်ခွင့် ပါမစ်ရှိလား။ ရှိမည်ဆိုလျှင် ဘယ်လိုပါမစ်အမျိုးစားလဲ။
- စီမံကိန်းကို လုပ်ကိုင်စီမံနေတဲ့ ကုမ္ပဏီနဲ့ ခွင့်ပြုသူတွေနဲ့ ဘယ်လိုဆက်နွယ်မှုမျိုးရှိလဲ။
- ဒီနေရာမှာ လက်နက်ကိုင် ပဋိပက္ခတွေဖြစ်တာရှိလား။
- သတ္တုမိုင်းလုပ်ငန်းဝင်လာပြီး အခြားစက်ရုံလုပ်ငန်းတွေဝင်လာတာရှိလား။ ဘယ်လိုစက်ရုံတွေလဲ။

## လုပ်ငန်းလည်ပတ်မှု

- ဘယ်လိုစီမံကိန်းအမျိုးအစားလဲ။
- ကုမ္ပဏီပိုင်ရှင်ကို သင်သိပါသလား၊ အခြားအရေးပါတဲ့လူတွေရှိသေးလား။
- စီမံကိန်းမှာ ဘယ်သူတွေပါလဲ၊ဘယ်သူတွေလုပ်ကိုင်နေလဲ၊ ဘယ်သူတွေ ရင်းနှီးမြှုပ်နှံထားလဲ၊ ဒါက တစ်ဦးတစ်ယောက်လည်းဖြစ်နိုင်သလို ကုမ္ပဏီ များလည်းဖြစ်နိုင်ပါသည်။
- လုပ်ငန်းက ဘယ်လောက်ကြီးလဲ၊ ခန့်မှန်းခြေ ဧက ဘယ်လောက်ရှိမလဲ။
- စီမံကိန်းက အခုဘယ်အဆင့်ရောက်ပြီလဲ၊ (ဥပမာ စမ်းသပ်ကာလ၊ လည်ပတ် ကာလ၊ ပိတ်သိမ်းကာလ) ။
- အချိန်ကာလတလျှောက် စီမံကိန်းက ဘယ်လိုပြောင်းလဲလာလဲ၊ (ဘယ်အချိန်မှာ ဘယ်လိုချဲ့ထွင်လာလဲ အပါအဝင်)
- စီမံကိန်း အတွက် လျှပ်စစ်ဘယ်ကရလဲ။
- သတ္တုတူးဖော်ရေးစီမံကိန်းများအတွက်
    - ဘယ်လိုသတ္တု/သယံဇာတအမျိုးအစားထုတ်တာလဲ။
    - ဘယ်လိုစက်တွေအသုံးပြုနေလဲ (အရွယ်အစား၊အမျိုးအစား၊ အရေအတွက်)။
    - ဓါတုပစ္စည်းတွေ၊ ဆင့်တက်ပြုပြင်တဲ့ပစ္စည်းတွေအသုံးပြုတာရှိလား။ ရှိခဲ့လျှင် ဘာတွေ သုံးလဲ (ဥပမာ ပြဒါး၊ဆိုင်ယာနိုက်၊ဆာလဖာဒိုင်အောက် ဆိုဒ်)။

## ကုန်စည်စီးဆင်းမှုကွင်းဆက်

- သယံဇာတတွေကို ဘယ်ကိုတင်ပို့ရောင်းချတာလဲ။
- သယံဇာတတွေကို ဘယ်လိုသယ်ဆောင်ကြလဲ။
- တင်ပို့ရောင်းချရာမှာ ဘယ်သူတွေပါလဲ။
- သယံဇာတတွေကို ဘယ်ဈေးနဲ့ရောင်းတာလဲ။

## ကြိုတင်အကြောင်းကြား ညှိနှိုင်းတိုင်ပင်ခြင်း Free, Prior and Informed Consent (FPIC)၊ နှင့် ရပ်ရွာပဋိပက္ခများ

- ကုမ္ပဏီကိုယ်စားလှယ်များ သို့မဟုတ် ဒေသအာဏာပိုင်များက ရပ်ရွာလူထု နှင့် ညှိနှိုင်းတိုင်ပင်တာတွေ လုပ်ခဲ့ပါသလား။
- ပတ်ဝန်းထိခိုက်မှုဆန်းစစ်ခြင်း (EIA) လုပ်ခဲ့တာရှိလား။ လုပ်ခဲ့လျှင် ဘယ်လို ပုံစံလုပ်ခဲ့ပါသလဲ။
- ရပ်ရွာမှ သို့မဟုတ် နီးနားဝန်းကျင်မှ လူတွေနဲ့ ကုမ္ပဏီကိုယ်စားလှယ်များ သို့မဟုတ် ဒေသအာဏာပိုင်များ အကြား သဘောတူညီချက်တွေ ချခဲ့ကြ တာရှိလား။ ရှိခဲ့လျှင် သဘောတူညီချက်အသေးစိတ်ကိုပြောပြပါ။
- ရွာသူရွာသား မည်သူမဆို စီမံကိန်းကို သဘောတူဖို့ အကျပ်ကိုင်ခံရတာရှိ လား။
- ရွာသူရွာသားတွေအနေနဲ့ စီမံကိန်းအတွက် မိမိတို့ သဘောဆန္ဒကို လွတ်လပ် စွာ ပေးနိုင်တယ်လို့ခံစားရလား။
- စီမံကိန်းကြောင့် ရပ်ရွာအတွင်း အဖွဲ့ကွဲတာ ပဋိပက္ခတွေ ဖြစ်လာတာရှိလား။

**သစ်တောများ**



- စီမံကိန်းက ဘယ်လိုသစ်တော အမျိုးအစားထဲမှာရှိတာလဲ၊ (ဥပမာ၊ ကြိုးဝိုင်းတော၊အစုအဖွဲ့ပိုင်သစ်တော၊ကာကွယ်တော သို့မဟုတ် ခလေ့ထုံးတမ်းအရ စီမံခန့်ခွဲသော သစ်တော)။
- ရပ်ရွာအတွက် သစ်တော၏ အရေးပါမှုက ဘာတွေလဲ။ ဒေသခံတွေရဲ့ အသက်မွေးဝမ်းကြောင်းကို ပံ့ပိုးပေးသလား။ ရွာသူရွာသားတွေ သစ်တောထဲက ဘယ်အရင်းအမြစ်တွေ ထွက်ကုန်တွေ စုဆောင်းကြလဲ၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ အရေးပါမှု စသည်တို့ရှိပါသလား။
- သစ်တောမှ ဘယ်လိုသယံဇာတတွေကို ထုတ်ယူကြလဲ (ကျွန်းသစ်၊ ပျဉ်းကတိုး၊ တမလန်းသစ် ခေါ် သစ်နှင်းဆီ၊ အခြားသယံဇာတများ)။
- ဒီဒေသနေ သစ်လုံးတင်ကား (တစ်ရက် သို့မဟုတ် တစ်ပတ်) မှာ ဘယ်နှစ်စီးလောက် ထွက်သွားပြီလဲ။
- ထရပ်ကားတွေ ဘယ်ဖက်ကို မောင်းသွားကြတာလဲ၊ သစ်တွေကို ဘယ်ကို သယ်သွားလဲဆိုတာ သိလား။
- ရွာသူရွာသားတွေအနေနဲ့ သစ်တောထဲမှာ ဘယ်လိုထိခိုက်သက်ရောက်မှုတွေ တွေ့ရပါသလဲ၊ သက်ရှိမျိုးစိတ်တွေ ပျောက်လာတာတွေ ဇီဝမျိုးကွဲတွေ ပျက်စီးပျောက်ဆုံးလာတွေရှိလား။
- ကုမ္ပဏီရဲ့စီမံကိန်းသည် ရပ်ရွာလူထုက သစ်တောများထဲဝင်ရောက်ခွင့်အသုံးပြုခွင့် အပေါ် ဘယ်လို အကျိုးသက်ရောက်မှုတွေရှိလဲ။

**ရေ**



- ရပ်ရွာကဘယ်ရေအရင်းအမြစ်တွေကိုအသုံးပြုကြလဲ (ပိုက်ရေ၊ ရေတွင်း၊ မိုးရေ၊မြစ်ရေ၊အခြား)
- ကုမ္ပဏီက အဲ့ဒီရေအရင်းအမြစ်တွေကိုအသုံးပြုတာ၊ အဲဒီထဲကို စွန့်ပစ္စည်းတွေ စွန့်ပစ်တာတွေ တွေ့ဖူးလား။
- တွင်း၊မြစ်ချောင်းသို့မဟုတ် အင်းအိုင်များမှ ရေတွေရဲ့ အရည်အသွေးပြောင်းလာတာရှိလား။ ဘယ်လိုပြောင်းလာလဲ ( အနည်အနစ်များ၊ရေအရောင်၊အနံ့၊အရသာ စသည်တို့ကိုမှတ်သားပါ)။
- ရေစီးတာ၊ရေအတိမ်အနက် ပြောင်းလဲလာတွေရှိပါသလား (ရေစီးကြောင်းတွေ၊ ရေအတိမ်အနက်၊ နုန်းအနယ်အနှစ် နှင့်ရေကြီးရေလျှံသည့် နေရာများကို ရှာဖွေမှတ်သားပါ)။
- ရေချောင်းတွေကို ဘာအတွက်အသုံးပြုကြလဲ (သောက်ရေ၊လျှော်ဖွတ်ရန်၊ လမ်းပန်း ဆက်သွယ်ရေး စသဖြင့်)။
- ရေအရင်းအမြစ်တွေမှာ ရေမှော်ရေညှိ စသည့်အပင်များပေါက်လာခြင်း၊ငါး သို့မဟုတ် အခြားရေနေသတ္တဝါများ အရေအတွက် ပြောင်းလဲလာတာတွေ ရှိလား၊ ဘယ်လိုအပြောင်းအလဲတွေ တွေ့မြင်ရပါသလဲ။
- ရွာသူရွာသားတွေ ရေသုံးစွဲဖို့ အခက်ခဲကြုံရတာရှိလား (ရေမလုံလောက်တာ၊ ရေကို သောက်ရန်၊ ချိုးရန်၊စိုက်ပျိုးရေးအတွက် အသုံးပြု၍မရတော့ခြင်း စသဖြင့်)။
- ရပ်ရွာက ရေအရင်းအမြစ်တွေကို အသုံးပြုလို့ရနေဆဲလား၊ မရတော့လျှင် အခြားဘယ်လို ရေအရင်းအမြစ်တွေ သုံးသေးလဲ။

## စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု

- သတ္တုမိုင်းစွန့်ပစ်ရေတွေနဲ့အခြား စွန့်ပစ္စည်းတွေကို ကုမ္ပဏီက ဘယ်နေရာမှာ စွန့်ပစ်သလဲ။
- စွန့်ပစ္စည်း စွန့်ပစ်မှုကြောင့် ရေအရင်းအမြစ် သို့မဟုတ် စိုက်ပျိုးမြေတွေကို ထိခိုက်တာရှိပါသလား။
- အမှိုက်ပုံ သို့မဟုတ် မိုင်းမှရေဆိုးစွန့်တာတွေက ရပ်ရွာဒေသရဲ့ မြေယာ၊ရေ၊လေ အရည်အသွေးကို ထိခိုက်လာတာရှိပါသလား။
- သတ္တုတွင်းမှ ရေဆိုးများနှင့် စွန့်ပစ္စည်းများကို စွန့်ပစ်ရန် ကုမ္ပဏီမှာ ဘယ်လို အစီအစဉ်၊ ပုံမှန်လုပ်ဆောင်တဲ့အရာ တွေရှိပါသလဲ။

## လေအရည်အသွေးနှင့်ဆူညံသံ

- ဖုန်မှုန့် သို့မဟုတ် အနံ့ဆိုးများကဲ့သို့ လေအရည်အသွေး ဘယ်လိုပြောင်းလဲလာပါသလဲ။
- လုပ်ငန်းခွင်မှ ဆူညံသံတွေက ရပ်ရွာလူထုကို ဘယ်လိုသက်ရောက်စေပါသလဲ။

## မြေအရည်အသွေး

- စီမံကိန်းက ဘယ်လိုမြေအမျိုးစားပေါ် တည်ရှိတာလဲ (စိုက်ပျိုးမြေ၊ ကျေးရွာမြေ၊ သစ်တောမြေ စသဖြင့်)။
- ရပ်ရွာအနေနဲ့ ဘယ်လို မြေတိုင်းတာမှတ်သားတာတွေလုပ်ထားပြီလဲ။
- မြေဆီလွှာအရည်အသွေး ပြောင်းလဲလာတွေရှိပါလား။



- မြေဆီလွှာတိုက်စားမှုတွေ တွေ့ရပါသလား (မိုးရေ သို့မဟုတ် မြစ်ရေတိုက်စား သွားခြင်း)။
- မြေတွေ ခြောက်သွေ့ကွဲအက်လာတွေ တွေ့ရပါလား။
- မြေပြိုတာတွေ မြေနိမ့်ကျသွားတာတွေ ရှိပါသလား။
- စိုက်ပျိုးမြေတွေမှာ သိသာထင်ရှားတဲ့ ထိခိုက်မှုတွေတွေ့ရပါသလား။ ၎င်းတွင် စိုက်ပျိုးသီးနှံများ သေကြေပျက်စီးခြင်း သို့မဟုတ် အထွက်နှုန်းလျော့လာခြင်းတို့ပါဝင်ပါသည်။

## မြေအသုံးပြုမှု နှင့် အသုံးချခွင့်




- ရွာသူရွာသားတွေ အတင်း အဓမ္မ ပြောင်းရွှေ့ခံရတာရှိပါသလား သို့မဟုတ် ကုမ္ပဏီ/ အာဏာပိုင်တွေက မြေယာသိမ်းဆည်းတာတွေရှိပါသလား။
- ဘယ်လိုမြေတွေ ဆုံးရှုံးသွားရလဲ (စိုက်ပျိုးမြေ၊ရွာမြေ၊သစ်တောမြေ စသဖြင့်)။
- မြေသိမ်းဖို့အတွက် ဘာမူဝါဒတွေ၊လုပ်ထုံးလုပ်နည်းတွေကို သူတို့သုံးခဲ့ကြလဲ။
- ရပ်ရွာက အသုံးပြုခွင့်ဆုံးရှုံးမှုတွေမြေတွေအတွက် လျော်ကြေးပေးတာတွေ ရှိလား။ လျော်ကြေးကို ဘယ်လိုတွက်ချက်ခဲ့တာလဲ၊ ရွာသားတွေက လျော်ကြေး အပေါ်ကျေနပ်မှုရှိရဲ့လား။
- ရွပ်ရွာက ဘုံပိုင်မြေများ၊သစ်တောများ၊အင်းများ အပါအဝင် အခြားနယ်မြေတွေ ဆုံးရှုံးခဲ့ရတာရှိပါသလား။
- စီမံကိန်းလုပ်ငန်းကြောင့် ရွာသူရွာသားမည်သူမဆို ပြောင်းရွှေ့သွားရတာ၊

သို့မဟုတ် မြေအသုံးပြုမှုပုံစံ ပြောင်းလိုက်ရတာတွေ ရှိပါသလား။

- ရွာသူရွာသားတွေက သူတို့မြေတွေကို အတင်းအကျပ် ရောင်းဖို့ ဖိအားပေးစေခိုင်းခံရတာတွေရှိပါသလား။

## ရပ်ရွာဒေသကျန်းမာရေး



- စီမံကိန်းစလာသည့်အချိန်မှစပြီး ရွာသူရွာသားတွေ ဘယ်လိုကျန်းမာရေးပြဿနာတွေတွေ့ကြုံရလဲ။
- သူတို့ဆီမှာ ဘယ်လိုရောဂါလက္ခဏာ တွေတွေ့ရလဲ။
    - အသက်ရှူရခက်ခဲတာလား။
    - အာရုံကြောဆိုင်ရာပြဿနာများ (မေ့လျော့လာခြင်း၊ ခေါင်းကိုက်ခြင်း၊ မူးဝေခြင်းနှင့် စိတ်ဖိစီးမှုစသည့်ပြဿနာများပါဝင်ပါသည်)။
    - ကျောက်ကပ်နာကျင်ခြင်း သို့မဟုတ် ဆီးသွားချိန်နာကျင်ခြင်း။
    - ယားယံခြင်း၊အရေပြားရောဂါဖြစ်ခြင်း။
    - ကိုယ်ဝန်ပျက်ကျခြင်း သို့မဟုတ် ကိုယ်ဝန်နှင့်ဆိုင်သည့်ပြဿနာများ။
- ရွာသူရွာသား ဘယ်နှစ်ယောက်လောက် ကျန်းမာရေးပြဿနာနဲ့ရင်ဆိုင်နေရလဲ။ သူတို့က လုပ်ငန်းစီမံကိန်းနေရာ သို့မဟုတ် စွန့်ပစ္စည်း စွန့်ပစ်တဲ့နေရာ ကနေ ခန့်မှန်းခြေ ဘယ်လောက်ဝေးဝေးမှာ နေထိုင်ကြလဲ။
- အမျိုးသမီးတွေ၊ကလေးငယ်တွေနဲ့လူနည်းစုတွေက အခြားဘာပြဿနာတွေကြုံတွေ့နေရလဲ။


- ရွာသူရွာသားတွေအနေနဲ့ ကျန်းမာရေးပြဿနာတွေက စီမံကိန်းနဲ့ဆက်စပ်တွေ လို့ထင်လား၊ ထင်လျှင် ဘာကြောင့်ထင်တာလဲ။

## ကုမ္ပဏီ သို့မဟုတ် အာဏာပိုင်များနှင့်အပြန်အလှန်ဆက်ဆံရေး



- ရပ်ရွာအနေနဲ့ ကုမ္ပဏီ သို့မဟုတ် အာဏာပိုင်တွေနဲ့ ထိပ်တိုက်ရင်ဆိုင်တာတွေ သို့မဟုတ် ဆက်သွယ်ဆက်ဆံတာတွေရှိပါလား၊ ကျေးဇူးပြု၍ရှင်းပြပါ။ ၎င်းတွင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းစဉ်၊အလွတ်သဘော ညှိနှိုင်းဆွေးနွေးမှု သို့မဟုတ် ရွာသူရွာသားများမှ တိုင်ကြားမှုများ ပါဝင်နိုင်ပါသည်။
- ခြိမ်းခြောက်တာ၊ အကြမ်းဖက်တာ၊ အကြမ်းဖက်ဖို့ ခြိမ်းခြောက်တာတွေ ရပ်ရွာသို့မဟုတ် အခြားသူတွေ တွေ့ကြုံဖူးလား။
- စစ်ဆေးရေးဂိတ်တွေမှာ ရွာသူရွာသားတွေ တားဆီးစစ်ဆေးခံရဖူးလား၊
- ရွာသူရွာသားတွေ တစ်နေရာရာမှာ လူ့အခွင့်အရေးချိုးဖောက်ခံနေရတယ်လို့ အသိပေးတိုင်ကြားတာတွေရှိလား၊ ဘာတွေဖြစ်ခဲ့တာလဲ။

## လူမှုရေးပြဿနာများ




- ရပ်ရွာထဲမှာ အုပ်စုကွဲတာတွေ၊ ပဋိပက္ခတွေ ကြုံတွေ့ဖူးပါသလား၊ ရွာသူ ရွာသားတွေ ကြားမှာ စီမံကိန်း နဲ့ပတ်သက်ပြီး ဘယ်လို အမြင်ကွဲလွဲမှုတွေရှိလဲ။
- ရွာသူရွာသားတွေ ရွာကထွက်ခွာသွားရတာတွေ ရှိပါသလား။
- စီမံကိန်းကြောင့် ရွာသူရွာသားတွေရဲ့ အသက်မွေးဝမ်းကျောင်းနှင့်ရိုးရာလုပ်ကိုင်မှုတွေ အပေါ် ထိခိုက်မှုတွေရှိလား၊ (၄င်းမှာ အလုပ် အကိုင်အခွင့်အလမ်းရလာခြင်းကဲ့သို့ ကောင်းကျိုး သက်ရောက်မှုဖြစ်နိုင်သလို စိုက်ပျိုးရေးအသက်မွေးဝမ်းကျောင်းခက်ခဲလာမှုကဲ့သို့ ဆိုးကျိုးထိခိုက်မှုလည်း ဖြစ်နိုင်သည်)။
- အမျိုးသမီးတွေကို မတူညီတဲ့ထိခိုက်မှုတွေ ရှိပါသလား။
- အမျိုးသမီးတွေအနေနဲ့ ဘယ်လို ဝင်ငွေနဲ့အလုပ်အကိုင်အခွင့်အလမ်းတွေ ရနိုင်ပါသလဲ။
- အိမ်တွင်းအကြမ်းဖက်မှုတွေ များလာလား။
- မြေယာမဲ့ ရွာသူရွာသားတွေကို ဆိုးဝါးတဲ့ထိခိုက်မှုတွေရှိပါသလား။
- တိုင်းရင်းသားလူနည်းစုတွေရဲ့ အခြေအနေက ဘယ်လိုလဲ။
- ရပ်ရွာထဲမှာ အပြင်ကပြောင်းရွှေ့လာတဲ့သူတွေရှိလား၊ အိမ်ရှင်ရပ်ရွာအပေါ် ဘာတွေထိခိုက်မှုရှိလဲ။

# နောက်ဆက်တွဲ(၃) ဆက်လက်စောင့်ကြည့်မှတ်တမ်းတင်မှုစာရင်း

ဤဆက်လက်စောင့်ကြည့်မှတ်တမ်းတင်မှုစာရင်းသည် အထက်ပါ အခန်း (၇.၂) တွင်ဖေါ်ပြထားသည့် အတိုင်း ၎င်းတို့၏ကိုယ်ပိုင်ဆက်လက် စောင့်ကြည့်ရေးစနစ်အား တည်ဆောက်သည့်အခါတွင် ရပ်ရွာ လူထုမှ ထည့်သွင်းစဉ်းစားရန်လိုသည့် သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာပြဿနာရပ်များအတွက် ပြည့်စုံစေစပ်သော စာရင်းတစ်ခုဖြစ်ပါသည်။ မိမိတို့ရပ်ရွာနှင့် ဖေါ်ပြပါပြဿနာရပ်အားလုံးနှင့် သက်ဆိုင်ချင်မှ သက်ဆိုင်ပါလိမ့်မည်။ ရပ်ရွာလူထုများအနေဖြင့် မိမိတို့နှင့်သက်ဆိုင်မည့် အချက်များကို အရပ်ဖက်အဖွဲ့အစည်း (CSO) များနှင့်လက်တွဲကာ ရွေးချယ်သင့်ပါသည်။ ၎င်းသည် အခန်း (၇.၁) တွင်ဖေါ်ပြထားသည့်(နောက်ဆက်တွဲ (၂)တွင်ဖေါ်ပြထားသည့် မေးခွန်းများကို အသုံးပြုကာ ပြုစုထားနိုင်သည့်) စီမံကိန်းထိခိုက်နစ်နာမှုအချိန်ဇယား (Project Impacts Timeline) ကို အခြေခံနိုင် ပါသည်။ ရပ်ရွာလူထုတစ်ရပ်သည် ၎င်းတို့စောင့်ကြည့်နေသည့် ပရောဂျက်စီမံကိန်းနှင့် အကိုက်ညီဆုံး တိုင်းတာချက်အညွှန်းများကိုရွေးချယ်နိုင်ပါသည်။ နောက်ဆက်တွဲ (၁) တွင် ဖေါ်ပြထားသည့် ဖြစ်ရပ်လေ့လာမှုတွင် ရပ်ရွာလူထုတစ်ခုအနေဖြင့်ရွေးချယ်နိုင်သည့် ဥပမာအညွှန်းများအား ဖေါ်ပြပေးထားပါသည်။

ပြဿနာအများစုကို မိမိ၏ရပ်ရွာအတွင်းမှ အခြားရွာသူရွာသားများနှင့်ပြောဆိုမေးမြန်းကာ ပတ်ဝန်းကျင်၏အခြေအနေကိုကြည့်ရှုလေ့လာခြင်းဖြင့် စောင့်ကြည့်နိုင်ပါသည်။ ထိုလေ့လာတွေ့ရှိ ချက်များနှင့်ဆွေးနွေးပြောဆိုမှုများမှာ သက်သေအထောက်အထောက်များ စတင်တည်ဆောက် ရန် အတွက် များပြားသောသတင်းအချက်များကို ပေးနိုင်ပါသည်။ ရပ်ရွာလူထုများအနေဖြင့် မိမိတို့နှင့် သင့်တော်သလို စောင့်ကြည့်လေ့လာရေးအချက်အလက်များကို နှစ်ပတ်တစ်ကြိမ် သို့မဟုတ် တစ်လတစ်ကြိမ်နှုန်းဖြင့် ကောက်ခံစုဆောင်းနိုင်ပါသည်။ ၎င်းအချက်အလက်များသည် အချိန်နှင့်အမျှ ပြောင်းလဲမှုများကို ပြသပေလိမ့်မည်။ ဖြစ်နိုင်လျှင် စောင့်ကြည့်လေ့လာချိန်တွင် တည်နေရာကို သေချာစွာမှတ်သားထားသင့်ပါသည်။ ၎င်းမှာ အပြောင်းအလဲများနှင့် ထိခိုက်မှုများ၏ ပုံစံများနှင့် အကြောင်းရင်းများကို ပြသရန်ကူညီပေးနိုင်ပါသည်။

| တိုင်းတာချက်အညွှန်းများ | မှတ်ချက်များ |
|---|---|
| **(၁) ကျန်းမာရေးထိခိုက်မှုများ** | |
| ရပ်ပိုင်းဆိုင်ရာကျန်းမာရေးအပေါ်ထိခိုက်မှုများ<br>(၁) အသက်ရှူရခက်ခဲခြင်း<br>(၂) အရေပြားယားယံခြင်း<br>(၃) ကိုယ်ဝန်ပျက်ကျခြင်း<br>(၄) သေဆုံးမှု<br>(၅) မသန်စွမ်းမှု<br>(၆) ထိခိုက်ဒဏ်ရာများ<br>(၇) အခြားသောထိခိုက်မှုများ | အကယ်၍ဖြစ်နိုင်လျှင် အောက်ပါအချက်များအတွက် အသေးစိတ်အချက်အလက်များကိုမှတ်တမ်းတင်ပါ။<br>• ဘယ်လို လက္ခဏာတွေတွေ့ရလဲ။<br>• ဂျန်ဒါနှင့်အသက်အရွယ်။<br>• ကျန်းမာရေးပြဿနာ၏သမိုင်း။<br>• အိမ်တည်နေရာ။<br>• မိမိရပ်ရွာတွင်။<br>• ရွာသူရွာသားဘယ်လောက်ခန့် ကျန်းမာရေးပြဿခံစားနေရသလဲ။<br>• အကယ်၍ဆရာဝန်ထံမှလွှဲစာများရှိခဲ့လျှင်။ |
| အာရုံကြောကျန်းမာရေးအပေါ်ထိခိုက်မှုများ<br>(၁) ခေါင်းကိုက်ခြင်း<br>(၂) စိတ်ကျနာဖြစ်ခြင်း<br>(၃) မူးဝေခြင်း<br>(၄) မေ့လျော့ခြင်း<br>(၅) အခြားသောထိခိုက်မှုများ | အကယ်၍ဖြစ်နိုင်လျှင် အောက်ပါအချက်များအတွက် အသေးစိတ်အချက်အလက်များကိုမှတ်တမ်းတင်ပါ။<br>• ဘယ်လို လက္ခဏာတွေတွေ့ရလဲ။<br>• ဂျန်ဒါနှင့်အသက်အရွယ်။<br>• စဖြစ်သည့်အချိန်ကာလ<br>• ကျန်းမာရေးပြဿနာ၏သမိုင်းကြောင်း<br>• အိမ်တည်နေရာ<br>• ရွာသူရွာသားဘယ်လောက် ကျန်းမာရေး ပြဿနာကိုခံစားနေရသလဲ။<br>• အကယ်၍ဆရာဝန်ထံမှလွှဲစာများရှိခဲ့လျှင်။ |

| | |
|---|---|
| ကလေးသူငယ်များကျန်းမာရေး<br><br>(၁)ခေါင်းမူးခြင်း<br>(၂) အရေပြားယားယံခြင်း<br>(၃) အသက်ရှုလမ်းကြောင်း ပြဿနာ<br>(၄) စကားပြော ပြဿနာ (ဆွံ့ခြင်း၊ ထစ်ခြင်း)<br>(၅) အာရုံစိုက်နိုင်မှု ပြဿနာ<br>(၆) အခြားပြဿနာများ | နေထိုင်မကောင်းဖြစ်နေသည့်ကလေး အရေအတွက်နှင့် ၎င်းတို့စတင်ခံစားခဲ့ရသည့်အချိန်ကိုမှတ်တမ်းတင်ပါ။ ပြဒါးနှင့်ခဲကဲ့သို့သော ဓါတ်သတ္တုညစ်ညမ်းမှုသည် ကလေးသူငယ်များနှင့်ကိုယ်ဝန်ဆောင်မိခင်များကို အချိုးမမျှတစွာထိခိုက်နိုင်ပါသည်။<br><br>ကျောင်းသူကျောင်းသားတွင် အပြောင်းအလဲရှိမရှိ ကျေးရွာရှိဆရာဆရာမများအား မေးမြန်းပါ။ |
| **ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများ** | |
| **(၂) ရေအရင်းမြစ်များ** | |
| ရပ်ရွာရှိ အဓိကရေအရင်းမြစ်တွေ ဘာတွေလဲ။ အိမ်ထောင်စုတွေက သောက်သုံးရေနဲ့ အိမ်သုံးရေအတွက် ဘယ်ရေအရင်းအမြစ်ကို အသုံးပြုကြသလဲ။<br><br>(၁) စမ်းချောင်း<br>(၂) မြစ်<br>(၃) ကန်၊အိုင်<br>(၄) ချောင်း<br>(၅) အခြားသောအရင်းအမြစ်များ | ရေအရင်းအမြစ်၏အမည်များကို ဒေသအခေါ်နှင့် တရားဝင်နာမည်ကို သိရှိပါက မှတ်တမ်းတင်ရေးသား ထားပါ။ အကယ်၍ GPS ပွိုင့်များရနိုင်လျှင်မှတ်သား ထားရန် အရေးကြီးပါသည်။ |

| | |
|---|---|
| ရေအရည်အသွေးနှင့် စီးဆင်းမှု<br><br>(၁) ရေအရောင်တွေပြောင်းလာလား။ (ရှင်းလင်းစွာဖော်ပြပါ။<br>(၂) ရေ၏အနံ့ သို့မဟုတ် အရသာ ပြောင်း လာလား။<br>(၃) ရေအတိမ်အနက် သို့မဟုတ် ရေစီးဆင်းမှု ပြောင်းလဲလာလား။<br>(၄) ရွာသူရွာသားတွေက သောက်ရေ၊ အိမ်သုံးရေနဲ့အခြားအရာတွေ အတွက် လက်ရှိရေအရင်းအမြစ်တွေကို အသုံးပြုနေ ကြဆဲလား။<br>(၅) နုန်းမြေနှစ်များရှိနေခြင်း (သတ္တုတွင်းကြောင့်ရေများတိမ်ကောညစ်ပတ်နေလား)<br>(၆) သတ္တုတွင်းမှ စွန့်ပစ်ရေများကို ရေအရင်းမြစ်တွေထဲကိုစွန့်ပစ်ခဲ့သလား။ (ဘယ်နှစ်ကြိမ်လဲ)<br>(၇) အခြားအရာများ။ | ရေရဲ့အရည်အသွေးမှာ သိသာထင်ရှားတဲ့ ပြောင်းလဲမှုတွေရှိလာလား။<br><br>ရေရဲ့အရောင် သို့မဟုတ် အနံ့ ပြောင်းသွားတာရှိလား။<br><br>ရေစီးဆင်းမှု၊ ရေထုထည်ပမာဏ ပြောင်းသွားတာရှိလား။ |
| ရေရရှိမှုနဲ့အသုံးပြုမှုအပေါ် ဘာတွေ သက်ရောက်မှုရှိလဲ။<br><br>(၁) ရပ်ရွာလူထုက ရေကို သောက်ဖို့ဘေးကင်းတယ်လို့ယူဆသလား။ ဘာကြောင့်လဲ။<br>(၂) လူတွေရေကြောင်းသုံးပြီး ခရီးသွားလို့ရသေးလား။ (လှေ အစရှိသဖြင့်)<br>(၃) စိုက်ပျိုးရေရရှိမှုအပေါ်ထိခိုက်မှု<br>(၄) ငါး သို့မဟုတ် ရေနေသတ္တဝါတွေ သေနေတာရှိလား။ (တွေ့ရှိလျှင် ကျေးဇူးပြု၍ဓါတ်ပုံရိုက်ထားပါ)<br>(၅) ရပ်ရွာလူထုက ငါးဖမ်းလို့ရနေဆဲလား။ ငါး ရရှိမှု ပမာဏပြောင်းသွားတာရှိလား။<br>(၆) အခြားအရာများ (အသေးစိတ်ရေးပါ) | |

| (၃) မြေယာထိခိုက်မှု | |
|---|---|
| စိုက်ပျိုးမြေယာများ ပြောင်းလဲလာခြင်း<br>(၁) မြေဆီလွှာတိုက်စားလာတာတွေရှိလား (မြေကသွေ့ခြောက်နေလား၊ အက်ကွဲကြောင်း တွေရှိနေလား၊ ထွန်ယက်လို့ကောင်းသေးလား)<br>(၂) မြေက စိုက်ပျိုးလို့ကောင်းသေးလား၊ ဆိုးဝါးပျက်စီးလာတဲ့နေရာတွေရှိလား။<br>(၃) မြေဆီလွှာအရောင်ပြောင်းလာလား။ ဘယ်လိုပြောင်းလာလဲ။<br>(၄) မြေပြိုကျတာတွေရှိခဲ့ဖူးလား။ ရှိခဲ့ရင် ဘယ်နှစ်ကြိမ်လောက်ဖြစ်လဲ၊ဘယ်နေရာမှာလဲ။<br>(၅) အခြားအရာများ။ | စီမံကိန်းကြောင့် မြေပြိုတာတွေရှိဖူးလား။<br>မြေရဲ့အရည်အသွေးပြောင်းလဲလာတာတွေ သတိပြုမိလား။ |
| မြေပြိုကျမှုကြောင့် ထိခိုက်မှု<br>(၁) စိုက်ပျိုးမြေများ ဆုံးရှုံးရခြင်း။<br>(၂) ပစ္စည်းဥစ္စာများ ပျက်စီးခြင်း။<br>(၃) လမ်း ပိတ်ဆို့ခြင်း။<br>(၄) ခြောက်သွေ့သော၊ထွန်ယက်၍မရသော မြေဖြစ်လာခြင်း။<br>(၅) ရွာသူရွာသားများ ထိခိုက်ဒါဏ်ရာရခြင်း။<br>(၆) ကျွဲနွား တိရစ္ဆာန်များဆုံးရှုံးခြင်း။<br>(၇) အခြားအရာများ။ | |

| | |
|---|---|
| စိုက်ပျိုးမြေအရည်အသွေး<br><br>(၁) သီးနှံအထွက်နှုန်းမှာ ဘယ်လို အပြောင်းလဲ တွေ့ရှိလဲ။ ဘာကြောင့်လဲ။<br>(၂) စိုက်ပျိုးမြေများတွင် အောက်ပါအချက်များ ကြောင့် ထိခိုက်မှုကိုဖေါ်ပြပါ။<br>(၂.၁) ရေကြီးရေလျှံနစ်မြုပ်ခြင်း။<br>(၂.၂) ဖုန်ထခြင်း။<br>(၂.၃) ဓာတုပစ္စည်းများ စွန့်ပစ်ခြင်း။ | |
| မြေယာသိမ်းဆည်းခြင်းနှင့်မြေယာအသုံးပြုခွင့် ဆုံးရှုံးခြင်း<br><br>(၁) မြေယာသိမ်းဆည်းမှုတွေရှိဖူးလား။<br>(၂) မြေယာများ ညစ်ညမ်းမှု၊ရေလွှမ်းခံရမှု၊ ထိခိုက်ပျက်စီးမှုရှိဖူးလား။<br>(၃) အိမ်ထောင်စုပိုင်မြေဘယ်လောက်ဆုံးရှုံးသွားပြီလဲ။ တန်ဖိုးကရောဘယ်လောက်ရှိမလဲ။<br>(၄) ရပ်ရွာအများပိုင်မြေဘယ်လောက်ဆုံးရှုံးသွားပြီလဲ။ အဆိုပါမြေကို ဘာအတွက် အသုံးပြုခဲ့ကြတာလဲ။<br>(၅) အခြားအရာများ။ | ရပ်ရွာပြည်သူများ မြေယာအသုံးပြုခွင့် ဆုံးရှုံးဖူးလား။ ထိုတွင်အများပိုင်မြေများလဲ ပါဝင်နိုင်သည်။<br><br>မြေယာသိမ်းဆည်းခံရတာရှိဖူးလား။<br><br>မြေတွေ ညစ်ညမ်းသွားတာ ပျက်စီးသွားတာရှိဖူးလား။ |
| ရပ်ရွာအနေဖြင့် မြေဘယ်နှစ်ဧကလောက် ဆုံးရှုံးခဲ့ရလဲ။<br><br>(၁) အများပိုင်မြေ<br>(၂) သစ်တောမြေ<br>(၃) လူနေအိမ်ခြံမြေ<br>(၄) ဥယာဉ်ခြံမြေ<br>(၅) လယ်ယာမြေ<br>(၆) အခြားမြေများ | |

| | |
|---|---|
| လျော်ကြေး သို့မဟုတ် ပြန်လည်နေရာချ ထားရေး<br><br>(၁) ရွာသူရွာသားတွေ ပြန်လည်နေရာချထား ခံရတာရှိဖူးလား။<br>(၂) ပြန်လည်နေရာချပေးတဲ့ နေရာ အခြေအနေက ဘယ်လိုရှိလဲ။<br>(၃) ဆုံးရှုံးနစ်နာမှုအတွက် ရွာသူရွာသားတွေ လျော်ကြေးရတာ ရှိဖူးလား။<br>(၄) တစ်ကေကို ဘယ်လောက်ရကြလဲ။ | |
| **(၄) သစ်တောနှင့် တောရိုင်းတိရစ္ဆာန်များ** | |
| သစ်တောအမျိုးအစားများ<br><br>(၁) အစုအဖွဲ့ပိုင်သစ်တော<br>(၂) ရပ်ရွာနယ်နိမိတ် အတွင်း၊အပြင်သစ်တော<br>(၃) အမျိုးသားဥယျာဉ်<br>(၄) ထိန်းသိမ်းတော<br>(၅) အခြားသစ်တောများ | |

| | |
|---|---|
| သစ်တော၏ထူးခြားချက်<br><br>(၁) မိုးသစ်တော<br>(၂) ဒီရေတော<br>(၃) နဂိုမူလသစ်တော၊ သဘာဝသစ်တော<br>(၄) အရေးပါသော ဂေဟစနစ်<br>(၅) ထိခိုက်လွယ်သော တောရိုင်းတိရစ္ဆာန်မျိုးစိတ်များ<br>(၆) အရေးပါသော ယဉ်ကျေးမှု၊ ယုံကြည်မှု အလေ့အထများ<br>(၇) ထင်း၊ သစ်တောထွက်ပစ္စည်းများ စုဆောင်းခြင်း<br>(၈) စိုက်ခင်း၊စိုက်ပျိုးသစ်တော (ရာဘာ အစရှိသဖြင့်)<br>(၉) အခြားသော အရာများ | သစ်တောဧရိယာတွင် မိုးသစ်တောများ၊ ဒီရေတောများ၊ နဂိုမူလသစ်တောများ သို့မဟုတ် အခြားအရေးကြီးသော ဂေဟစနစ်များ ပါဝင်ပါသလား။<br><br>ထိုဧရိယာတွင် ထိခိုက်လွယ်သော တောရိုင်းတိရစ္ဆာန်မျိုးစိတ်များ ရှိပါသလား။ ကျေးဇူးပြု၍ အသေးစိတ်ရှင်းပြပါ။<br><br>သစ်တောသည် ယဉ်ကျေးမှု သို့မဟုတ် ယုံကြည်မှုဆိုင်ရာ အရေးပါမှု ရှိပါသလား။<br><br>အသေးစိတ်ရှင်းပြပေးပါ။ |
| သစ်တောပြုန်းတီးမှုနှင့်သစ်တောပျက်စီးမှု<br><br>(၁) သစ်တောထဲမှာ သစ်ခုတ်တာတွေ ရှိခဲ့ဖူးလား။<br>(၂) သစ်ခုတ်တာက အကုန်ရှင်းခုတ်လား၊ အကွက်လိုက်ခုတ်လား၊ ရွေးပြီးခုတ်လား သို့မဟုတ် အခြားသစ်တော ပြုန်းတီးစေတဲ့ ပုံစံလား။<br>(၃) သက်ကြီးပင်၊ အပင်ကြီးတွေ ထုတ်ယူ ခံရတာရှိလား။<br>(၄) မြစ်များ၊ချောင်းများအနီးအနား သစ်ခုတ်တာ တွေရှိခဲ့လား။<br>(၅) သစ်တောဖုံးလွှမ်းမှု ပြောင်းလဲလာတာ ရှိလား။<br>(၆) တောရိုင်းတိရိစ္ဆာန်များရှိနေတာနဲ့ ပတ်သက် ပြီး ပြောင်းလဲလာတာရှိလား။ | |

| သစ်တော အခြေအနေ၊အသုံးချမှု၊သုံးစွဲခွင့် အပေါ် သက်ရောက်မှု | |
| --- | --- |
| (၁) ရပ်ရွာသူရွာသားများသည် သဘာဝအရင်းအမြစ် သို့မဟုတ် သစ်တောများ ကို သုံးစွဲခွင့် ဆုံးရှုံးခဲ့ရပြီလား။<br>(၂) တောမီးလောင်တာမျိုးရှိခဲ့ပါသလား။<br>(၃) သစ်တောထဲမှာ မိုးခေါင်ရေရှားခြင်း သို့မဟုတ် မြေဆီလွှာ တိုက်စားခြင်းမျိုး ရှိခဲ့ပါသလား။<br>(၄) သစ်တောထဲ စိုက်ခင်းများတို့ချဲ့ခြင်း သို့မဟုတ် အခြားလုပ်ငန်းစီမံကိန်းတိုးချဲ့လာခြင်းမျိုးရှိခဲ့သလား။<br>(၅) အခြားအရာများ။ | |

| (၅) လေထုညစ်ညမ်းခြင်း | |
|---|---|
| (၁) သံယံဇာတတူးဖော်သည့်နေရာမှ မီးခိုးများ၊ ဓါတ်ငွေ့များထွက်လာတာရှိပါသလား။<br>(၂) ရွာသူရွာသားများအနေဖြင့် ထိုပြဿနာကို တစ်လလျှင် ဘယ်နှစ်ကြိမ်လောက် တွေ့ကြုံ ရလဲ။<br>(၃) အခိုးငွေ့တွေက ဘယ်ကလာသလဲ။<br>(၄) အခိုးငွေ့တွေကြောင့် ရွာသူရွာသားတွေ အသက်ရှူရခက်တာတွေကြုံရဖူးလား။<br>(၅) ရပ်ထဲရွာထဲမှာ စီမံကိန်းလုပ်ငန်းကြောင့် ဖုန်ထူထပ်တာတွေရှိလား။ (ဖုန်တွေက ဘယ်ကထွက်လာတာလဲ)။<br>(၆) လုပ်ငန်းခွင်က အသံဆူညံမှုတွေကြုံရလား။ ဘယ်လိုအချိန်တွေဆို ဆူညံတတ်လဲ။<br>(၇) အဲ့ဒီဆူညံသံတွေက ရွာသူရွာသားတွေကို ဘယ်လို သက်ရောက်မှုရှိလဲ။ | |

| (၆) လူမှုရေးထိခိုက်မှုများ | |
|---|---|
| အသက်မွေးဝမ်းကျောင်း (တိုက်ရိုက်နှင့် သွယ်ဝိုက်)<br>(၁) အလုပ်အကိုင်သို့မဟုတ်ဝင်ငွေဆုံးရှုံးမှုနှင့် ကြုံရသည့် ရွာသူရွာသားအရေအတွက်<br>(၂) အိမ်မြေးတိရိစ္ဆာန်ဆုံးရှုံးခဲ့ရသည့် အိမ်ထောင်စုအရေအတွက် (ဘယ်နှစ်ကောင်ဆုံးရှုံးခဲ့ရလဲ)။<br>(၃) ပစ္စည်းဥစ္စာဆုံးရှုံးခဲ့ရသည့် အိမ်ထောင်စုအရေအတွက်နှင့် ပစ္စည်းများ၏တန်ဖိုး။<br>(၄) သစ်တော၊ ရေ သို့မဟုတ် မြေ သို့မဟုတ် လမ်းပန်းဆက်သွယ်ရေး အသုံးပြုခွင့်ဆုံးရှုံးမှု။<br>(၅) အခြားအရာများ။ | ဒေသခံများ၏အသက်မွေးဝမ်းကျောင်း ထိခိုက်မှုများကို တတ်နိုင်သမျှအသေးစိတ်ရှင်းပြပါ။ မိသားစုဘယ်နှစ်စု၊ လူဘယ်နှစ်ယောက်ထိခိုက်သည် စသဖြင့်။ ဖြစ်နိုင်လျှင် ဆုံးရှုံးမှုတန်ဖိုးကိုလဲ တွက်ချက်မှတ်သားထားပါ။ |
| အသက်မွေးဝမ်းကျောင်းဆုံးရှုံးခြင်း၏ ထိခိုက်နစ်နာမှု<br>(၁) အသက်မွေးဝမ်းကျောင်းဆုံးရှုံးမှုရဲ့ နောက်ဆက်တွဲထိခိုက်တာ ဘာတွေတွေ့ရလဲ။<br>(၂) ဆင်းရဲတဲ့သူတွေ ပိုတိုးလာကြလား။<br>(၃) အဲ့လိုဖြစ်တာက ရွာသားတွေ နေရာရွှေ့ပြောင်းသွားတာ သို့မဟုတ် အခြားသောအခြေအနေကိုရောက်သွားစေတာမျိုး ဖြစ်စေခဲ့လား။<br>(၄) အသက်မွေးဝမ်းကျောင်းဆုံးရှုံးရတာတွေအတွက် လျော်ကြေးရတာတွေရှိလား။<br>(၅) အခြားအရာများ။ | |

| | |
|---|---|
| လူ့အခွင့်အရေးချိုးဖောက်မှုများ<br><br>ရပ်ရွာအသိုင်းအဝိုင်းက လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ကြုံဖူးပါသလား။<br><br>ဘယ်လို လူ့အခွင့်အရေး ချိုးဖောက်မှု တွေ ကြုံဖူးပါသလဲ။<br><br>(၁) အတင်းအဓမ္မလုပ်အားပေးခိုင်းစေခြင်း<br>(၂) ကလေးအလုပ်သမား<br>(၃) အတင်းအဓမ္မနှင်ထုတ်ခြင်း<br>(၄) ခြိမ်းခြောက်ခြင်း<br>(၅) အကြမ်းဖက်ခြင်း (အိမ်တွင်း အကြမ်းဖက်ခြင်းအပါအဝင်)<br>(၆)လိင်ပိုင်းဆိုင်ရာစော်ကားမှု၊နှောင့်ယှက်မှုများ<br>(၇) ခိုးမှု<br>(၈) လုယက်မှု<br>(၉) အခြားချိုးဖောက်မှုများ | ဖြစ်နိုင်လျှင် အသေးစိတ်အမျိုးအစားများဖြင့် ချိုးဖောက်ခံရသည့် အမှုအရေအတွက် သို့မဟုတ် ချိုးဖောက်ခံသူ အရေအတွက်ကို မှတ်သားထားပါ။ (အမျိုးသမီး၊ အမျိုးသားအစရှိသဖြင့်)<br><br>ဖြစ်ရပ်မှန်လေ့လာမှုများကိုလဲ မှတ်တမ်းတင်ထားဖို့ကောင်းပါလိမ့်မည်။ |
| လူ့အခွင့်အရေးချိုးဖောက်မှုများမှာ ပါဝင်ကျူးလွန်သူတွေက ဘယ်သူတွေလဲ။ | |

| | |
|---|---|
| အခြားလူမှုရေးနှင့်မိသားစုပြဿနာများ<br><br>(၁)ကွာရှင်းခြင်း၊ မိသားစုပြိုကွဲခြင်း<br>(၂) အိမ်တွင်းအကြမ်းဖက်မှု<br>(၃) လူမှုရေးအရအနိုင်ကျင့်အမြတ်ထုတ်ခြင်း<br>(၄) လိင်အလုပ်နှင့် အနိုင်ကျင့်အမြတ်ထုတ်ခြင်း<br>(၅) မူးယစ်ဆေးဝါး<br>(၆) အခြားအရာများ | အကယ်၍ညွှန်းကိန်းများ အကြောင်းအရင်းများရှိလျှင် ထိုအချက်အလက်အားလုံးကို မှတ်တမ်းတင်ထားသင့်ပါသည်။ |
| အခြားလူမှုရေးပြဿနာများ<br><br>(၁) မူးယစ်ဆေးသုံးစွဲခြင်း<br>(၂) ခိုးမှု<br>(၃) လုယက်မှု<br>(၄) ရာဇဝတ်ဂိုဏ်း၊အုပ်စုဖွဲ့ရာဇဝတ်မှု<br>(၅) လူမျိုးရေးပဋိပက္ခ<br>(၆) ရပ်ရွာပတ်ဝန်းကျင်တွင် လောင်းကစား၊ ကေတီဗီများ<br>(၇) လိင်ဖျော်ဖြေရေးလုပ်ငန်းများ<br>(၈) ရွှေ့ပြောင်းလုပ်သားများလာခြင်း (ထွက်သွားသူ၊ ဝင်ရောက်လာသူ)<br>(၉) အခြားအရာများ | |

| (၇) ကုမ္ပဏီ၊လုပ်ငန်းလည်ပတ်မှု၊ ကုန်သွယ်မှုကွင်းဆက်များ | |
|---|---|
| ထုတ်ယူမှုနှင့်ကုန်သွယ်မှုကွင်းဆက်များ<br><br>(၁) သံယံဇာတတွေတင်ဆောင်လာတဲ့ ထရပ်ကား ဘယ်နှစ်စီးလောက် ဖြတ်သန်း သွားပြီလဲ။<br>(၂) အဆိုပါထရပ်ကားတွေက ဘယ်လောက် ကြီးလဲ။<br>(၃) အဆိုပါကားတွေက ဘာသယံဇာတတွေ သယ်ကြတာလဲ။<br>(၄) ဘယ်နေရာကို သယ်ယူသွားကြတာလဲ။<br>(၅) အဆိုပါသယံဇာတတွေကို ဘယ်သူတွေ က သယ်ယူနေကြတာလဲ။<br>(၆) အခြားအရာများ | |
| ကုမ္ပဏီနှင့်အပြန်အလှန်ဆက်ဆံရေး<br><br>(၁) ရပ်ရွာအနေနဲ့ ကုမ္ပဏီကိုယ်စားလှယ်များ သို့မဟုတ် အာဏာပိုင်များနှင့် ထိတွေ့ ဆက်ဆံမှု များရှိခဲ့ပါသလား။ ဘယ်နှစ် ကြိမ်ရှိပြီလဲ။<br>(၂) ဘယ်လိုထိတွေ့ဆက်ဆံမှုမျိုးလဲ (တိုင်ပင်ဆွေးနွေးပွဲလား၊ အစည်းဝေး လား၊ ရိုးရိုးဆွေးနွေးပွဲလား အစရှိသဖြင့်)<br>(၃) အစည်းဝေးကို ဘယ်သူတွေ တတ်ရောက် ခဲ့ကြလဲ။<br>(၄) ခြိမ်းခြောက်တာတွေ၊ခြောက်လှန့်တာ တွေ ရှိခဲ့ဖူးလား။<br>(၅) ပြဿနာဖြေရှင်းခဲ့ဖူးတာ၊ နောက်အဆင့် တွေ သဘောတူတာတွေ ရှိခဲ့ဖူးလား။<br>(၆) အခြားအရာများ | |

# နောက်ဆက်တွဲ (၄) သတ္တုတူးဖော်ရေးအမျိုးအစားကွဲများ၏ အသေးစိတ်ထိခိုက်မှုများ

## ရွှေတူးဖော်ခြင်း

### ပြဒါးအသုံးပြုမှု

မြန်မာနိုင်ငံရှိ အသေးစား နှင့် လက်လုပ်လက်စားရွှေတူးဖော်ရေးလုပ်ငန်းများတွင် ပြဒါးကို ရွှေသတ္တုရိုင်းမြေစာများ ကြိုချက်ရာတွင် အသုံးများပါသည်။ ပြဒါးသည် လူ၏အာရုံကြောစနစ် ကို ပြင်းထန်စွာဆိုးကျိုးဖြစ်စေ သည့် အဆိပ်တစ်မျိုးဖြစ်ပြီး အထူးသဖြင့် ကလေးများနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးကို ဆိုးဝါးစွာထိခိုက်စေပါသည်။ ပြဒါးသည် ရေအရင်းအမြစ်များကို ညစ်ညမ်းစေပြီး ရေနေသတ္တဝါများထံ ဆင့်ကဲတိုးပွားလာကာ၊ အစာကွင်းဆက်မှတစ်ဆင့် ပြန့်ကျဲသွားနိုင်ပါသည်။ ဆိုလိုသည်မှာ ငါးကြီးများ၊ငှက်များနှင့်နို့တိုက်သတ္တဝါများအပြင် ၎င်းတို့ကိုစားသုံးသည့် လူများကို ဆိုးဝါးစွာ ထိခိုက်သက်ရောက်နိုင်ပါသည်။ ပြဒါးသည် မျိုချခြင်း သို့မဟုတ် ရှုသွင်းခြင်း (အသေးစား နှင့် လက်လုပ်လက်စား ရွှေတူးဖော်ရေးလုပ်ငန်းများတွင် အများအားဖြင့်အမျိုးသမီးများမှ ၎င်းတို့အိမ်တွင် ရွှေချက်ချိန်တွင် ပြဒါးကို အပူပေးကာ အသုံးပြုရာမှ အငွေ့ရှူမိခြင်း) မှတဆင့် ခန္ဓာကိုယ်ထဲကိုရောက်လာနိုင်ပါသည်။

သတိပြုသင့်သည့် ပြဒါးအဆိပ်သင့်ခြင်း၏ထိခိုက်မှုအချို့မှာ

- **အာရုံကြောဆိုင်ရာပြဿနာများနှင့် လက္ခဏာများ**
    - တုန်ရင်ခြင်းများ (အထူးသဖြင့် လက်၊လက်ချောင်းများနှင့်မျက်ခွံ့များ)
    - အိပ်မပျော်ခြင်း (insomnia)
    - မှတ်ဉာဏ်ဆုံးရှုံးခြင်း
    - အသိအမြင်၊လှုပ်ရှားမှု ချို့ယွင်းမှုများ (ဥပမာ- စာရေးခြင်း၊ကြယ်သီးတပ်ခြင်း သို့မဟုတ် အရာဝတ္ထုအသေးစားများ ဆုပ်ကိုင်ခြင်း စသည်တို့

လုပ်ဆောင်ရန်ခက်ခဲလာခြင်း)
- အမြင်အာရုံ သို့မဟုတ် အကြားအာရုံ ချို့ယွင်းခြင်းများ
- စိတ်ခံစားမှုမတည်ငြိမ်ခြင်း နှင့် စိတ်ပြောင်းလွယ်ခြင်း

- **ကိုယ်ခန္ဓာထိခိုက်မှုများနှင့်လက္ခဏာများ**
  - ကျောက်ကပ်နာခြင်း၊ပျက်စီးခြင်း
  - အရေပြားပြဿနာများ၊ ယားယံဖုများ
  - အော့အန်ခြင်း သို့မဟုတ် ဗိုက်အောင့်ခြင်း စသည့် အစာအိမ်ပြဿနာများ
  - ရောင်ရမ်းခြင်း
  - အသက်ရှူခက်ခဲခြင်း၊ ချောင်းဆိုးခြင်း သို့မဟုတ် အဆုတ်ရောင်ခြင်း စသည့် အသက်ရှူလမ်းကြောင်းပြဿနာများ
  - ဆံပင်၊လက်သည်းများ ကျွတ်ခြင်း
  - ကိုယ်ဝန်ပျက်ခြင်း သို့မဟုတ် ကလေးဖွံ့ဖြိုးမှုပြဿနာများ
  - ကိုယ်အလေးချိန်ကျခြင်း
  - သွေးလည်ပတ်မှုမကောင်းခြင်း

- **ပတ်ဝန်းကျင်ထိခိုက်မှုများ**
  - ရေထုများညစ်ညမ်းလာမှု (ပြဒါးကို အများအားဖြင့် မြစ်ကြမ်းပြင်တွင် တွေ့ရှိပြီး တစ်ခါတစ်ရံတွင် ရေ၏အရောင်ကိုပြောင်းလာသည်ကိုကြည့်ခြင်းဖြင့်လဲသိနိုင်ပါသည် (ရေသည် အဝါရောင်/အညိုရောင် သို့မဟုတ် မကြည်မလင် ဖြစ်လာသည်)။
  - ငါးအကောင်ရေများကျဆင်းလာခြင်းနှင့် မျိုးပွားနှုန်းနှေးလာခြင်း
  - ငါးများရေမျက်နှာပြင်ပေါ်တွင်ကူးခတ်နေခြင်း သို့မဟုတ် ဝိုင်းပတ်ကူးခတ်နေခြင်း စသည့် ပုံမှန်မဟုတ်သည့် ငါးအမူအကျင့်များ
  - ငါးအရွယ်အစားသေးငယ်လာခြင်း
  - ငါးကိုအမှီပြုနေသည့် သတ္တဝါများ ပျောက်ဆုံး၊လျော့နည်းလာခြင်း
  - ပြဒါးအဆိပ်သင့်သည့်နေရာတွင် သစ်ပင်နှင့်အပင်များ ကြီးထွားမှုနှောင့်နှေးခြင်း
  - သံချေးကဲ့သို့ သတ္တုနံ့များ နံခြင်း

## ကျောက်မီးသွေးတူးဖော်ခြင်း

တွင်းဖွင့်ကျောက်မီးသွေးတူးဖော်ရေးသည် ဆိုးဝါးသည့် ကျန်းမာရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများဖြစ်စေနိုင်ပါသည်။ ကျောက်မီးသွေးတွင် ပြဒါး၊ခဲ၊ အာဆင်းနစ်နှင့်ကယ်ဒမီယံ အပါအဝင် သတ္တုတွင်းမှရေများ၊အညစ်အကြေးများနှင့် အတူ ပါလာတတ်သည့် သတ္တုအဆိပ်များ ပါဝင်ပါသည်။ ၎င်းတို့သည် ကျန်းမာရေးနှင့်သဘာဝပတ်ဝန်းကျင်ကို ဆိုးဝါးစွာ ထိခိုက်စေနိုင်ပါသည်။ ကျောက်မီးသွေးတွင်းမှ မီးခိုးများနှင့် အညစ်အကြေးများသည် အနီးအနားရပ်ရွာပြည်သူများကို ဆိုးဝါးသည့် အသက်ရှူလမ်းကြောင်းပြဿနာများ ဖြစ်စေနိုင်ပြီး၊ သတ္တုအဆိပ်သင့်ခြင်းလည်းဖြစ်စေနိုင်ပါသည်။ အက်ဆစ်တွင်းယိုဖိတ်ခြင်း (Acid Mine Drainage) သည် ကျောက်မီးသွေးတွင်းများတဝိုက် အဖြစ်များသည့် "သတ္တုဓါတ်ပြုဖြစ်စဉ်"တစ်ခုဖြစ်ပြီး နောက်ဆုံးမှာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကိုဖြစ်စေနိုင်ပါသည်။

သတိပြုသင့်သည့်ထိခိုက်မှုအချို့မှာ

- **ခဲ၊ပြဒါး၊အာဆင်းနစ်နှင့်ကယ်ဒမီယံ အဆိပ်သင့်ခြင်း**
  - အာရုံကြောဆိုင်ရာထိခိုက်မှုများ (တုန်ယင်ခြင်း၊မှတ်ဉာဏ်ဆုံးရှုံးခြင်း၊ သိမြင်မှုပြဿနာများ၊ခေါင်းကိုက်ဝေဒနာ၊အမြင်အာရုံဆုံးရှုံးခြင်း၊စိတ်ခံစားမှုမငြိမ်သက်ခြင်း စသဖြင့်)
  - အရေပြားအဖုထခြင်းများ၊အစက်အပြောက်များ
  - အော့အန်ခြင်း၊ဗိုက်နာခြင်းကဲ့သို့ အစာအိမ်ပြဿနာများ
  - ကျောက်ကပ်နာခြင်း၊ ပျက်စီးခြင်း
  - ကိုယ်ဝန်ပျက်ကျခြင်း၊သန္ဓေသားဖွံ့ဖြိုးမှုပြဿနာများ
  - သွေးလည်ပတ်မှုမကောင်းခြင်း
  - ဉာဏ်လက္ခဏာများသည် ကလေးငယ်များတွင် ပိုမိုဖြစ်စေနိုင်ပါသည်။

- **မိုင်းတွင်းစွန့်ပစ်မြေစာပုံမီးလောင်မှု နှင့်အမှုန်အမွှားများကြောင့် လေထု ညစ်ညမ်းခြင်း**
  - ပန်းနာရင်ကျပ်နှင့်ချောင်းဆိုးရင်ကျပ်နာ အပါအဝင် အသက်ရှုလမ်းကြောင်း ဆိုင်ရာ ပြဿနာများ။
  - အဆုတ်ကင်ဆာဖြစ်ပွားမှုများလာခြင်း
  - သွေးတိုး၊ နှလုံးရောဂါ၊လေဖြတ်ခြင်းစသည့် သွေးလည်ပတ်မှုဆိုင်ရာ ပြဿနာများ ပို၍ဖြစ်လာခြင်း
  - ကျောက်မီးသွေးမီးလောင်မှုကြောင့် အနံ့ဆိုးများနှင့်ကျိန်းစပ်ယားယံ ခြင်းများ

## မြေရှားသတ္တုတူးဖော်ခြင်း

မြေရှားသတ္တုတူးဖော်ခြင်းသည် အနီးပတ်ဝန်းကျင်ရပ်ရွာများနှင့် သဘာဝပတ်ဝန်း ကျင်အတွက် အန္တရာယ်များပါသည်။ မြေရှားသတ္တုတူးဖော်ခြင်းသည် သိုရီယမ်၊ ယူရေနီယံနှင့်အခြား ရေဒီယိုသတ္တုကြွ ဒြပ်စင်များပါဝင်သော ဖုန်မှုန့်များနှင့် အမှုန် အမွှားကို ထုတ်လွှင့်စေနိုင်ပါသည်။ ထိုသို့ဒြပ်စင်များနှင့် ထိတွေ့မိပါက ပတ်ဝန်းကျင် နှင့် ပတ်ဝန်းကျင်ဂေဟစနစ်များကို ရေဒီယိုသတ္တိကြွ ညစ်ညမ်းစေနိုင်ပြီး၊ အလုပ်သမားများနှင့် အနီးအနားရပ်ရွာလူထုအပေါ် ကင်ဆာ၊ မျိုးရိုးဗီဇပြောင်းလဲမှု များ၊ အာရုံကြော ဆိုင်ရာချို့ယွင်းမှုများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာ များကဲ့သို့သော ဆိုးရွားသော ကျန်းမာရေးဆိုင်ရာ ထိခိုက်သက်ရောက်မှုများ ဖြစ်ပေါ် စေနိုင်ပါသည်။ မြေရှားသတ္တုတူးဖော်ခြင်းသည် ရေအရင်းအမြစ်များ ညစ်ညမ်းခြင်း နှင့် ရေနေသတ္တဝါများကို အန္တရာယ်ရှိသော သတ္တုအဆိပ်သင့်ခြင်း၊ အက်စစ်ဓာတ် ပစ္စည်းများနှင့် ရေဒီယိုသတ္တိကြွပစ္စည်းများ အဆိပ်သင့်ခြင်းကဲ့သို့သော သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများ ဖြစ်ပေါ်စေနိုင်သည်။ ထို့အပြင်၊ မြေရှားသတ္တုတူး ဖော်ခြင်းသည် တောင်များနှင့် မြစ်များပျက်စီးခြင်းကဲ့သို့သော ပတ်ဝန်းကျင်မြေယာ ရှုခင်းများအပေါ် ကြီးမားသော ထိခိုက် သက်ရောက်မှုများ ရှိနိုင်သည်။

## ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများ

- သတ္တုအဆိပ်များနှင့် ရေဒီယိုသတ္တိကြွဒြပ်စင်များ ပါဝင်သော အန္တရာယ်ရှိသော ဖုန်မှုန့်များနှင့် အမှုန်အမွှားများကို စွန့်ထုတ်ခြင်းကြောင့် ဖြစ်ပေါ်စေသော အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများ၊ အသက်ရှူရန်ခက်ခဲခြင်းများဖြစ်စေခြင်း။ ကြာရှည်စွာ ထိတွေ့ခြင်းက အဆုတ်ကင်ဆာ၊ ဆီလီဆစ်ရောဂါ (silicosis)နှင့် အခြားသော အဆုတ်ပြဿနာများကို ဖြစ်စေနိုင်ပါသည်။
- မြေရှားသတ္တုများ၊ ဓာတုပစ္စည်းများနှင့် ထိတွေ့ခြင်းကြောင့် အရေပြားနှင့် မျက်လုံးယားယံခြင်းကဲ့သို့သော အဖုများနှင့် ယားယံခြင်းများ။
- ရေဒီယိုသတ္တိကြွညစ်ညမ်းမှုသည် အလုပ်သမားများနှင့် အနီးအနားရပ်ရွာများအတွက် ကျန်းမာရေးအန္တရာယ်များ ဖြစ်ပေါ်စေနိုင်ပြီး၊ ၎င်းတို့တွင် ကင်ဆာ သို့မဟုတ် မျိုးရိုးဗီဇ ပြောင်းလဲမှုရောဂါများ ပါဝင်သည်။
- သတ္တုအဆိပ်များနှင့် ထိတွေ့ခြင်းကြောင့် ဖြစ်ပေါ်လာသော အာရုံကြောဆိုင်ရာ ပြဿနာများ။ ၎င်းတွင် စိတ်ပြောင်းလွယ်ခြင်း၊ တုန်လှုပ်ခြင်း၊ မှတ်ဉာဏ်ဆုံးရှုံးခြင်း၊ ခေါင်းကိုက်ခြင်း၊ အာရုံခံမှု ဆုံးရှုံးခြင်း၊ ဦးနှောက်နှင့် အာရုံကြောချို့ယွင်းခြင်း စသည်တို့ ပါဝင်သည်။
- ဝမ်းပျက်ဝမ်းလျှောနှင့် အစာအိမ် အူလမ်းကြောင်းဆိုင်ရာ ပြဿနာများကဲ့သို့ ရေကြောင့် ဖြစ်သော ရောဂါများ။

## သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ

- မြေဆီလွှာနှင့်အပင်များကိုဖယ်ရှားခြင်းကြောင့် မြေဆီလွှာနှင့်ပေါက်ရောက်သစ်ပင်များ ပျက်စီးဆုံးရှုံးခြင်းနှင့်အတူ မြေဆီလွှာကောင်းများဆုံးရှုံးပျက်စီးခြင်း၊ ဒေသဂေဟစနစ်ကို နှောင့်ယှက်ဖျက်ဆီးခြင်းနှင့် ပတ်ဝန်းကျင်ဇီဝမျိုးကွဲများကိုထိခိုက်ခြင်းများ ဖြစ်ပေါ်စေခြင်း။
- ဓာတုဗေဒပစ္စည်း ယိုဖိတ်မှု၊ ယိုစိမ့်မှုနှင့် ကောင်းမွန်သည့်ရေဆိုးသန့်စင်မှု မရှိခြင်းကြောင့် ဖြစ်ပေါ်လာသော ရေထုညစ်ညမ်းမှုသည် မြစ်များ၊ အင်းအိုင်

များနှင့် မြေအောက်ရေများကို ညစ်ညမ်းစေကာ ရေနေဂေဟစနစ်ကို ထိခိုက်စေပြီး ရပ်ရွာအသိုင်းအဝိုင်းများအတွက် သန့်ရှင်းသောရေ ရရှိနိုင်မှုကို ထိခိုက်စေခြင်း။

- သစ်တောပြုန်းတီးခြင်း၊ နေထိုင်ရာစားကျက်များ ပျက်စီးခြင်းနှင့် တောရိုင်းတိရစ္ဆာန်စင်္ကြံများ ပျက်စီးပြတ်တောက်ခြင်းတို့ကြောင့် အပင်နှင့် တိရစ္ဆာန်မျိုးစိတ်များ ရွှေ့ပြောင်းသွားခြင်းနှင့် ဆုံးရှုံးခြင်းတို့ကို ဖြစ်စေခြင်း။
- ရေတွင်းအက်ဆစ်ဓါတ်ပြုဖြစ်ပေါ်ခြင်း (acid mine drainage) – မျက်နှာပြင်ရေ၊ မြေဆီလွှာနှင့် မြေအောက်ရေကို ညစ်ညမ်းစေပြီး၊ pH မျှတမှုကို ထိခိုက်စေကာ ရေနေသတ္တဝါများနှင့် ဂေဟစနစ်ကို အန္တရာယ်ဖြစ်စေနိုင်သည်။
- သတ္တုအဆိပ်သင့်ခြင်း – အစာကွင်းဆက်ဇီဝကမ္မဖြစ်စဉ်အရ အထူးသဖြင့် သားကောင်ငါးကြီးများနှင့် တိရစ္ဆာန်များတွင် သတ္တုအဆိပ်များသည် စုပုံလာသည်။ ၎င်းတို့တွင် အကောင်ရေကျဆင်းခြင်းနှင့် အာရုံကြောဆိုင်ရာ ချို့ယွင်းခြင်းများ ဖြစ်ပေါ်နိုင်သည်။
- အက်ဆစ်ဓါတ်နှင့်အဆိပ်သင့်စွန့်ပစ်ရေဆိုးများ – စနစ်တကျမစီမံပဲ မြစ်များအတွင်းသို့ ဆိုးရွားစွာ စွန့်ပစ်ပါက ငါးနှင့် ရေနေမျိုးစိတ်များ သေဆုံးနိုင်ပြီး၊ မြေဆီလွှာသို့ စိမ့်ဝင်နိုင်ကာ မြေဆီလွှာ အရည်အသွေးကို ထိခိုက်နိုင်ပြီး အပင်နှင့် သီးနှံများ ကြီးထွားမှု လျော့နည်းစေ ပါသည်။

earthrights.org

EarthRights International